
www.burmeseclassic.com

# ချစ်ဦးညို

သာဂလဒေဝီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၀၂၇၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၁၀၄၄၀၅၀၉

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ (၂၀၀၅ စက်တင်ဘာလ)
အုပ်ရေ ။ (၅၀၀)

မျက်နှာဖုံး ။ မိုးအောင်
ကွန်ပျူတာစာစီ ။ *Quality*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင်(မိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ) (၀၃၉၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ။ ၀၀၀ – ကျပ်

BURMESE CLASSIC .com

# သာဂလ ဒေဝီ

အင်းယှဉ်သလွန် နေရာမှန်၌ ရေးဟန်နေကြ။ မတော်စွမ်းရှင့် ယောင်ယမ်းဆိုက နေရာမှလျှပ် နတ်ရှင်သာနယ် မြေဝယ်ဆင်းသက် အိမ်တော်ရှေသာ သဘောသကာနှံ ဖြစ်ပေါ်နိုင်ကို ယောဝန်ရောင်လောင်း သေရွှေကျောင်း၌ အပေါင်းသယ်။ အမိုယာအား ဟာဂါတော်ဖြစ် ရှင်တစ်ယောက်ကို မင်ရောက်နိုင်မှ သဲဝေမှအောင် အမှုဆောင် ကိုယ်တော်ဝင်လျှင် ကာလ်ကာလ ကာမင်္ဂလာ တလှာရွှေ၌ ပလေပတာ မဟုပတော် သင့်မလျော်အောင် နဝါနှည်း ဖြစ် မူသည်တု ရည်ရွယ်လှုပ်လျှုး။ တရားသောအ် ပွဲကြီးဝင်သည်။ ကျွတ် တစ်ခန်းတစ်နယ်တည်း

မုံရွေးဆရာတော် ရှင်အာဒိစ္စရံသီ

**အတိတ်ဘဝပဋိပက္ခ**

တစ်ဆိတ်တော့ လွှန်လွှန်းပြီ ထင်တယ်။

အစ်ကိုဖြစ်သူကို ချစ်လွန်းလို့ အစ်ကို အိမ်ထောင်ရက်သားကျတာ တောင်မှ သူနဲ့ပဲ လိုက်ပါနေထိုင်ခဲ့သူပါ။ အစ်ကို့ဇနီး ဖြစ်သူကိုလည်း မရီးပေမယ့် အစ်ကိုနဲ့မခြား တစ်သားတည်းထားပြီး အစ်မသဖွယ် သဘောထားခဲ့သူပါ။

သို့ပေမယ့် အခုဒီ မရီးတော်က နေရာတကာ တွင်ကျယ်ချင်လှတယ်။

တစ်အိမ်လုံးမှာ သူ့ခြေသူ့လက်၊ မိန်းမပီပီ ချက်ရေးပြုတ်ရေး အိမ်ထောင်မှု သိမ်းဆည်းလုပ်ကျွေးရေး နယ်ပယ်ထဲမှာပဲနေ တော်ရောပေါ့။ အစ်ကိုတို့ နှီးမောင်နှံဆီ လိုက်ပါနေထိုင်မယ် ပြောတုန်းက အစ်ကို ပြောခဲ့တာရှိ။

**Quality Publishing House**

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီရဲ့။ မင်းမှာလည်း အရွယ်ရောက် လူလားမြောက်ပြီးပဲကွယ့်။ အလုပ်နဲ့အကိုင်နဲ့ ဖြစ်နေပြီပဲ။ ကိုယ်ချစ်တဲ့ ခင်တဲ့သူ ရှာပြီး တစ်အိုးတစ်အိမ် ထူထောင်လိုက်ရောပေါ့။ အိမ်ထောင်ဦးအတွက် မင်း လိုအပ်တာတွေကို အစ်ကို ဖြည့်ဆည်းပေးမှာပေါ့"

အစ်ကိုက ဒီလိုပြောနေချိန်မှာ သူ့ဇနီး ကိုယ့်မရီးကတော့ သူတို့ အိမ်ဟောဟာ အသစ်ဆီ ရွှေ့ပြောင်းဖို့ အထုပ်အပိုးတွေ ပြင်ဆင်လေရဲ့၊ အစ်ကို့စကားနားထဲမှာ အဝင်မချောတာကြောင့် ပြန်ပြောလိုက်တယ်။

"အစ်ကိုက ဘာလဲ၊ ညီအစ်ကိုနှစ်ယောက် တတွဲတွဲ မခွဲ ကာလရှည်ကြာ နေလာခဲ့ပြီးမှ အခုမှ အစ်ကိုက ဇနီးမယားနဲ့ လွတ်လွတ်ကျွတ်ကျွတ် နေချင်ပြီလား။ ညီကို ထားခဲ့တော့မှာလား။ အစ်ကိုတို့ နှစ်ဦးအကြားမှာ ညီက ရှုပ်နေမှာ စိုးလို့လား"

အစ်ကိုက ပျာပျာသလဲနဲ့ –

"ဟာ ... မဟုတ်ပါဘူး ညီလေးရာ ... အဲဒီလို မထင်လိုက်ပါနဲ့ ... ညီအတွက် ပြောတာပါ ... ရိုန်တန်ရွယ်ရောက်လျှင် သီးတန်သီး ပွင့်တန်ပွင့်"

"အဲဒါတွေ ညီ နားလည်ပြီးသားပါ။ ပြောမနေပါနဲ့ အစ်ကို၊ ညီက ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူး ဆုံးဖြတ်ထားပြီးသား"

"ကိုင်း ... ဒါဖြင့် ညီ ဘာလုပ်ချင်သလဲ ပြော၊ ဘာဖြစ်ချင်သလဲ ပြော"

"ညီ ဖြစ်ချင်တာလား၊ အစ်ကိုတို့နဲ့ လိုက်နေမယ်လေ။ ညီအစ်ကိုနှစ်ယောက် ရှိရာမှာ အစ်ကိုဖြစ်သူ အိမ်ထောင်ပြုလိုက်လို့ တကွဲတပြားစီ ဖြစ်သွားတာမျိုး ညီ လက်မခံနိုင်ဘူး" စူးစူး ကြည့်လိုက်တဲ့ အစ်ကို့မျက်လုံးတွေမှာ အမိပွာယ်တွေ အများကြီး တရိပ်ရိပ် ဖြတ်သွားပုံ။

ကြိုးစားပြုံးရင်း ဆက်ပြောလိုက်ရတယ်။

"ငါ့အစ်ကိုရဲ့ မေတ္တာတွေကို ငါ့ဆီက ခွဲခြမ်းခွဲဝေယူသွားပြီဆိုပြီး အစ်ကို့ ဇနီးအပေါ် ညီ မနာလို သဝန်တို မဖြစ်ပါဘူး။ အစ်ကို စိတ်ချပါ။ အစ်ကို့ဇနီးဟာ ညီ့ရဲ့အစ်မကြီးပါပဲ။ ညီပြောနေတာက အစ်ကိုတို့နဲ့ ညီ လိုက်နေမယ်။ အရင်လိုပဲ ညီအစ်ကိုနှစ်ယောက် တိုင်တိုင်ပင်ပင် နီးနီးကပ်ကပ်နေမယ်။ အို ... အစ်ကို့အိမ်မှာ အစ်ကို့ စိတ်တိုင်းကျ အစ်ကို့မိန်းမ စိတ်တိုင်းကျ ညီနေပေါ့မယ်။ ညီ သိတာ တစ်ခုတည်း၊ အစ်ကိုနဲ့ မခွဲနိုင်ဘူး။ ဒါပဲလေ"

"ငါ့ညီရယ်" လို့ အစ်ကို ကတုန်ကယင်ကြီး ရေရွတ်ရင်းနဲ့ တင်းကျပ်စွာ ပွေ့ဖက်လာတယ်။ ဒါဟာ အစ်ကို့ရဲ့ သဘောတူခြင်း အဖြေပဲပေါ့။

ဒီလိုနဲ့ပဲ၊ အစ်ကိုတို့နဲ့ လိုက်ပါနေထိုင်ခဲ့တယ်။





တရားဏာသီ တစ်မြို့လုံးကတော့ ဒီညီအစ်ကို သံယောဇဉ်မျိုးက ရှားမှ ရှားလို့ ပြောကြလေရဲ့။ ဒါပေမယ့် –

အစ်ကို့အပေါ် ခင်တွယ်လွန်းတဲ့ စိတ်ကြောင့် အစ်ကို့ဇနီးကို ဣဿာမစ္ဆရိယတွေ ဝင်နေမလားလို့ ကိုယ့်ကိုယ်ကို စစ်ဆေးမိပါတယ်။ မဟုတ်ပါဘူး၊ ကိုယ့်အစ်ကိုကြီးအပေါ် ချစ်ခင်ကြင်နာပြီး အိမ်ရှင်မကောင်း ပီသတဲ့ မိန်းမ တစ်ယောက်ကို ဘာမှ မနာလိုတိုရှည် ဖြစ်စရာ မရှိပါဘူး။ ဒါပေမယ့် –

မရီးဟာ တစ်ဆိတ် နေရာတကာ သူ့ခြေသူ့လက် ရှိလွန်းလှတယ်လို့ပဲ ပြောလိုက်ချင်တယ်။ သဘောမနောကောင်းတဲ့ အစ်ကို့အပေါ် သူ လွှမ်းမိုးခြယ်လှယ်တာလို့လည်း မပြောလိုပါဘူး။ အစ်ကို စိတ်အနှောင့်အယှက် ဖြစ်မယ့် ကိစ္စမျိုး သူ ဘာမှ မလုပ်ပါဘူး။ ဒါပေမယ့် –

အို ... ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ အစ်ကို့ရဲ့ မေတ္တာတွေကလည်း ကိုယ့်အပေါ် လျော့ပါးအေးစက်သွားတာ မဟုတ်။ မယားမှ မယား ဆိုပြီး ညီဖြစ်သူအပေါ် စိမ်းကားသွေ့ခြောက်သွားတာမျိုး အစ်ကို့မှာ လုံးဝ မရှိလေဘူး။

အစ်ကိုနဲ့ ပတ်သက်လို့ကော၊ မရီးနဲ့ပတ်သက်လို့ပါ အထွေအထူး မကျေနပ်တာရယ်လို့ မရှိ၊ ပြဿနာ ကင်းရှင်းတဲ့ အိမ်ထောင်စုလေးတစ်ခု၊ သို့သော်မယ့် သူ ... သူ တွင်ကျယ်လိုက်ပုံများကတော့ မီးဖိုချောင်ထဲသာမက ညေ့်ခန်းရော၊ အိမ်ပိုင်းကိုရောပါ ကျော်လွန်ပြီး ရပ်ထဲ ရွာထဲ မြို့ထဲ အသိုက်အဝန်းအထိ နေရာတကာ သူ့ခြေ သူ့လက် အင်းဟင် ... ဒါကိုပဲ ကိုယ်က မရှုဆိတ် ဖြစ်နေတာလား ... ဘယ်လိုပါဘိတော့ ပြဿနာလုပ်ပြီး အပြစ်ဆိုရအောင်ကလည်း မရီးမှာ ဘာတစ်ခု အမှားမရှိ။

အို ... လောကကြီးမှာ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ဘာမှ မပူပန်ရပေမယ့် ကိုယ့်မှာ 'အဖြစ်' မရှိဘူးလို့ အထင်ခံရတာ တစ်ခုက အတော်ဆိုးဝါးလားနော်၊ ဘယ်နေရာမှာမှ အစွမ်းအစ ပြခွင့်မရှိ၊ အဲ ... အစွမ်းအစကော ကိုယ့်မှာရှိမှ ရှိသေးရဲ့လား မသိ၊ သက်သောင့်သက်သာ ငြိမ်းငြိမ်းအေးအေး နေရတဲ့ ဘဝထဲမှာ ဘာကိုလိုချင်မှန်း မသိ၊ လိုချင်နေတယ်။

နေဦး ... ဘာကို လိုချင်မှန်းမသိ ... မဟုတ်သေးဘူး သိတယ်၊ သိတယ် ကိုယ်လိုချင်တာက ကိုယ့်ရဲ့ ပုဂ္ဂလိက အခန်းကဏ္ဍလေးတစ်ခုပေါ့ ဟုတ်တယ်။ ယောကျာ်းတစ်ယောက်ဖြစ်ပြီး 'ငါကွ' ရယ်လို့ ဘာတစ်ခုမှ အစွမ်းအစ မပြနိုင်တဲ့ဘဝ၊ ဘယ်ပြနိုင်မလဲ မရီးတော်က ဘာမှ လိုလေသေးမရှိအောင် အစစခပ်သိမ်း သူချည်း ဒိုင်ခံလုပ်နေတာကိုး ...။



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဘူး ... သင်းကို မကျေနပ်ပါဘူး။ သင်းကို အရွဲ့တိုက်ချင်တယ်၊ သင်းနဲ့ ကန့်လန့်ဖြတ် ကဏ္ဍကောစ ဖြစ်ချင်တယ်။ ဒါပေမယ့် သင်းမှာတလည်း ဘာအပြစ်မှ မရှိ၊ ခက်လိုက်ပါဘိတော့တယ်နော်။

ဟင်း ... အခွင့်အရေးဆိုတာ တစ်ချိန်မဟုတ် တစ်ချိန် ကြုံလာရတာပါပဲ။ သင့်ကို အရွဲ့တိုက်ချင်တာ၊ ကဏ္ဍကောစ လုပ်ချင်တာ ဘယ်လိုမှ အခွင့်မသာဖြစ်နေရာကနေ တစ်နေ့တော့ အချက်ပေါ်လာတယ်လေ။ သူ့ အလိုလို ပေါ်ပေါက်လာတာ ဘယ်လောက် အဆင်ပြေသလဲ။

အဲဒီနေ့က အစ်ကိုကို မခေါ်တော့ဘဲ တောထဲကို တစ်ယောက်တည်းပဲ "တောတက်" သွားခဲ့တယ်။ ထင်းခွေပြီး ပြန်လာတော့ အစ်ကိုက ဈေးရုံဘက် ထွက်သွားလို့ အိမ်မှာ မရှိးပဲ ကျန်ခဲ့တယ်။

ထင်းခွေလာရလို့ ဝမ်းဗိုက် တကြွတ်ကြွတ် မြည်နေပြီ။ မနက် မထွက်ခင်ကတည်းက မရီးဟာ အင်မတန် အရသာရှိလှတဲ့ မုန့်သုံးချပ်လုပ်နေတာ သိသပေါ့။ အစ်ကို့အတွက် ကိုယ့်အတွက် သူ့အတွက် တစ်ယောက် တစ်ချပ် အညီအမျှ။

ထင်းစည်းတွေကို စားဖိုဆောင်ဘေးမှာ ချထားပြီးတာနဲ့ မုန့်ကို အားပါးတရ လွေးဖို့ အထဲဝင်လာလိုက်တော့ မရီးက –

"တွေ့လိုက်လား ... ငါ့မောင်၊ သိပ်ကြည်ညိုစရာ ကောင်းတာပဲ"

"ဘာလဲ ဘာကို တွေ့လိုက်ရမှာလဲ"

"ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးလေ ... အစ်မ မုန့်လှူလိုက်တယ်"

"ကောင်းတာပေါ့ဗျာ ... ကိုင်း ... ကျုပ် မုန့်လည်း ပေးပါဦး။ ဆာလှန်းလို့ အူထဲမှာ လှိုင်းထနေပြီ"

"အဲဒါ ပြောမလို့ ငါ့မောင်ရဲ့။ ရှင်ပစ္စေက ဗုဒ္ဓါကို လှူလိုက်တဲ့ မုန့်ဟာ ငါ့မောင်အတွက် ဖယ်ထားတဲ့ မုန့်ပဲ။ ငါ့မောင် ရည်စူးမှန်းရွယ်ပြီး ကြည်ညိုပေတော့။ သဒ္ဓါစိတ်လေးနဲ့ သာဓုခေါ်ပေတော့"

"ဟုတ်ပါပြီလေ ... ကျုပ်မုန့် လှူလိုက်လည်း ရပါတယ်။ အစ်မတို့ အစ်ကိုတို့ မုန့်ထဲကသာ ကျုပ်ကို မျှပါတော့ ဆာလှပြီ"

"နေဦးကွယ်၊ အခု အစ်မက ငါ့မောင်ဖို့ မုန့်အသစ်လုပ်ပေးမလို့၊ အခုပဲ မုန့်ညက်နဲ့ ပျားရည်နဲ့ ဖျောပြီးနယ်"

"မုန့်အသစ်ထားပါဗျာ။ အစ်မတို့ မုန့်ပဲပေးပါ"

"ဟို ... အစ်မတို့ မုန့်က စားပစ်လိုက်ကြပြီကွယ်။ ငါ့မောင်အစ်ကိုလည်း သူ့မုန့်သူ စားသွားပြီ။ ဒါကြောင့် အခု အစ်မက ..."

"ဘာ ... ဗျ"





ဒေါသ်အောင်လိုက်တဲ့ အသံက နတ်ကနေ လွင့်လွင့်စင်စင် ထောက်ထွက်သွားတယ်။ ကိုယ့်ကိုယ်ကိုတောင် မသိလိုက်ဘူး။ မရီး မျက်လုံးတွေ ပိုင်းသွားတယ်။

"ကိုယ့်ဝေစုကိုယ် မလှူဘဲ ကျုပ်မုန့်ကိုမှ လှူလိုက်သတဲ့လား။ ဒီမှာတောတက် ပြန်လာတာဗျ။ ဘယ့်နှယ့် ကိုယ့်အစုကျ ကိုယ်ကဲ့နဲ့အောင် စားပြီးကျုပ်ဝေစုကို လှူသတဲ့။ ပြီးတော့ မုန့်အသစ်လုပ်မလို့တဲ့။ ခင်ဗျားကြီး မုန့်ကျုပ်က ဘာလုပ်ရမှာတုန်း"

"ဟို ... ဟို ငါ့မောင်ရယ်၊ ရှင်ပစ္စေဗုဒ္ဓါတစ်ပါးမို့ ..."

"ဘာ ... ရှင်ပစ္စေက ဗုဒ္ဓါလဲ၊ ဘယ်မှာလဲ၊ အဲဒီကိုယ်တော်"

"မြို့ဝိုင်း ... တစ်ဝိုင်း နှစ်ဝိုင်းကျော်လောက်ပဲ ရှိဦးမှာပေါ့ကွယ်"

မရီးရှေ့ကနေ ဝုန်းခနဲ လှည့်ထွက်ခဲ့တယ်။ ခေါင်းရင်းဘက် အိမ်မြို့ဝိုင်း၊ နောက်တစ်မြို့ဝိုင်း၊ နောက်တစ်မြို့ဝိုင်း ... တွေ့ပါပြီ။ သပိတ်ပိုက်ပြီး လှမ်းနေတဲ့ ရှင်ပစ္စေကဗုဒ္ဓါ။

မပြေးရုံတမယ် ခြေလှမ်းတွေနဲ့ သူ့ကို အမီလိုက် ကျော်တက်ပြီး ရှေ့ပိတ်ရပ်လိုက်တယ်။

"သပိတ် ဖွင့်ပါဦး အရှင်ဘုရားရဲ့ ..."

ရှင်ပစ္စေကဗုဒ္ဓါက သပိတ်ဖုံးကို ဖွင့်တယ် တွေ့ပါပြီ အထဲမှာ။ ဆွမ်းတွေ အပေါ်က မုန့်တစ်ချပ်၊ အဲဒါ ကိုယ့်မုန့်ပေါ့။

ဘာမှ အထွေအထူး ပြောမနေတော့ဘူးလေ။ မုန့်ကို ပြန်နှိုက်ယူလိုက်တာပေါ့။ စိတ်ထဲကတော့ ခင်ဗျားကြီး လှူပေမယ့် ဒါ ကျုပ်မုန့် 'ကျုပ် မလှူဘူး။ ကျုပ်မုန့်ကျုပ် ပြန်ယူတယ်။ ဘာဖြစ်သလဲ။ ခင်ဗျားကြီးလုပ်တဲ့ စားမှုကိစ္စတစ်ခုကို ကျုပ် အခု ကန့်လန့်တိုက်လိုက်ပြီ' လို့ အော်နေမိတယ်။

ဒီအချိန်မှာ ရှင်ပစ္စေကဗုဒ္ဓါ ဘယ်သို့ရှိသလဲမသိ။ သိစရာမလို တွေ့လိုက်ရတာယ် သူ့လက်ထဲမှာ စဥ့်ပန်းကန်တစ်လုံး –

သူက ရှင်ပစ္စေကဗုဒ္ဓါဘေးမှာ ခပ်ယို့ယို့ ရပ်တယ်။ ပြီးတော့ –

"ရပ်တော်မူပါဦး ဘုရား"

ရှင်ပစ္စေကဗုဒ္ဓါက ရပ်တယ်။ မရီးက စဥ့်ပန်းကန်ကို လက်နှစ်ဖက်နဲ့ မြှောက်ချီပြီး –

"စံကားပွင့်သစ် အဆင်းနဲ့တူစွာသော ယောဒီထောပတ်ကို အရှင်အမြတ်ပြု၍ လှူပါတယ် ဘုရား၊ အလှူခံတော်မူပါ ဘုရား"

ရှင်ပစ္စေကဗုဒ္ဓါက ဆိတ်ဆိတ်နေတယ်။ မရီးက ထောပတ်ကိုလောင်းလှူလိုက်တဲ့အချိန်မှာ အား ... ဒါ ... အမြင်လှည့်စားမှု မဟုတ်ဘူး။ မျက်စိနဲ့



www.burmeseclassic.com

www.burmeseclassic.com



တပ်အပ်ကို မြင်လိုက်ရတာ။ တခြား မဟုတ်ဘူး။ သပိတ်အထက်နားတစ်ဝိုက်မှာ ဖြူလွှဝင်းမွတ်အရောင်တွေ ပြိုးပြိုးပြက်သွားတာ။

ဒီလို အရောင်တွေ ဝင်းသွားတာလဲ တွေ့ရော မရီးက လက်အုပ်ချီတဲ့ပြီး

"ဤထောပတ် လှူရခြင်းရဲ့ အာနိသင်ကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ အကျွန်ုပ်၏ ကိုယ်မှ အရောင်အဝါ ရှိန်ဖြာဝင်းပ ပါစေသတည်း။ တုဖက်ကင်းသည့် မြတ်သော အဆင်းကို ပိုင်ဆိုင်သူ ဖြစ်ပါစေသတည်း။ ထို့အပြင် လောင်းလှူပြီးသော ခဲဖွယ်မုန့်အား ပြန်လည် နှိုက်ယူသည့် သူယုတ်နှင့် အတူတကွ တစ်ခုတည်းသော အရပ်၌ နေရခြင်းသည်လည်း မဖြစ်ပါစေသတည်း" လို့ ဆုတောင်းတယ်။

စောစောက အခြင်းအရာတွေကို မျက်စိနဲ့ တပ်အပ်မြင်လိုက်ရသလို မရီးရဲ့ အဲဒီ ဆုတောင်းကိုလည်း နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတယ်လေ။

"ဩ ... သူက ဒီလိုတဲ့လား ..."

သူ့အပြုအမူနဲ့ သူ့ဆုတောင်းစကားတွေကို စိတ်ထဲ မခံချင်တာလည်း တစ်ကြောင်း၊ အင်း ... နောက်တစ်ကြောင်းက ကိုယ်တိုင်ရဲ့ ရင်ထဲ ဖြစ်လာတာ ပါ။ ရှင်ပဇ္ဇေကဗုဒ္ဓါ တစ်ပါးထံက မုန့်ကို ပြန်နှိုက်ယူလိုက်တဲ့ ကိုယ့်အပြုအမူ ကိုယ်ပြန်ပြီး ရှက်ရွံ့တုန်လှုပ်သွားတယ်။ မရီးကို အရွဲ့တိုက် ဆန့်ကျင်ချင်တဲ့ စိတ်နဲ့ စိတ်လိုက်မာန်ပါ လုပ်မိပြီ။

"ရပ်တော်မူပါ ဘုရား" လို့ လျှောက်ပြီး ရှင်ပစ္စေက ဗုဒ္ဓါထံ ချဉ်းကပ်ခဲ့ ပြန်တယ်။

ပြီးတော့ စောစောက နှိုက်ယူခဲ့တဲ့ မုန့်ကို မရီးလှူထားတဲ့ ထောပတ် တွေအပေါ်မှာ အရအမိ ဖုံးအုပ်လောင်းထည့်လိုက်တယ်။ ပြီးတော့ စိတ်ပါ လက်ပါကြီးနဲ့ နှုတ်က ရေရွတ်လိုက်တယ်လေ။

"ဤမုန့်ကို လောင်းလှူရသော အစွမ်းကြောင့် မရီးဖြစ်သော ထိုမိန်းမကို ယူနေရာ တစ်ရာခြားသော အရပ်၌ နေစေကာမူ အကျွန်ုပ်ခေါ်ရင်း၌ အလုပ်အကျွေး ပြုခြင်းငှာ စွမ်းနိုင်သော ကိုယ်ဖြစ်ရပါလို၏ ဘုရား ..."

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု"

ဟင်း ... ဘာတတ်နိုင်သေးသလဲ မရီးရဲ့။ ခင်ဗျားရဲ့ ထောပတ်တွေ ပေါ်မှာ ကျုပ်ရဲ့မုန့်က ဖြန့်ကျက် အုပ်မိုးလိုက်သလို ခင်ဗျားရဲ့ ဆုတောင်းစကား အပေါ်မှာလည်း ကျုပ်ရဲ့ ဆုတောင်းစကားက လွှမ်းခြုံလိုက်ပြီလေ ... ဟင်း ... ဟင်း ... ဟင်း ...။





**ဆုတောင်းစကားတို့၏ အာနိသင်**

ပွင့်သစ်စ စံကားပွင့်၏ အဆင်းသို့နှယ် ဖြူလွှဝင်းမွတ်သည့် **အဆင်း** လည်းရှိသော၊ ထူးမြတ်လွန်ကဲသည့် ဆိမ့်ချိုခြင်းတို့နှင့် ပြည့်စုံသည့် **အရသာ** လည်း ရှိသော၊ ထောပတ်တို့ကို အမွန်အမြတ်ပြုကာ လောင်းလှူခဲ့သည့် **အစွမ်း** ကြောင့် ထိုမရီးသည် တစ်ချိန်သောအခါ တစ်ဘဝတယ် တုဖက်ကင်း အလှနှင့် ထွန်းပသော ကိုယ်ရောင်တို့ကို ပိုင်ဆိုင်သည့် မိန်းမလှဒေဝီတစ်ဦးဘဝ ရရှိလာလိမ့် မည်ဆိုခြင်းကို လည်းကောင်း။

ခြောင်းခြောင်းထွက်သော အမျက်ဒေါသဖြင့် ရှင်ပစ္စေကဗုဒ္ဓါကို တန့် စေ၍ သပိတ်ထဲမှ မုန့်ကို နှိုက်လုယူခဲ့သည့် မကောင်းမှု အစွမ်းကြောင့် ထိုမတ် သည် အများသူငါတကာတို့ထက် ထူးထူးကဲကဲ ကွဲကွဲပြားပြား ခြားနားစွာသော အကျည်းတန် အဆင်းကိုမှ ပိုင်ဆိုင်ရလေသည့် ယောက်ျားတစ်ယောက်ဘဝ ရရှိလာလိမ့်မည်ဆိုခြင်းကိုလည်းကောင်း။

ထိုသူနှစ်ယောက်တို့ ထိုစဉ်က မသိခဲ့ကြချေ။ ထို့အတူလည်း အသီး သီးသော ဆုတောင်းစကားတို့တွင် ပါရှိခဲ့ကြသည့်အတိုင်း မဆိုင်းမဆုတ် ပြည့် စုံလာကြမည်ဖြစ်ကြောင်းကိုလည်း ထိုလူနှစ်ယောက်တို့ မသိခဲ့ကြချေ။

အတိတေဘဝမှ ပဋိပက္ခနှင့် ဆုတောင်းစကားတို့သည် ဘဝဘဝ ပေါင်း များစွာတို့၏ တစ်ခုသော ဘဝဝယ် အကောင်ဒြပ် ထင်ရှားဖြစ်ပေါ်ကြလေ ပြီ။

*

www.burmeseclassic.com

www.burmeseclassic.com

**အဆန်းတကြည်၊ နတ်ပူဆိုးနှင့် နတ်စောင်း**

ပဉ္စာကမ္ဗလာ၏ မူလပကတိဖြစ်သော နူးညံ့အိစက်ခြင်းနှင့် အေးမြခြင်းတို့သည် တင်းမာခြင်းနှင့် ပူနွေးခြင်းသို့ ပြောင်းလဲသွားသည့် အခိုက်၌ပင် ဒေဝါဓိပတိဖြစ်သော သိကြားမင်းသည် လူ့ပြည်မှအဖြစ် သနစ်ကို ဆင်ခြင်စေ၏။

လူ့ပြည် လူ့ရွာ၌ အခြားတစ်ပါးသော နေရာဒေသတို့တွင် မည်သို့သော အကြောင်းခြင်းရာ ထူးမှု မဖြစ်ပေါ်ဘဲ မလ္လတိုင်း၊ ကုသဝတီပြည်တွင်သာ ဖြစ်ပေါ်နေသည်။ ကုသဝတီပြည့်ရှင်ဘုရင်၏ မိဖုရားခေါင်ကြီး သီလဝတီဒေဝီ၌ ထီးမွေနန်းလျာ ဆက်ဆံမည့် သားသမီးမရ၊ ထီးနန်းအမွေဆက်ခံမည့် သားသမီး မထွန်းကားခြင်းသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသော ပြဿနာဖြစ်လေသည်။ ရာဇဝံသကို စောင့်ရှောက်ဆက်ခံမည့်သူ မရှိခြင်းသည် တိုင်းတစ်ပါးမှ စစ်မက်အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းပင် ဖြစ်သည်။

ဤတွင် မလ္လတိုင်းသား ကုသဝတီ ပြည်သူတို့သည် သြက္ကာကရာဇ်မင်းကြီး၏ နန်းတော် စံအိမ်တံခါးဝတွင် စုဝေး၍ ထီးညွန့်နန်းလျာအရေးကို တောင်းဆိုကြ၏။ ပြည်သူ၏ အလိုကို မငြင်းနိုင်သော မင်းကြီးသည် သားသမီး ရရာရကြောင်း နည်းလမ်းကိုပြည်သူတို့ထံမှာပင် မေးမြန်းလေသည်။

"အရှင်မင်းကြီးရဲ့ နန်းတော်မှာ ရှိတဲ့ မောင်းမငယ်ကို တရားစောင့်စေပြီး လွှတ်ပါ။ အကယ်၍ မောင်းမငယ်သားမရခဲ့ရင် အလတ်ဖြစ်တဲ့မောင်းမကို လွှတ်ပါ။ အကယ်၍ အလတ်ဖြစ်သော မောင်းမမှာ သားမရခဲ့သေးရင် အကြီးဖြစ်တဲ့





မောင်းမကို လွှတ်ပါ။ ဘုန်းကံရှိတဲ့ တစ်ယောက်ယောက်တော့ သားရလာခဲ့မှာ ဖြစ်ပါတယ်"

သြက္ကာကရာဇ်မင်းကြီးသည် ပြည်သူတို့ ဆိုတိုင်း မောင်းမအငယ်၊ အလတ်၊ အကြီးတို့ကို တစ်လှည့်စီ စေလွှတ်ခဲ့၏။ ခုနစ်ရက် မြောက်သော နေ့တွင် အလိုရှိတိုင်း မွေ့လျော်ခဲ့ကြသည့် မောင်းမတို့အား သားရမရ မေးလေသော် သားရသော မောင်းမဟူ၍ တစ်ယောက်တလေမှ မရှိ ဖြစ်လေသည်။

ထိုအကြောင်းကို ပြည်သူတို့အား ကြားသိစေသောအခါ ပြည်သူတို့က "အရှင်မင်းကြီး သီလမရှိ။ ဘုန်းကံမရှိတဲ့ မောင်းမတွေ ဖြစ်လို့ သားမရနိုင်ခဲ့ဘူး။ ဒီမောင်းမတွေအားလုံးမှာ သားရဖို့ ကောင်းမှုမရှိ၊ ဒါပေမယ့် အရှင်ကြောင့်ကြမှု မဖြစ်ပါနဲ့။ အရှင်မင်းကြီးမှာ သီလဝတီ မိဖုရားကြီးတစ်ပါး ရှိပါသေးတယ်။ မိဖုရားကြီးဟာ သီလ၊ ဘုန်းကံနဲ့ ပြည့်စုံသူပါ။ မိဖုရားကြီးကိုပဲ လွှတ်တော်မူပါ"

မောင်းမတို့အား လွှတ်ခဲ့ပြီးမှ မိဖုရားကြီးကို ခြွင်းချန်လျက် မလွှတ်ခဲ့လျှင် တရားနှင့် မမှန် ဖြစ်ပေမည်။ အမျိုးအနွယ်ကို စောင့်ရှောက်သော ထီးညွန့်နန်းလျာ ရရှိရေးအတွက် အရေးအကြီးဆုံးဖြစ်၏။ မိဖုရားခေါင်ကြီးဟူ၍ ကင်းလွှတ်သက်ညှာခွင့် မပြုအပ်ဟု မင်းကြီးဆုံးဖြတ်သည်။

"ကောင်းပြီ၊ တိုင်းသားပြည်သူတို့ ကြောင့်ကြမှုနေကြတော့။ သီလဝတီ မိဖုရားကြီးကို ကျွန်ုပ် လွှတ်ပါမယ်။ ယောကျ်ားအပေါင်းတို့ စည်းဝေးကြရှိသာ စည်လည်စေတော့"

"သားရအံ့သောငှာ သီလဝတီ မိဖုရားကြီး နန်းတော်မှ ထွက်ခဲ့လေပြီ။ မိဖုရားကြီး ကိုယ်တိုင်ကလည်း ငါ့အား ဘုရင်မင်းမြတ် ရက်စက်စိမ်းကားသည်ဟု နာကျည်းမှုမရှိ။ ပြည်သူတို့သည် ငါ့အား မိဖုရားခေါင်ကြီးဟူ၍ ခြွင်းချက်မထားဘဲ မညှာမတာ တောင်းဆိုရက်ကြပေသည်ဟူ၍လည်း ငြိုငြင်မှုမရှိ။ "ငါ့သီလ၊ ငါ့ဘုန်းကံအားဖြင့် ထီးညွန့်နန်းလျာသားရတနာ ရစေမည်" ဟူ၍သာ စင်ကြယ်သော စိတ်ဖြင့် နန်းတော်မှ ဆင်းခဲ့လေသည်။

မိဖုရားကြီး၏ သီလနှင့် ဘုန်းကံအာနုဘော်ကြောင့် ဒေဝါဓိပတိ၊ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် တင်းမာပူနွေးခဲ့လေပြီ။ လူ့ရပ်ရွာမှ သီလနှင့် ဘုန်းကံအရှိန်အဝါသည် တာဝတိံသာ သိကြားမင်းထံသို့ အကြောင်းအားလျော်စွာ ရိုက်ခတ်မြဲပင် ဖြစ်သည့်အတိုင်း သိကြားမင်းသည် လူ့ပြည်သို့ ရှုသည်တွင် သီလဝတီ မိဖုရားကြီး၏ ဖြစ်အင်ကို တွေ့မြင်လိုက်လေသည်။

ထိုအခိုက်မှာပင် သိကြားမင်းသည် စူးစမ်းဆင်ခြင်၏။

"သီလဝတီ မိဖုရားကြီးသည် အခြားတစ်ပါး အရပ်၊ အခြားတစ်ဝါး ပုဂ္ဂိုလ်တို့ဖြင့် သားယူရသည် မဖြစ်စကောင်း၊ မိဖုရားအား ငါသည်သာ သားကို



www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်းငှာ သင့်သည်။ မိဖုရားအတွက် လျောက်ပတ်သော သားသည် နတ်ပြည်၌ ရှိသလော"

ထိုအချိန်ဝယ် တာဝတိံသာ၌ အလောင်းတော် နတ်သားသည် နတ်သက်ကို ကုန်စေ၍ အထက် အထက်သော နတ်ပြည်၌ စံအံ့သော ကာလဖြစ်၏။

သိကြားမင်းသည် မဆိုင်းမတွပင် အလောင်းတော် နတ်သား၏ ဗိမာန်သို့ သွားရောက်ကာ "လူ့ပြည်၊ မလ္လတိုင်း၊ ကုသဝတီမင်းနေပြည် ဩက္ကာကရာဇ်မင်းကြီး၏ မိဖုရားသီလဝတီဒေဝီ ဝမ်း၌ ပဋိသန္ဓေယူအံ့သောငှာ သင့်လျော်ပါပြီ။ အထက် အထက်ဘုံသို့ ရွှေ့ပြောင်းစံမြန်းအံ့သော အမှုကို သည်းခံပါ" ဟု ဆိုလေသည်။

အလောင်းတော်နတ်သားကလည်း "ကောင်းပြီ၊ အထက် အထက်နတ်ပြည်သို့ ကျွန်ုပ် ရွှေ့ပြောင်း စံမြန်းရန်မှာ ရှိစေတော့။ လူ့ပြည်၌ပင် သီလဝတီဝမ်း၌ ကျွန်ုပ်ပဋိသန္ဓေ ယူပါမည်" ဟု ဝန်ခံလိုက်၏။

အလောင်းတော် နတ်သားထံမှ ဝန်ခံစကား ရပြီးနောက် သိကြားမင်းသည် ထပ်မံရှုစမ်းပြန်သော် အခြားသော နတ်သားတစ်ပါးသည်လည်း သီလဝတီ မိဖုရားကြီး၏ သားဖြစ်လတ္တံ့သော အကြောင်းအရာကို တွေ့ပြန်၏။ ထို့ကြောင့် ထိုနတ်သားကိုလည်း ပဋိသန္ဓေယူရန် တိုက်တွန်းလေသည်။

ထို့နောက် ဒေဝါဓိပတိ သိကြားမင်းသည် ဤသို့ဆို၏။

"နတ်သားတို့ အရေးကား ပြီးခဲ့ပြီ။ ငါ၏အရေးအရာသာ ကျန်တော့သည်။ စင်စစ်မူ သီလဝတီ မိဖုရားကြီး၏ သီလစင်ကြယ်မှုကို တစ်စုံတစ်ယောက်သောသူမှ မဖျက်ဆီးစေသတည်း။ နတ်သားတို့ ပဋိသန္ဓေယူရန် ငါ၏ စွမ်းဆောင်မှုဖြင့် အထမြောက်စေရမည်။ ငါ မလ္လတိုင်းသို့ သွားမည်"

သိကြားမင်းသည် ဒေဝါဓိပတိတို့၏ အာနုဘော်ဖြင့် နတ်သိကြား၏ အသွင်မှ လူသား ပုဏ္ဏားအိုတစ်ယောက် အသွင်သို့ ပြောင်းလဲဖန်ဆင်းယူလိုက်လေသည်။

နန်းတော် တံခါးမုခ်တွင် အရွယ်ရွယ် အစားစားသော ပုရိသယောကျ်ားတို့သည် ဝတ်ကောင်းစားလှ ဝတ်ဆင်လျက် စုရုံးနေကြ၏။ သူတို့အားလုံး နန်းတော်တံခါးမှ ထွက်လာမည့် သီလဝတီ မိဖုရားရှိရာသို့ လှမ်းမျှော်ငေးမောကြရင်း သူ့ထက်ငါ ရှေ့ရောက်ရေး ကြိုးပမ်းနေကြသည်။

"မိဖုရားကြီးကို ငါယူမယ်"

"သင့်လို အရွယ်အိုကြီးကို မိဖုရားက စိတ်ဝင်စားမှာ မဟုတ်။ ကျုပ်တို့လို လူပျိုလူရွယ်မျိုးကိုသာ စိတ်ဝင်စားမှာ"





"မဟုတ်ပါဘူး ... အရွယ်ဆိုတာ ကြီးလည်း မကောင်းဘူး။ ငယ်လည်း မကောင်းဘူး။ ငါတို့လို လူလတ်ပိုင်းမှ ဟဲ ... ဟဲ ... ဟဲ"

"ဟေး ... ဟေး ... မိဖုရားဆိုတာ ချမ်းသာ ကြွယ်ဝတဲ့ ကျုပ်လို သူဌေးနဲ့မှ"

"ချစ်မှုချစ်ရေးမှာ ငွေကြေးနေက ပဓာန မကျဘူး။ မိဖုရားဆိုတော့ ညည်းစိမ်ဥစ္စာ မလိုဘူး။ ကျုပ်လို ကျန်းမာသန်စွမ်းသူမှ"

"ဟိတ် ... ဘာမှ ပြောမနေကြနဲ့၊ မိဖုရားကြီးက ရွေးမှာ။ သင်တို့က အရွေးချယ်ခံပဲ။ ကံကောင်းတဲ့ လူရမှာပဲ"

"ခက်တော့ ခက်ကုန်ပါပြီကော ... သူရထိုက် ငါရထိုက်၊ သူယူမယ်၊ ငါယူမယ်နဲ့ မိဖုရားကြီးတော့ ဒုက္ခပါပဲလားကွယ်ရို့"

ပွက်ပွက်ညံနေသော အသံများနှင့် တရုန်းရုန်းဖြစ်နေသော လူစုလူဝေးအကြားတွင် အားလုံး သတိမထားမိဘဲ မနေနိုင်သော အခြင်းအရာတစ်ခု ဖြစ်ပေါ်လာ၏။

ထိုအခြင်းအရာကား ပုဏ္ဏားအိုကြီးတစ်ယောက် လူစုလူဝေးထဲမှ တိုးဝှေ့ဝင်ရောက်လာခြင်းပင် ဖြစ်လေသည်။ လူစုလူဝေး ပုရိသယောကျ်ားတို့ထဲမှ အသက်အကြီးဆုံးယောကျ်ားများထက်ပင် ပို၍ အသက်ကြီးသူ ဖြစ်နေ၏။ ထိုမျှမက ခါးကိုင်းကိုင်း၊ နံပြိုင်းပြိုင်းဖြင့် ဇရာ၏ လက္ခဏာများကလည်း အထင်အရှား ...။

"ဟဲ့ ... ပုဏ္ဏားအို ရွတ်တွကြီးက ဒီမှာ ဘာလာလုပ်တာလဲ၊ နေရာမှားနေပြီ ဒါအလှူမဏ္ဍပ် မဟုတ်ဘူးဟဲ့။ မိဖုရားကြီး သီလဝတီအတွက် သင့်တော်မယ့် ယောကျ်ားရွေးပွဲဟဲ့"

ပုဏ္ဏားအိုကြီးက ပြန်ပြော၏။

"ငါလည်း အရွေးခံဖို့၊ ပြီးတော့ မိဖုရားကို ခေါ်ဆောင်သွားဖို့ လာတာပဲ"

အားလုံးက ရယ်မောပြောင်လှောင်ကြလေသည်။

"အံမာ ခါးကိုင်း၊ နံပြိုင်းနဲ့ ပုဏ္ဏားအို ရွတ်တွကများ"

"ဟဲ့ ... ငါက အရွယ်အိုပေမယ့် စိတ်မအိုဘူး ဟဲ့ ... မှတ်ထား၊ လူသာ အိုရမယ် အချစ်က မအိုဘူး"

ဝိုင်းရယ်ကြပြန်လေသည်။

ပုဏ္ဏားအိုအသွင် ဖန်ဆင်းထားသော သိကြားနတ်မင်းသည် မိမိ၏ အာနုဘော်ဖြင့် ယောကျ်ားထုအားလုံး၏ သူ့ရှေ့သို့ ရောက်သွားခဲ့၏။ မည်သည့် ယောကျ်ားမှ သူ့ရှေ့သို့ တက်ခြင်းငှာ မစွမ်းနိုင်ကြချေ။



www.burmeseclassic.com

www.burmeseclassic.com



သီလဝတီ မိဖုရားကြီးကား နန်းတော်မှ ထွက်လာပေပြီ။ မိဖုရားခေါင်ကြီးတို့၏ အဆင်တန်ဆာ အပြည့်အစုံ ဆင်မြန်းထားသော သီလဝတီရှေ့တွင် အနီးကပ်ဆုံး ရောက်နေသူကား ပုဏ္ဏားအိုပဲ၊ ကျန်ခပ်သိမ်းတို့ကား ခပ်လှမ်းလှမ်းမှနေ၍ ရှေ့သို့ တိုးထွက်မလာနိုင်ကြ။

"သီလဝတီ ... လာ၊ ငါ့နောက်လိုက်ခဲ့ သင့်ကို ငါရပြီ"

ပုဏ္ဏားအိုက ပိုင်စိုးပိုင်နင်းပင် မိဖုရားလက်ကို ဆွဲကိုင်လိုက်၏။ ယောကျ်ားပရိသတ်ကြီးမှာ အာမေဋိတ်ပေါင်းစုံဖြင့် ကျွက်ကျွက်ညံသွားသည်။ ကဲ့ရဲ့ရှုတ်ချသော၊ ပြစ်တင်မောင်းမဲသော၊ ငြူစူဝန်တိုသော မျက်လုံးများ၊ အသံများ ရှေ့မှ ဖြတ်လျက် ပုဏ္ဏားအိုကြီးသည် သီလဝတီ လက်ကို ဆွဲကာ ထွက်လာခဲ့သည်။

နန်းဇေတာ်လေသွန်တံခါးမှ ကြည့်နေသော ဩက္ကာကရာဇ်မင်းကြီးလည်း မိမိ၏ မိဖုရားကြီး ပုဏ္ဏားအိုတစ်ယောက်ထံ ပါသွားသည်ကို တွေ့ရသောအခါ ကြီးစွာ နှလုံး မသာမယာ ဖြစ်နေလေသည်။

သီလဝတီ မိဖုရားကား မိမိသည် အိုမင်းရှုတ်တွသော ပုဏ္ဏားကြီးတစ်ယောက်၏ ခေါ်ဆောင်သွားခြင်းကို ခံရလေပြီဟူ၍ စိတ်ဆင်းရဲထိခိုက်ခြင်းမရှိ၊ စက်ဆုပ်ရွံရှာခြင်းမရှိ၊ မိမိ၏ သီလနှင့် ဘုန်းကံကိုသာ အာရုံပြုလျက် တိတ်ဆိတ်စွာ လိုက်ပါသွားလေသည်။

မြို့တံခါးမှ ထွက်ခဲ့ပြီးနောက် ပုဏ္ဏားအိုက တံခါးအနီးရှိ အိမ်ငယ်လေးတစ်ဆောင်ရှေ့မှာ ရပ်လိုက်၏။ အိမ်လေးမှာ နံရံမရှိ ဟင်းလင်းပွင့်လျက် ပျဉ်ခင်းထားသော အိမ်လေးဖြစ်၏။ စင်စစ်ကား ဒေဝမိပတိသိကြားမင်း ဖန်ဆင်းထားသော ဂေဟာ ဖြစ်လေသည်။

"ရောက်ပြီ ... မိဖုရား"

"ပုဏ္ဏားအိုက အိမ်ကို ညွှန်ပြသည်။

မိဖုရားကြီးက –

"ပုဏ္ဏားကြီး ဒါ အရှင့်အိမ်လား" ဟု မေး၏။

"အေး ... ဟုတ်ရဲ့၊ အရင်ကတော့ ငါတစ်ယောက်တည်း နေတာပ၊ အခုတော့ မိဖုရားနဲ့ ငါ နှစ်ယောက်ပေါ့။ ငါ အခုဆန်လေး ဘာလေး ထွက်အလှူခံလိုက်ဦးမယ်။ မိဖုရားက ဒီအခင်းပျဉ်မှာပဲ အိပ်နေ့ပေဦးတော့"

ပုဏ္ဏားအိုက မိဖုရားကြီးလှဲလျောင်းအိပ်စက်ရန် အခင်းပျဉ်ပေါ်တက်နိုင်းရင် နူးညံ့စွာသော လက်၏ အတွေ့ကို မိဖုရားကြီး၏ ပခုံးမှ တစ်ဆင့် ပျံ့နှံ့စေလေသည်။ မိဖုရားကြီးလည်း နတ်၌ဖြစ်သော ဖောဋ္ဌဗ္ဗထူး၏ အာနိသင်ဖြင့် ခဏချင်းမှာပင် အိပ်ပျော်သွားသည်။ ထိုအခါ သိကြားမင်းဒေဝလည်း အာနုဘော်





ဖြင့် မိဖုရားအား တာဝတိံသာသို့ ဆောင်ယူကာ နတ်ဗိမာန်၏ စက်ရာ၌ အိပ်စေ၏။

ခုနစ်ရက်မြောက်သော နေ့ဝယ် မိဖုရားကြီး နိုးလာကာ နတ်ဗိမာန်အဆောင်အဆောင်များကြား၌ မိမိရောက်ရှိနေသည်ကို တွေ့သည်နှင့် ပုဏ္ဏားအိုသည် လူစင်စစ်မဟုတ် နတ်တို့သနင်း သိကြားမင်း ဖြစ်မည်ဟု တွေးမိလေသည်။ ထို့နောက် သိကြားမင်း စံနေရာ ပင်လယ်ကသစ်ပင်ရင်းသို့ သွား၍ တင့်တယ်သော နေရာမှ ရှိခိုးတန့်ရပ်လေသည်။

သိကြားနတ်မင်းလည်း သီလဝတီ မိဖုရားကို စကားဆိုလေသည်၊

"အရှင်မိဖုရား လိုရာ ဆုတောင်းပါ"

"ဒေဝါမိပတိ အရှင်၊ ကျွန်ုပ်အား ဆုပေးလိုလျှင် အခြားဆုမယူလိုပါ။ သားဆုကိုသာ ယူလိုပါတယ်"

"ကောင်းပြီ အရှင်မိဖုရား၊ သားဆုကို အသင်လိုတိုင်းရစေမယ်။ သို့သော် သင့်မှာ သားတစ်ယောက်မက သားနှစ်ယောက် ရဖို့ ရှိပေတယ်"

"သားနှစ်ယောက်စလုံးကို ကျွန်ုပ် ယူပါ့မယ် အရှင် နတ်မင်း"

"ကောင်းလှပြီ၊ သို့သော် သားနှစ်ယောက်တို့မှာ တစ်ယောက်က အလွန်ပညာနဲ့ ပြည့်စုံမယ်။ အဆင်းကတော့ မလှမပရှိလိမ့်မယ်။ ကျန်တစ်ယောက်ကတော့ အလွန်တစ်ရာ အဆင်းလှလိမ့်မယ်။ ပညာကတော့ မရှိဖြစ်မယ်။ ဘယ်သားကို အဦးအလျှင် သင်ယူချင်ပါသလဲ"

"အရှင်နတ်မင်း ပညာရှိသော သားကိုသာ အဦးလိုချင်ပါတယ်။ အဆင်းမလှလျှင်လည်း ရှိပါစေ"

"ကောင်းပြီ အရှင်မိဖုရားသား။ ဆုနဲ့အတူ ဤဆုများကို သင်ယူဆတော့"

သိကြားမင်းပေးအပ်သော ပစ္စည်းများကား သမန်းမြက်၊ နတ်ပုဆိုး ပင်လယ်ကသစ်နှင့် နတ်၌ ဖြစ်သော စန္ဒကူးနံ့သာနှင့် ကောကာနဒ အမည်ရှိသော နတ်စောင်းတို့ ဖြစ်လေသည်။

ထို့နောက် သိကြားမင်းသည် သီလဝတီ မိဖုရားအား မလ္လတိုင်းကုသဝတီပြည် ဩက္ကာကရာဇ် မင်းကြီး၏ အိပ်ရာတိုက်ခန်းသို့ ဆောင်ယူခဲ့၏။ မင်းကြီး စက်ရာဆောင်၏ တစ်အိပ်ရာတည်းတွင် အိပ်စေလျက် မိဖုရားကြီး၏ ချက်ကို သုံးသပ်ကာ တာဝတိံသာသို့ ပြန်သွားလေသည်။

ထိုခဏမှာပင် အလောင်းတော် နတ်သားလည်း သီလဝတီ၏ ဝမ်း၌ ပဋိသန္ဓေ စွဲယူလေသည်။ မိဖုရားကြီး၌ ကိုယ်ဝန်တည်သောအဖြစ်ကို သမားဟူ



www.burmeseclassic.com

www.burmeseclassic.com



ရားကို သိကြပြီး၍ မင်းကြီးအား လျှောက်သော်လည်း ဩက္ကာကရာဇ်မင်းကြီးမှာ မယုံနိုင်ချေ။

"သီလဝတီ သင့်ကို ပုဏ္ဏားအိုတစ်ယောက် ခေါ်ဆောင်သွားတာ ကျွန်ုပ် မြင်ခဲ့တယ်"

"ပုဏ္ဏားအို မဟုတ်ပါ။ အရှင်မင်းကြီး ပုဏ္ဏားအို အသွင်ယူထားတဲ့ သိကြားမင်း ဖြစ်ပါတယ်"

"ကျွန်ုပ်ကို မလှည့်စားနဲ့ သီလဝတီ၊ ကျွန်ုပ် များစွာ နှလုံး မသာမယာ ဖြစ်ခဲ့ရတယ်"

"ကျွန်တော်မ မလှည့်စားပါ အရှင်။ သိကြားမင်းဟာ ကျွန်တော်မကို တာဝတိံသာသို့ ဆောင်ယူသွားပါတယ်"

"ကျွန်ုပ် မယုံဘူး သီလဝတီ"

"ယုံကြည်စေဖို့ သက်သေပြပါမယ်။ ဟောဒီ သမန်းမြက်ကို ရှုစားတော်မူပါ။ သိကြားမင်း နင်းလိုက်သော ပစ္စည်း ဖြစ်ပါတယ်"

"သီလဝတီ သမန်းမြက်ဆိုတာမျိုးဟာ ဘယ်နေရာက မဆိုရနိုင်ပေတာပဲ။ ယုံကြည်လောက်တဲ့ သာဓက မဟုတ်ပေဘူး"

"အရှင် သမန်းမြက်နဲ့ တကွသော ဟောဒီနတ်ပုဆိုး၊ နတ်စန္ဒကူး၊ ပင်လယ် ကသစ်ပွင့်နဲ့ နတ်စောင်းများကို ရှုတော်မူပါ"

ဩက္ကာကရာဇ်မင်းကြီးလည်း ထိုအခါမှပင် အံ့သြတုန်လှုပ်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် မိဖုရားအား ကောင်းချီးပေးလေသည်။

ဆယ်လလွန်မြောက်သောအခါ သီလဝတီ မိဖုရားကြီးသည် သားတော်တစ်ပါး မီးရှူးသန့်စင် ဖွားမြင်ခဲ့ပေပြီ။ သိကြားမင်း နင်းဆက်ခဲ့သော ပစ္စည်းများအနက် အဦးအစလည်းဖြစ်၊ အမှတ်တရလည်း အဖြစ်ဆုံး ဖြစ်သည့် သမန်းမြက်ကိုပင် အစွဲပြု၍ အမည်နာမမှည့်ကြ၏။

နတ်သမန်းမြက် ... သို့မဟုတ် ကုသ သတို့သား။

*

**အဆင်းနှင့်အချင်း**

ကုသကုမ္မာ သို့မဟုတ် ကုသကုမာရ။

နတ်လောကၣ်သာ ဖြစ်သော နတ်သမန်း မြက်ကို အစွဲပြု၍ မှည့်ခေါ်ရှိအပ်သည့် အမည်နာမ။ ထူးခြားလှပ၍ ခွန်အားရှိသော အမည်နာမဖြစ်၏။ ပညတ်သွားရာသို့ ဓာတ်သက်က မရောက်။

ကုသကုမ္မာသည် ကြေးမုံပြင်၌ မိမိ၏ ရုပ်သွင်ကို ဆွေ့သုံးသပ်သည်။ အလုံးအထည်၊ အရပ်အမောင်းတို့ တစ်ဆယ့်ခြောက်နှစ်အရွယ် လုလင်ပျိုတို့ ရှိအပ်သည့်အတိုင်း အချိုးတကျ ပြေပြစ်သည်မှန်၏။ ကျစ်လျစ် သန့်စွမ်းသော ကိုယ်ခန္ဓာ အဆက်အပေါက်တို့ဖြင့် တင့်တယ်သည် မှန်၏။ သို့သော် —

ကိုယ်လုံးပေါ် ကြေးမုံပြင်ကြီး ရှေ့မှ ခွာ၍ ကြေးမုံငယ်တစ်ချပ်ရှေ့တွင် ထိုင်လိုက်သည်။ ကြေးမုံပြင်ထဲမှ မျက်နှာတစ်ခုက မိမိကို စူးစူးစိုက်စိုက် ပြန်ကြည့်နေသည်။ ထိုမျက်နှာသည် –

မောက်သော နဖူး၊ ကောက်သော နှာရောင်၊ ကျဲပါးသော မျက်ခုံးမွေး၊ မျက်ရစ်မရှိသော မျက်ခွံဖူးဖူး၊ သိသိသာသာ လန်နေသော နှာဝ၊ နှာခေါင်းထူထဲသလောက် အောက်နှုတ်ခမ်း တွဲရရွဲရှိလေသော ပါးစပ်၊ နောက်ဘက်သို့ တုပ်ကွေးသည့် မေးစေ့၊ လေးထောင့်ကျကျ မေးရိုး၊ တုတ်ခိုင်သော လည်ပင်း ...

အသားအရည် အရောင်အသွေးကကော ...။

အသားဖြူ အသားလတ်ယောကျ်ားတို့ ပေါများသည့် မလ္လတိုင်းတယ် မိမိ၏ အသားရောင်က ညိုရုံမက မည်းသည့်ဘက်သို့ပင် လုချင်၏။ ညိုမည်း



www.burmeseclassic.com

www.burmeseclassic.com



မည်း ပြာနှမ်းနှမ်း မျက်နှာပြင်၏ ညှင်းကွက်နှင့် မှဲ့ခြောက်များက ဟိုတစ်စ သည်တစ်စ။

ကြေးမုံပြင်ထဲမှ ထိုမျက်နှာသည် ကုသကုမ္မာကို မျက်တောင် မခတ်တမ်း ကြည့်နေ၏။ နဖူး၊ နှာရောင်၊ မျက်ခုံးမွေး၊ မျက်ခွံ၊ နှာတံ၊ နှာဝ၊ နှုတ်ခမ်း၊ မေးစေ့ ပြီးတော့ ညိုမည်းပြာနှမ်းအသားအရောင်ဖြင့် လေးထောင့်စပ်စပ် မျက်နှာ၊ တင့်တယ်ပြေပြစ်မှုဟူ၍ ဘယ်နေရာမှ မရှိ။

တစ်ခုလေးပဲ ခြွင်းချက်ရှိသည်။ ဟင့်အင်း ... တစ်ခုမဟုတ် နှစ်ခု၊ စူးရှ တောက်ပနက်မှောင်သော မျက်ဝန်းအိမ်မျက်လုံးအစုံနှင့် ဖြူဖွေးသော သွားများ။

မျက်လုံးတွေကတော့ စူးစူးစိုက်စိုက် ကြည့်လိုက်လျှင် အရောင်တဖျတ်ဖျတ် ထွက်လာမလား ထင်ရသည်။ အမျိုးအမည် မဖော်ပြနိုင်သော တန်ခိုးအင်အားများက ထိုမျက်လုံးများထဲတွင် ကိန်းနေကြ၏။ မြဲမြံခိုင်ကျည်ခြင်း၊ အကြည့်ခံရသူအား လွှမ်းမိုးခြင်း စသော စွမ်းအင်များက ထိုမျက်ဝန်းများတွင် နိုတွဲနေကြ၏။

နောက်ပြီးတော့ ဖြူဖွေးသော သွားများ။ သဘာဝတရား၏ ပြက်ရယ်ပြုခြင်းပေလော။ သို့တည်းမဟုတ် ကံ ကံ၏အကျိုးပေး အရာထင်မှုလား ... ဤမျှ အဆင်မပြေဖြစ်နေသည့် နှုတ်ခမ်းထူထူတွဲတွဲ ညိုမည်းမည်းတို့အတွင်း၌ စီရရီ တန်းနေသော သွားများ ရှိနေကြသည်။ ဖြူစင်တောက်ပနေကြသည်။ မပွင့်တပွင့် နှုတ်ခမ်းများ ဖွင့်လိုက်သည့်အခါမျိုးမှာ လက်ခနဲ ဝင်းသွားတတ်ကြသည်။

ဘယ်လောက် မပြေပြစ်လိုက်သော တွဲစပ်မှုလေလဲ။

တောက်ပသော မျက်လုံးများနှင့် ဖြူဖွေးညီညာသော သွားများ၏ တင့်တယ်မှုသည် မျက်နှာပြင်ပေါ်ရှိ ကြွင်းသော အကျည်းတန်မှုများကို ဖုံးလွှမ်းမသွားနိုင်ပေ။ တစ်ခုပဲ ပြောနိုင်သည်က ထိုမျက်လုံးများနှင့် ထိုသွားများ ရှိနေခြင်းကြောင့်သာ ထိုမျက်နှာသည် လူယောကျ်ားတစ်ဦး၏ မျက်နှာအဖြစ်ကို ပေါ်လွင်စေခြင်းဖြစ်ပြီး မကောင်းဆိုးရွား တစ်ကောင်၏ မျက်နှာမျိုးဟု မပြောနိုင်ခြင်းပင်ဖြစ်၏။

ကုသကုမ္မာသည် ကြေးမုံပြင်ရှေ့မှ ခွာလိုက်လေသည်။

ဘာကြောင့်များ ဤမျှ အရုပ်ဆိုး အကျည်းတန်လှသော မိမိ၏ မျက်နှာသွင်ပြင်ကို ကြေးမုံငယ်၌ အနီးကပ်ကြည့်မိပါလိမ့်ဟူ၍လည်း မိမိကိုယ်မိမိ မကျေမချမ်း ဖြစ်မိသွားသည်။ သို့သော် နောက်ကျိရှုပ်ထွေးစေသော အတွေးလျှို ကို ကြာကြာမွေးမြူထားလေ့မရှိသော စိတ်ဓာတ်က ထိုမကျေမချမ်း စိတ်ကို ခဏချင်းမှာပင် အနိုင်ယူသွား၏။





မလ္လတိုင်းကြီးသခင် ကုသဝတီ မင်းနေပြည် အရှင်သြက္ကာကရာဇ်မင်းကြီးနှင့် သီလဝတီ မိဖုရားကြီးတို့၏ သားတော် စင်စစ် မြင့်မြတ်သော ရာဇ်မျိုးနွယ် ဧကန်ဖြစ်ပါလျက် အဆင်းညံ့လှသော အဖြစ်ကား တစ်စုံတစ်ရာသော အကုသိုလ်ကံ၏ ပြဋ္ဌာန်းမှုပင် ဖြစ်ပေလိမ့်မည်။

ကုသကုမ္မာသည် ကြေးမုံရှေ့မှ ခွာကာ လေသာပြတင်းတွင် ရပ်ရင်း အပြင်သို့ ဖြန့်ကြက်ကြည့်သည်။ စုလစ်မွမ်းချွန်၊ ပြာသာဒ်ဘုံ အဆင့်ဆင့်တို့ဖြင့် တင့်တယ်နေသော နန်းတော်တစ်ခုက မြင်ကွင်းထဲ ဝင်လာ၏။

ဇယမ္ပတိ။ အမည်နာမတစ်ခု ခေါင်းထဲ ထည့်လာသည်။

ညီတော် ဇယမ္ပတိ မင်းသား၊ မိမိထက် နှစ်နှစ်ခန့်ငယ်သည်။ ညီတော်သည် သူ၏နန်းတော်တွင်း ပျော်ရွှင်စွာ စံပယ်နေလိမ့်မည်။ ပျော်ရွှင်စွာ အင်း ... ပျော်ရွှင်စွာ ... ဘယ်သို့သော ပျော်ရွှင်မှုနည်း။ ညီတော်က အလှအပ ကြိုက်သူဖြစ်သည်။ သူ့နန်းဆောင်ရှိ စက်ရာဆောင်၊ သလွန်ဆောင်၊ ဥယျာဉ်ရေကန်၊ စားတော်ဆောင် အားလုံးကို အရောင်အသွေးစုံဖြင့် လှပနေအောင် သူ ခွမ်းခြယ်သသည်။ သူ့ပုဆိုး၊ သူ့ဝတ်လဲ၊ သူ့လက်ဝတ်ရတနာ ... ယုတ်စွအဆုံး သူ့အနားမှာ ခစားနေကြသော မင်းမှုထမ်း၊ ကျေးကျွန်မောင်းမမိဿံများ အားလုံးပင်လျှင် အလှအပတွေချည်း ဖြစ်လေသည်။ ထိုအလှတွေ အလယ်မှာ ညီတော် ဇယမ္ပတိသည် မွေ့လျော်နှစ်မြိုက်ပျော်ပိုက်နေပေမည်။ သူ့အတွက်ကတော့ အလှတရားသည် ပျော်ရွှင်ခြင်းပင် ဖြစ်ချေသည်။

ကုသကုမ္မာ ပြုံးလိုက်မိ၏။

ညီတော် ဇယမ္ပတိ ကိုယ်တိုင်သည်ပင်လျှင် လွန်စွာအဆင်းလှသော မင်းလုလင်တစ်ပါး ဖြစ်နေသည်။ မလ္လတိုင်းတစ်တိုင်းလုံးရှိ အချောအမော အလှပဆုံး ယောကျ်ားသားများစာရင်းတွင် ထိပ်ဆုံးမှာ ရှိ‌ေ သူ ဖြစ်သည်။ ထို့ကြောင့် ပင်ကိုယ်အားဖြင့်ပင် ချောမောလှပသော မင်းလုလင်ပျိုလေးတစ်ပါးအဖို့ အလှအပနှင့် ပျော်ရွှင်ခြင်းတို့ တွဲဖက်နေသည်မှာ ဆန်းကြယ်သော အရာ မဟုတ်ချေ။

သို့သော် လောကကြီးသည် အလွန်ပင်လျှင် အလျော်အစား ကျွမ်းကျင်သော လောင်းကစားသမားကြီး တစ်ဦးနှင့် တူလှ၏။ အပေးနှင့်အယူကို မျှတအောင် ထိန်းညှိတတ်သော ပုဂ္ဂိုလ်ကြီး ဖြစ်၏။

အလွန် အဆင်းလှသော ညီတော်ဇယမ္ပတိသည် အချင်းမရှိရှာ။ အသိဉာဏ်ပညာ နုံ့နဲ့ရှာသည်။ စဉ်းစားဆင်ခြင်ခြင်းဝေဖန် သုံးသပ်နိုင်စွမ်း ကင်းမဲ့ရှာသည်။ အလှအပတွေကို ခံစားတတ်ရုံမှအပ ဘာပညာမှ ဟုတ္တိပတ္တိ မတတ်။ ခမည်း



www.burmeseclassic.com

www.burmeseclassic.com



တော် မင်းကြီးအမိန့်ဖြင့် ဆရာပေါင်းစုံတို့ကို နန်းတော်သို့ ပင့်ဖိတ်ပြီး ဇယမ္ပတိအား သင်ကြားစေသော်လည်း ဇယမ္ပတိသည် ဘာပညာကိုမှ မတတ်။

အလျော်နှင့်အစား၊ အပေးနှင့်အယူကို ကျွမ်းကျင်သော လောကကြီးသည် ဇယမ္ပတိအား ထိုသို့ ဖြစ်စေပြီး မိမိကိုမူကား ...

သူမတူအောင် ဉာဏ်ပညာကြီးမားသော အဖြစ်ကို ပေးအပ်ခဲ့၏။

ဇယမ္ပတိမင်းသားက ပညာရှင် ဆရာသမား မျိုးစုံတို့ကို နန်းတော်သို့ ပင့်ခေါ်ကာ လက်ထပ်လက်ကြပ် သင်ယူခဲ့ပြီး မည်သည့်ပညာမျှ ဟုတ်ဟုတ်ငြားငြား မတတ်မြောက်ခဲ့သော်လည်း ကုသကုမှာကား မည်သည့် ဆရာထံမှာမှ တစ်စုံတစ်ခုသော အတတ်ပညာကိုမှ မသင်ယူရဘဲ မိမိ၏ဉာဏ်ပညာဖြင့်သာ အလုံးစုံသော အတတ်တို့ကို တတ်မြောက်ကျွမ်းကျင်နေ၏။

ဩော် ... မည်သို့သော ကုသိုလ်ကံမျိုးစေ့၊ အကုသိုလ်ကံ မျိုးစေ့တို့ကများ မိမိနှင့် ဇယမ္ပတိ ညီနောင်နှစ်ဦးတို့အား ဤသို့ ပိုင်းခြားပို့ဆောင် ပေးလိုက်လေသနည်း ... ဟု ကုသကုမှာ တွေးမိလေသည်။

*

ရွှေယားရုပ်သွင်

လေသာပြတင်းမှာ ရုပ်လျက် အတွေးစိတ်ကူးများ ဖြန့်ကြက်နေစဉ်မှာပင် မင်းချင်းတစ်ဦးက အခစားဝင်လာသည်။ သံတော်ဦးတင်ခွင့်တောင်းပြီးနောက် မင်းချင်းက လျှောက်၏။

"မယ်တော်ကြီးထံက စေလွှတ်သူတစ်ဦး အခစား ဝင်လာပါတယ် အရှင့်သား"

"ဒီကိုလာပါစေ"

မင်းချင်း တုံ့ဆိုင်းဆိုင်း ရှိနေသည်။

"အခစား ဝင်လိုသူက မယ်တော်ကြီးရဲ့ ကိုယ်လုပ်တော်ကြီး ဖြစ်ပါတယ် အရှင့်သား"

"ဟုတ်လား ထူးထူးခြားခြား၊ အေး ... သ..ပွန်ဆောင်မှာ ခစားနှင့်ပစေ"

ကိုယ်လုပ်တော် မိန်းမတစ်ဦးအား အတွင်းဆောင်တွင် အဖူးမြော်ဝင်စေရန် မသင့်ပေ။

သလွန်ထက်၌ ဖွဲ့ခွေထိုင်လိုက်ပြီးနောက် –

"မယ်ဖုရား စေတော်မူတယ်ဆိုတော့ အကြောင်းထူးခြား ရှိသလား" ဟု မေးလိုက်၏။ ကိုယ်လုပ်တော်ကြီးက လက်အုပ်ချီကာ –

"နန်းမတော်ဖုရားကြီးက စေတော်မူတယ် ဆိုသော်လည်း ဘုန်းတော်ကြီးဘုရားရဲ့ အမှာစကားကိုပါ သယ်ဆောင်လာရပါတယ် အရှင့်သား"

"အလို အမိန့်တော်များလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်တော် မဟုတ်ပါ အရှင့်သား ... ရွှေကြီးငွေကြီးအရေးနဲ့ ဆက်စပ်နေသော အပြေအပြစ် အမှာစကားပါ အရှင့်သား"

မယ်တော်ကြီးသည် မင်းပါးစိုးပါး ကျွမ်းကျင်၍ စကားတတ်သော ကိုယ်လုပ်တော် မောင်းမကြီးကို ရွေးချယ်စေလွှတ်လိုက်ချေသည် ဟု ကုသကုမ္မာ တွေးမိရင်း ပြုံးလေးသည်။

"ကဲ ... တင်စမ်းပါဦး"

"ဘုန်းတော်ကြီး ဘုရားနဲ့ နန်းမတော်ဖုရား နှစ်ပါးတို့ရဲ့ မိန့်တော်မူစကားအတိုင်း တိုက်ရိုက် တင်ခွင့်ပြုပါ အရှင့်သား"

"တင်နိုင်ပါတယ်"

"တိုက်ရိုက် အမှာတော်စကား ဤသို့ ဖြစ်ပါတယ်။ အရှင့်သား ငါတို့၏ သားတော်ကြီး ကုသကုမ္မာရသည် အသက်တစ်ဆယ့်ခြောက်နှစ်ရှိလေပြီ။ မလ္လတိုင်း ရာဇဝံသရ မင်းပြု၍ ထီးပလ္လင်ထက်စံမြန်း တိုင်းခန်း အုပ်ချုပ်ရန် အချိန်ခါလည်း ရောက်ပြီ၊ ပြည့်ရှင်မင်းတစ်ပါး ဖြစ်လာသောအခါ ရာဇဘိသေက ခံယူပွဲ၌ မဟေသီ မိဖုရားတစ်ပါးသည်လည်း သားတော်ကြီး၏ လက်ထဲမှာ ရှိနေသင့်သည်။ အလုံးစုံသော ဇမ္ဗူဒိပ် အပြင်ဝယ် အကြင်ပြည့်ရှင် မင်းတစ်ပါးပါး၏ သမီးတော်ကို ငါတို့သား အလိုရှိသည် ဖြစ်အံ့၊ ထိုမင်းသမီးကိုပင် ငါတို့ ဆောင်ယူလျက် ငါတို့ သားအဖို့ မိဖုရားကြီး ဖြစ်စေမည်။ အဘယ် မင်းသမီးကို ငါတို့ သားတော်နှစ်သက်သနည်း။ သားတော် စိတ်အလိုကိုသာ ငါတို့ သိစမ်းချင်သည်ဟူ၍ ဖြစ်ပါကြောင်းပါ အရှင့်သား"

ကိုယ်လုပ်တော်ကြီးကား စကားအရာ လိမ္မာပါပေသည်။ ခမည်းတော်နှင့် မယ်တော်တို့စကားကို တိုက်ရိုက်ပြု၍ လျှောက်တင်လိုက်ခြင်းဖြင့် ပို၍ထိရောက်သော စကားလုံးတို့ကို အသုံးပြုပြီးသား ဖြစ်သွားသည်။

ကုသကုမ္မာသည် ငုံ့ငိုက်ခစားနေသော ကိုယ်လုပ်တော်ကြီးကို ကျော်လွန်လျက် အဝေးတစ်နေရာသို့ ကြည့်နေမိသည်။ စောစောကပင် ကြေးမုံပြင်၌ မိမိရုပ်သွင်ကို သုံးသပ်ကာ အတွေးနက်ခဲ့သေးသည်။ ယခု ခမည်းတော် မယ်တော်တို့ထံမှ မိဖုရား စကား ရောက်လာသည်။

အတွေးများက ဆုတ်ဆိုင်းခြင်း မရှိ။ စီကာ စဉ်ကာ ပေါ်လာ၏။ "ငါဟာ အဆင်းအင်္ဂါ လွန်စွာ ချို့တဲ့သူဖြစ်တယ်။ မလ္လတိုင်းသခင် ပြည့်ရှင်မင်းတို့ ဘုန်းအာဏာနဲ့ အဆင်းလှတဲ့ မင်းသမီးတစ်ပါးပါးကို ဆောင်ယူပြီး ငါ့အနားမှာ မိဖုရားအဖြစ် ထားရှိပေးတယ်ဆိုဦး၊ ငါ့ရဲ့ ရုပ်ရည်ကို မြင်တာနဲ့ အဲဒီမင်းသမီးဟာ ရက်၍ဖြစ်စေ၊ ကြောက်၍ဖြစ်စေ၊ မနှစ်မမြို့ အော့နှလုံးနာ၍ ဖြစ်စေ၊ ဒီလို ရုပ်ရည်မျိုးနဲ့ ဘုရင့်သားကိုဖြင့် ကြင်ယာမလုပ်ပါရစေနဲ့ ဆိုပြီး မဆိုင်းမတွ ထွက်





ပြေးမှာ မုချဖြစ်တယ်။ ဒီအခါမှာ အားလုံးရှက်ဖွယ်လိလိ ဖြစ်ကုန်ကြတော့မည်။ ငါ ကုသကုမ္မာအဖို့ အိမ်ရာထောင်ခြင်းဆိုတာ လုံးဝ အဓိပ္ပာယ်ကင်းမဲ့တဲ့အရာပဲ ဖြစ်တယ်။ ဒါကြောင့် ..."

ကုသကုမ္မာသည် အတွေးကို တိခနဲ ဖြတ်လျက် –

"ကိုယ်လုပ်တော်ကြီး ခမည်းတော် မယ်တော်တို့ထံ ပြန်ကြားလျှောက်တင်ဖို့ ကျွန်ုပ်ရဲ့စကားကို သယ်ဆောင်ရန် အသင့်ပြင်ပါ"

ကိုယ်လုပ်တော်ကြီးက လက်အုပ်ချီ၍ နာခံသည်။

"ကုသကုမ္မာ သားတော်ကြီးဟာ ထင်ရှားရှိသော ခမည်းတော်နှင့် မယ်တော်တို့ကို လုပ်ကျွေးပြုစုသွားမယ်။ မခမည်းတော် မယ်တော်တို့ လွန်ပြီးခဲ့သောအခါမှာ တောထွက်ရှင်ရဟန်းပြုမယ်၊ ကုသကုမ္မာအဖို့ မင်းအဖြစ်ကိုလည်း အလိုမရှိ၊ ထို့ကြောင့် မိဖုရားဟူသည်မှာလည်း ဖြစ်ပေါ်လာရန် အကြောင်းမရှိ၊ ဒီအတိုင်းသာ တိုက်ရိုက်စကားနဲ့ သံတော်ဦးတင်လိုက်ပါ"

အံ့ဩတုန်လှုပ်သွားသော ကိုယ်လုပ်တော်ကြီး၏ လက်အုပ်ရှေ့မှပင် ဖြတ်သန်းလျက် သလွန်မှ ထ,ကာ အတွင်းဆောင်သို့ ဝင်ခဲ့လေသည်။

*

ဒုတိယအကြိမ်၊ တတိယအကြိမ် ကိုယ်လုပ်တော်ကြီး အခစားဝင်ပြန်သည်။ ခမည်းတော် မယ်တော်တို့၏ အပြေအပြစ် အမှာစကားဟူ၍ လျှောက်တင်သည်။ စကားလုံး အသုံးအနှုန်းများက ပို၍ လှပဝေဆာစွာ ကွဲပြားခြားနားခဲ့သော်လည်း အဓိပ္ပာယ်က အတူတူပင် ဖြစ်သည်။

ထီးနန်းလွှဲအပ်လိုပြီ၊ ပြည့်ရှင်မင်းအဖြစ် ဒေဝီမဟေသီ မိဖုရားမြှောက်ရန် လိုအပ်ပြီ၊ မည်သည့်တိုင်းပြည် မည်သည့် ဘုရင်၏ သမီးတော် မည်သူကို အလိုရှိသနည်း ... ဒါပဲဖြစ်၏။

သုံးကြိမ်လုံးလုံးပင် မိမိကလည်း တစ်ထပ်တည်းသော စကားကို ပြန်ကြားခဲ့သည်။ မိဘနှစ်ပါး ရှိနေသရွေ့ လုပ်ကျွေးပြုစုသွားမည်။ မိဘနှစ်ပါးလွန်လျှင် တောထွက်ရဟန်းပြုမည့် ကုသကုမ္မာသည် မင်းအဖြစ်ကို အလိုမရှိ၊ မိဖုရား ရွေးချယ်ရန်လည်း အကြောင်းမရှိ။

တတိယအကြိမ်အထိ ငြင်းပယ်ပြီးနောက် ကုသကုမ္မာတွေးသည်၊ တစ်ကြိမ်နဲ့မရ၊ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် လာဦးမှာပဲ ဒီစကားတွေနဲ့ပဲ တိုက်တွန်းဦးမှာ ငါကလည်း ဒီအတိုင်း တုံ့ပြန်ဖို့ကလွဲပြီး အခြားမရှိ၊ ဒီအတိုင်းသာဆိုရင် ငါဟာ ခမည်းတော် မယ်တော်တို့ရဲ့ ဆန့်ကျင်ဘက်မှာ ရပ်တည်နေသူဆိုပြီး ထင်ရှားပေါ်လာလိမ့်မယ်။ မိဘနှစ်ပါးက ဖျောင်းဖျရင် သားကမည်း၊ မိဘနှစ်ပါးက အဝိုင်းပြော၊ သားက လေးထောင့်ပြော၊ မိဘနှစ်ပါးက အရှေ့၊ သားက အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းသာသွားရင် အမိအဘကို ဆန့်ကျင်တဲ့သားဆိုတာကလွဲပြီး အခြားအကျိုးထူးစရာ မမြင်ဘူး။ ဒီတော့ ဆန့်ကျင်မှု ပဋိပက္ခပြုတဲ့သားလည်း မဖြစ်ရအောင် ငါ့အလိုလည်း မတိမ်းစောင်းရအောင် ခမည်းတော် မယ်တော်တို့လည်း ကျေနပ်နိုင်အောင် ဥပါယ်တံမျဉ် သုံးမှ ဖြစ်တော့မယ်"

*

ကုသကုမ္မာ၏ အထူးအမိန့် အာဏာတော်အရ အခစားဝင်ခဲ့ရသော ရွှေပန်းထိမ်သည်ကြီးသည် လက်အုပ်ချီ၍ အမိန့်သံကို ငံ့လင့်နေ၏။

"ရွှေပန်းထိမ်သည်ကြီး၊ သင် ... ရွှေကို တကယ် နိုင်နင်းသလား"

"မှန်ပါ့ အရှင့်သား ... ဘုန်းတော်ကြောင့် ကျွန်တော်မျိုးကြီးဟာ ရွှေသတ္တုကို အဝတ်ကြိုးမျှင်ကဲ့သို့ ကိုင်တွယ်ပြုလုပ် ဆောင်ရွက်နိုင်သူပါ"

"ကောင်းပြီ ... သင်ကို ကိုယ်တော် ရွှေထည်ပစ္စည်းတစ်ခု ပြုလုပ်ဖို့ အပ်နှံမယ်"

"ဘုန်းတော်ကြောင့် ယုံကြည်စိတ်ချတော်မူပါ။ အရှင့်သား မည်သည့် အဆောင်အယောင်ပစ္စည်း ပုံသဏ္ဍာန်မျိုးကို မဆို ကျွန်တော်မျိုးကြီး သွန်းခတ်ပြုလုပ်နိုင်ပါတယ်"

"အင်း ... သင် ပြုလုပ်ရမှာက ဣတ္ထိယ မိန်းမရုပ်တစ်ရုပ်ပဲ"

"ကျွန်တော်မျိုးကြီး"

"ခဏနေဦး ... ကိုယ်တော် အလိုရှိတာ ပြောပြမယ်။ ဒီအရုပ်မှာ ဣတ္ထိယဘာဝတို့ အပြီအသ ပါဝင်စေရမယ်။ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတိုင်းမှာ အလှကျက်သရေ ရှိနေစေရမယ်။ နွဲ့နှောင်းတဲ့ ဟန်အမူအရာ ရှိစေရမယ်။ ငါးဖြာသော ကောင်းခြင်းနဲ့ ပြည့်စုံစေရမယ်"

ရွှေပန်းထိမ်သည်ကြီး၏ မျက်နှာမှာ တက်ကြွဝမ်းသာစိတ်ဖြင့် ဝင်းခနဲ ဖြစ်သွား၏။ ဘုရင့်သားတော်ကြီးကိုယ်တိုင် အထူးခေါ်ယူ မိန့်မှာခိုင်းစေသော အလုပ်၊ မိမိကား နန်းသုံးတော်ဝင် ပန်းထိမ်တော်ဝန်ဖြစ်ဖို့ လမ်းစ ပေါ်ချေပြီ။

"မှန်ပါ ... ဘုန်းတော်ကြောင့် ကျွန်တော်မျိုးကြီး"

"သင် လျှောက်တင်စရာ ရှိတဲ့ စကားတွေကို အသာထားပြီး သင့်ရဲ့ ပန်းထိမ်ပညာစွမ်းထဲမှာပဲ ထည့်သွင်းအသုံးပြုပါ။ လိုအပ်သမျှ ရွှေစင်တွေကို ကိုယ်တော် ထုတ်ပေးမယ်"

"ကျွန်တော်မျိုးကြီး တစ်သက်မှာ နောက်ထပ် သွန်းခတ်ပြုလုပ်စရာ ပညာ မကျန်တော့သည်အထိ ပညာကုန် ထုတ်သုံးပြီး အမှုတော် ထမ်းပါ့မယ် အရှင့်သား"





ရွှေရုပ်ပြီးမည့်အချိန်ကာလနှင့် ကုန်ကျမည့် ရွှေစင်ရွှေသား ပမာဏအား ပညာသည်လက်ခ အဖိုးသားနားများကို ညှိနှိုင်းကြပြီးနောက် ရွှေပန်းထိမ်သည်ကြီးသည် ဝမ်းမိုက်နှင့် နန်းရင်ပြင် ထိမတတ် ခါးညွတ်ကိုင်းရှိုင်း လက်အုပ်ချီကာ ဘွက်ခွာသွား၏။

ကုသကုမ္မာလည်း နန်းဆောင်အတွင်းသက်တစ်ခုသော အလုံပိတ်တိုက်ခန်း အတွင်းဝင်လာခဲ့၏။ ထိုတိုက်ခန်းတွင် အမိုးမျက်နှာကြက်ဆီမှ နေရောင်ကျရောက်စေရန် ပြုလုပ်ထားသော မှန်ချပ်အပေါက်မှတစ်ပါး ပြတင်းပေါက် မရှိချေ။ အခန်းထဲတွင်ကား ရွှေစင်ရွှေသား အစိုင်အခဲများ၊ ပန်းထိမ်နန်းခတ်ရာတွင် အသုံးပြုသော ပစ္စည်းကိရိယာများ၊ ရုး၊ ဆောက်၊ လွှ၊ တူ စသော လက်နက်များ ရှိနေ၏။ မျက်နှာကြက် မှန်ချပ်ပေါက်မှ အလင်းရောင် ကျနေသော နေရာတွင် ဆုံလည်ခုံမြင့် တစ်ခုကို တည်ထားသည်။

ကုသကုမ္မာသည် ထိုဆုံလည်ခုံမြင့်အနီးတွင် ရပ်လိုက်၏။

စင်မြင့်ပေါ်မှ ရွှေစင်ရွှေသား အစိုင်အခဲများဆီမှ ရွှေရောင်အလင်းပြန်လျက် ကုသကုမ္မာက ရွှေအလင်းပြန်ဟပ်နေသော မိမိ၏မျက်နှာပါးပြင်ပေါ်မှ တင်းတိပ် မှဲ့ခြောက်များကို ပွတ်သပ်ရင်း ပြုံးလေသည်။

*

ချိန်းဆိုထားသော နေ့ရက်ရောက်ခဲ့ပြီ။

ရွှေပန်းထိမ်သည်ကြီးသည် ကတ္တီပါစ လွှမ်းထားသော ရွှေရုပ်ကို ကုသကုမ္မာရှေ့တော်မှောက် သွင်းလာ၏။ ထို့နောက် ဝင့်ဝင့်ကြွားကြွား ဟန်ပန်ဖြင့် ကတ္တီပါစကို ဖယ်ရှားလိုက်သည်။

ချောမောလှပပြေပြစ်သော ရွှေရုပ်ပေါ်လာ၏။

"ရှုစားတော်မူပါ အရှင့်သား၊ ဣတ္ထိယဘာဝ အတိအကျ၊ အလှအပ အပြည့်အစုံ၊ ကောင်းခြင်း ငါးပါးအင် စုံလင်ကြွယ်ဝတဲ့ ရွှေစင်မိန်းမရုပ်ကို ကျွန်တော်မျိုးကြီး ပညာကုန်ထုတ် သွန်းခတ်ပြုလုပ်ခဲ့ပါပြီ ဘုရား"

ကုသကုမ္မာသည် ရွှေရုပ်ကို တစ်ချက်မျှ လှမ်းကြည့်သည်။ ရွှေပန်းထိမ်သည်ကြီးမှာ ကတုန်ကယင် ဖြစ်လျက် ဘုရင့်သားတော်ထံမှ ချီးကျူးစကားနှင့် ဆုလာဘ်အသပြာများကို နားရော လက်ပါ အသင့်စွင့်ထားလေသည်။

"ကျွန်တော်မျိုးကြီး"

ကုသကုမ္မာက လက်ပြဟန့်တားလိုက်သဖြင့် ပန်းထိမ်သည်ကြီး စကား တန့်သွား၏။

"သင့် ရုပ်တုဟာ ...."



www.burmeseclassic.com

www.burmeseclassic.com



ပန်းထိမ်သည်ကြီး၏ လည်စလုတ်မှာ သိသိသာသာကြီး လှုပ်ရှားသွား၏။

"မကောင်းသေးပါဘူး မောင်မင်း"

ပန်းထိမ်သည်ကြီး၏ မျက်နှာမှာ မည်းခနဲ ဖြစ်သွားကာ လက်အုပ်ချီထားသော ကိုယ်ဟန်အသွင်မှာလည်း ကျုံ့ဝင်သေးငယ်သွားသည် ထင်ရ၏။

"ရွှေစင်ရုပ်တုဆိုတာ ဒါမျိုး မဟုတ်သေးဘူး။ ကိုင်း ... ဟောဟိုဘက်က ကြက်သရေ တိုက်ခန်းမှာ ကိုယ်တော်တို့ သိမ်းဆည်းထားတဲ့ ရွှေရုပ်တစ်ခုရှိတယ်။ သင်ကိုယ်တိုင်ပဲ အဲဒီ အရုပ်ကို သွားဆောင်ယူချေပါ"

"ကျွန်တော်မျိုးကြီး"

"သွားလေ ... သွားဆောင်ယူချေ"

ပန်းထိမ်သည်ကြီးသည် ဒရွတ်ဆွဲသော ခြေလှမ်းများဖြင့် ထွက်သွား၏၊ သို့သော် ခဏအကြာတွင်ကား ဒရောသောပါး မပြေးရုံတမယ် ခြေလှမ်းများဖြင့် ပြန်လာကာ အမောတကော လျှောက်လေသည်။

"အရှင့်သား ... အရှင့်သား ဘုန်းတော်ကြောင့် ကြက်သရေ တိုက်ခန်းထဲမှာ နတ်ဒေဝီတစ်ပါး ရောက်ရှိနေပါတယ်။ အရှင့်သားနဲ့ မွေ့လျော်ဖို့ နတ်ဘုံကဆင်းသက်လာတဲ့ နတ်သမီးတစ်ပါးကို တွေ့ခဲ့ရပါတယ်။ နတ်သမီး ရှိနေတဲ့ တိုက်ခန်းထဲ ကျွန်တော်မျိုး လက်တစ်ဖက်တောင် ဆန့်တန်း မဝင်ရဲပါဘူး အရှင့်သား၊ မကပ်ရဲပါဘူး အရှင့်သား"

ကုသကုမ္မာ ပြုံး၏။

"ရွှေပန်းထိမ်သည်ကြီး အဲဒါ နတ်သမီးမဟုတ်ပါဘူး။ ရွှေရုပ်တစ်ရုပ်ပါ။ သွားဆောင်ယူချေပါ"

"အဲ ... ဒါ ... ရွှေရုပ်"

"ဟုတ်တယ်"

"ရွှေစင်ရွှေသားနဲ့ သွန်းခတ်ပြုလုပ်ထားတဲ့ ရွှေရုပ်"

"ဟုတ်တယ်လေ ... ပန်းထိမ်သည်ကြီး"

"အောင်မယ်လေးလေး ... ကွယ်ရှိရေ ... အဲဒါဟာ ရွှေရုပ်တဲ့ မြတ်စွာဘုရား ... အဲဒါ ရွှေရုပ်ဆိုရင်တော့ ငါ သွန်းခတ်တဲ့ အရုပ်ဟာ ဘီလူးမအရုပ်ဖြစ်သွားပါပေါ့လား။ အောင်မယ်လေး ... ကွယ်ရှိ ... ပကတိလူသား မိန်းမ၊ အို ... နတ်ဒေဝီနဲ့မခြား လှလိုက်တာ၊ နွဲ့လိုက်တာ၊ ယဉ်လိုက်တာ၊ အို ... အသက်ဝင်လိုက်တာ၊ မျက်တောင်များ ခတ်လေမလား ရင်အုံမို့မောက်လှုပ်ရှားအသက်ရှူနေမလား။ ပြုံးယောင်နှုတ်ခမ်းလွှာအတွင်းက သွားစွယ်လေးများလက်ခနဲ ပြုလာမလား။ ခြေဖဝါးလေး ကြွ ... ကြွ ... လှမ်းလိုက်လေမလား။





လက်ခနဲ အပြုံးလေးနဲ့အတူ မျက်ခုံးလေးပင့် မျက်လွှာလေးဝင့် မျက်စလေးချီပြီး စကားပြောတော့မှာလား။ အမယ်လေးလေး ... ကွယ်ရှိ ... ရွှေစင်ရုပ်တဲ့။ ရွှေသားရုပ်သွင်တဲ့၊ အသက်ဝင်နေတဲ့ နတ်ဒေဝီ၊ တုဖက်မရှိတဲ့ အလှစကြာ။ အဲဒီ ရွှေသားရုပ်သွင်တို ဘယ်လိုတန်ခိုးတော်ရှင်ကများ ဖန်ဆင်း လိုက်ပါလိမ့်။ ဒါဟာ ကောတိ လက်နဲ့ သွန်းခတ်ပြုလုပ်ထားတာ မဖြစ်နိုင်ဘူး။ တန်ခိုးနဲ့ ဖန်ဆင်းတာပဲဖြစ်ရမယ်။ အလိုလေး ... ငါ့ရဲ့ ပညာကုန် ရွှေရုပ်ဟာ ဘီလူးမကြီး ဖြစ်သွားပြီဆဲ့"

ပန်းထိမ်သည်ကြီးသည် ဘုရင့်သားတော်ကြီး၏ ရှေ့မှောက်၌ ရောက်နေရသော အဖြစ်ကိုပင် မေ့သွားပြီး ကယောင်ကတမ်း ကတုန်ကယင် မြည်တမ်းနေတော့သည်။

ကုသကုမ္မာသည် ပန်းထိမ်သည်ကြီး၏ ဆောက်တည်ရာမဲ့ အဖြစ်ကို နှင့်လွှတ်စွာ ပြုံးရင်း မင်းချင်းများအား အမိန့်ပေးလိုက်၏။

"ပန်းထိမ်သည်ကြီးရဲ့ အရုပ်ကို ကျက်သရေ တိုက်ခန်းထဲမှာ သိမ်းထားလိုက်ကြ၊ ပြီးတော့ သူ့ကို ဆုလာဘ် အသပြာများပေးပြီး ပြန်ပို့လိုက်၊ ကျက်သရေတိုက်ခန်းထဲက ရွှေသား ရုပ်သွင်ကို ထုတ်ယူခဲ့၊ ခေါမတိုင်းဖြစ် အဝတ်များနဲ့ ခြုံလွှားဆင်လင့် ဝေါယာဉ်မှာထား၊ နားခံတော်က သဝဏ်လွှာတစ်စောင်ရေးစမ်း။ ဤရွှေသားရုပ်သွင်သို့နှယ်သော ဘုရင့်သမီးတော်ကို ရရှိပါက သားတော် မိဖုရားအဖြစ် သိမ်းပိုက်ပါမည်လို့ စာစီရေးသား၊ ဝေါယာဉ်နဲ့တကွ ရွှေသားရုပ်သွင်နဲ့ သဝဏ်လွှာကို ခမည်းတော် မယ်တော်တို့ထံ ဆက်သွင်းဖို့ ပြင်ဆင်ကြ"

အားဂုံး ထွက်သွားကြပြီး နန်းတော်အတွင်း၌ တစ်ကိုယ်တည်း ကျန်ရစ်ခဲ့ချိန်တွင် ကုသကုမ္မာသည် ပြုံးလျက်ပင် ရေရွတ်လေသည်။

"ငါ ... အရုပ်ဆိုး အကျည်းတန်သမျှကို ပြောင်းပြန်ဆန့်ကျင်ပြုပြီး ရွှေသားရုပ်သွင်ကို ငါ သွန်းခတ်ပြုလုပ်ခဲ့တယ်။ အင်း ... ငါ အရုပ်ဆိုးသလောက် ရွှေစင်ရုပ်က လှတယ်။ ရွှေစင်ရုပ်လှသလောက် ငါ အရုပ်ဆိုးတယ် ... ဟုတ်များဟုတ်သေးကွယ်"

*

သဝဏ်လွှာနှင့်တကွသော ရွှေစင်ရုပ်သည် ခမည်းတော် မယ်တော်တို့ထံသို့ ရောက်လာ၏။ ခမည်းတော် ဩက္ကာကရာဇ်မင်းကြီးက ရွှေစင်ရုပ်ကို ရှေ့နောက် ဝဲယာလှည့်ပတ် ရှုစားရင်း အံ့ဩမဆုံး ချီးမွမ်းခန်း ဖွင့်နေချိန်၌ မယ်တော် သီလဝတီကမူ သဝဏ်လွှာကို အသေအချာ ဖတ်ရှုသည်။

သဝဏ်လွှာ ဖတ်အပြီး၌ မယ်တော်ကြီး၏ မျက်နှာမှာ နှစ်ထောင်းအားရ အပြုံးများ ဖူးပွင့်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားတော်ကြီးအကြောင်း ဒါသာ အသိဆုံး၊ သူဟာ သိကြားမင်းပေးတဲ့ သားထူးသားမြတ်၊ အတုမရှိ ပညာရှိတဲ့ အဖိုးတန်သား၊ ဒီတော့ သားတော်ကြီး အရေးကို ငါပဲ စီမံမယ်" ဟု ရေရွတ်ကာ မှူးမတ်များကို ချက်ချင်းစုရုံးစေလိုက်၏။

မယ်တော်ကြီးက မိဖုရားခေါင်ကြီးတို့ အမိန့်အာဏာကို ထုတ်ပြန်သည်။

"မှူးမတ်တို့၊ သားတော်ကြီး ကုသကုမ္မာအတွက် သင့်လျော် လျောက်ပတ်တဲ့ မင်းသမီးကို ရစေရမယ်။ ဟောဒီ ရွှေစင်ရုပ်ကို အမိုးအကာ ဖုံးလွှမ်းသော ယာဉ်မှာထား၊ ယာဉ်အမှုထမ်းများ အစောင့်ရဲမက်အကြပ်၊ ဗိုလ်ပါများ အစုံအညီ ခင်းကျင်း၊ မှူးမတ်များက အလှည့်ကျ အမှုတော်ယူပြီး အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို လှည့်လည်ကြ၊ တိုင်းပြည်တစ်ပြည်၊ ဘုရင်တစ်ပါးပါးထံမှာ ဟောဒီ ရွှေစင်ရုပ်နဲ့ မခြား၊ အလုံးစုံတူညီတဲ့ မင်းသမီးကို တွေ့ရပြီဆိုရင် ဒီရွှေစင်ရုပ်ကို ထေးအပ်ခဲ့ကြ ကြားလား၊ ပြီးတော့ ကျွန်ုပ်တို့ရဲ့ မလ္လတိုင်း ကုသဝတီမင်းနေပြည်မှာ စိုးစံသော တိုင်းကြီးသခင် ပြည်ကြီးအရှင်၊ ဩက္ကာကရာဇ်မင်းကြီးနဲ့ သီလဝတီမိဖုရားကြီးတို့ရဲ့ သားတော်ကြီး ကုသကုမ္မာအတွက် အိမ်ရာထိမ်းမြားခြင်း မင်္ဂလာကို ပြုတော်မူလတ္တံ့ဆိုပြီး နေ့ရက် အချိန်းအချက် အသေအချာ မှတ်သားလာခဲ့ကြ ... ကြားလား"

ထူးခြားသော ထိုအစီအစဉ်ကို တာဝန်ယူ အမှုတော် ထမ်းရမည့် မှူးမတ်များသည် စိတ်အားထက်သန်လျက် ရှိကြလေသည်။ တင်းတိမ် ဇာပဝါ အလွှာပါးဖြင့် ကာရံထားသော ပေါင်းမိုးတပ်ယာဉ်ထက်တွင် နတ်ဒေဝီနှင့်မခြား လှပလွန်းသော ရွှေစင်ရုပ်ကို တင်ဆောင်ကာ အတိုင်းတိုင်း အပြည်ပြည်သို့ ခရီးလှည့်ခဲ့ကြသည်။

မင်းနေပြည်တစ်ပြည်ရောက်တိုင်း လူအများ စည်ကားစုဝေးရာ ဈေးရုံတံခါး၊ မင်းလမ်းမဆုံ၊ ဥယျာဉ်မုခ် စသည့်နေရာများတွင် ယာဉ်နှင့် ထမ်းစင်ကို ချထားကာ မနီးမဝေးမှာ အကဲခတ်စောင့်ကြည့်ကြ၏။

လူအများတို့သည် လှပဆန်းကြယ်စွာ စီရင်ထားသော ထမ်းစင်ယာဉ်ထက် ပေါင်းမိုးတင်း ဇာပဝါကာ အိမ်ပြာသာဒ်အတွင်းမှ ရွှေစင်ရုပ်အနီး ချဉ်းကပ်လာကြသော ရွှေစင်ရုပ်ကို ကြည့်၍ တအံ့တဩ ရေရွတ်ကြသည်။

"အို ... နတ်တမျှ လှနိုင်သူပါလား၊ အသရေကလည်း တင့်တယ်လိုက်တာ၊ ဘယ့်နှယ်ကြောင့် ဒီနေရာမှာ ထမ်းစင်ယာဉ် ပြာသာဒ်နဲ့ ရောက်လာနေပါလိမ့်။ ဘယ်အရပ် ဘယ်ဒေသကပါလိမ့်။ ငါ့ရို့နေပြည်တော်မှာ ဒီလောက်လှတဲ့ မိန်းမသူ ရှိတာမဟုတ်"





ထိုစကားမျိုးကိုသာ ကြားကြရ၏။ မနီးမဝေးမှ စနည်းနာနေကြသော မှူးမတ်တို့လည်း သဘောပေါက်ကြလေပြီ။ ဤနေပြည်တော် ဤဒေသ၌ ရွှေစင်ရုပ်နှင့် ယှဉ်တုနိုင်သော အလှဒေဝီမရှိ၊ အကယ်၍ တစ်ဦးတလေ ရှိငြားအံ့ ... ငါတို့ဆီက ဘယ်မင်းသမီးနဲ့ တူလိုက်တာ၊ ဘယ်သူ့သမီးနဲ့ တူလိုက်တာ စသည်ဖြင့် ပြောကြပေလိမ့်မည်။

ဤသို့ဖြင့်ပင် ရွှေစင်ရုပ်ကို သယ်ဆောင်၍ တစ်ပြည်မှ တစ်ပြည်သို့ ခရီး ရွှေ့ခဲ့ကြပြန်၏။ ရောက်လေရာ ဒေသတိုင်းမှာပင် ရွှေစင်ရုပ်နှင့် မနီး ယှိုးစွဲ အလှရှင်မ သတင်းကို စိုးစဉ်းမျှ ကြားရခြင်း မရှိ။

မှူးမတ်တို့ စိတ်ပျက်စပြုလာကြသည်။

"ဒီလောက်လှတဲ့ မိန်းမသူမျိုး ဒီမြေအပြင်ပေါ်မှာ မရှိနိုင်တော့ပါဘူး၊ အမတ်မင်းရယ် ... သက်ရှိ ထင်ရှားလူသားမိန်းမထဲမှာ ဒီရွှေစင်ရုပ်နဲ့ မခြားတူမျှ လှပသူကို ဆက်ရှာနေလို့ကတော့ ခရီးလှည့်ရင်းနဲ့ပဲ ကျုပ်တို့ အသက်တွေကြီးရင့် အိုမင်းပြီး သေကုန်ကြလိမ့်မယ် ထင်ပါရဲ့"

"ဟုတ်ပ၊ အမတ်မင်း ညည်းမယ်ဆိုလည်း ညည်းစရာ ... မရှိနိုင်တဲ့ အရာတစ်ခုကို ကျုပ်တို့က မျက်ရမ်းမှန်းဆ လိုက်ရှာနေကြသလို ဖြစ်နေပေါ့"

"အင်း ... တစ်နေရာမှာတော့ ရှိနိုင်ပါရဲ့"

"ဟုတ်လား ... ဘယ်နေရာလဲ ... သိရင် ညွှန်းစမ်းပါဗျာ။ အဲဒီနေရာကို တစ်ခါတည်း သွားလိုက်ကြပါစို့"

"ရွှေစင်ရုပ်နဲ့ မခြားတူတဲ့ အလှဒေဝီရှိတဲ့ နေရာ ... အင်း ... ရှိမှာတော့ သေချာတယ်။ ဒါပေမယ့် အဲဒီကို ကျုပ်တို့ သွားလို့ မရဘူး"

"ဘာဖြစ်လို့လဲ"

"နတ်ပြည်လေ"

"ဘယ်လို"

"နတ်ဒေဝီ နတ်သမီးမှပဲ ဒီရွှေစင်ရုပ်လို လှတော့မှာပေါ့ဗျ"

အားလုံး သက်ပြင်းများ မှုတ်ထုတ်ကြကာ မှိုင်ချကုန်ကြ၏။ တစ်ဒေသမှ တစ်ဒေသ၊ မင်းနေပြည်တစ်ခုမှ တစ်ခု၊ လှည့်လည်ခဲ့ရပေါင်းများသဖြင့် အားလုံးလည်း ပင်ပန်းနွမ်းနယ်ကုန်ကြလေပြီ"

"ကိုင်း ... ကိုင်း ... သူ့ဟာသူ ရှိတာ မရှိတာက သူ့ကိစ္စ၊ ဆက်လက်ရှာဖွေဖို့က ကျုပ်တို့ကိစ္စ၊ မှိုင်တွေညည်းနေလို့မပြီးဘူး။ အမိန့်တော်က အမိန့်တော် ခရီးဆက်ကြဦးစို့ ... ဟောဟိုမှာ မင်းနေပြည်တစ်ခု တွေ့နေရပြန်ပြီ။ ဘယ်ဟာလဲ၊ ဘတ်စမ်းပါဦး" ပန်းကနုတ် ဖော်၊ ရွှေမင်ရည်လိမ်း စာတိုင်ပေါ်မှ စာလုံးများကို အမတ်တစ်ယောက်က ဖတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဒ္ဒရာဇ်တိုင်း ခုဇ္ဇာသာဂလနေပြည်တော် ... တဲ့"

"ပဘာ ... ပဘာ ... မိန်းကလေး ဘယ်ရောက်နေတုန်း"

အသံက ခပ်သြသြ အသံလုံးက ခပ်ကြီးကြီး အနည်းငယ် အားထုတ်ရုံမျှဖြင့် ကျယ်ကျယ်စွာစွာ ထွက်လာသော အသံမျိုး ... လူမမြင်ရဘဲ အသံချည်းကိုသာ ကြားရလျှင် ယောကျ်ားတစ်ယောက်ပဲဟု ထင်စရာ ဖြစ်၏။

"ဟဲ့ ... မိန်းကလေး ... ပဘာ ... ပဘာ"

*နှုတ်ကလည်း မနားတမ်း ရေရွတ်သလို လူကလည်း တစ်ချက်*ကလေးမှ မနား၊ ရက်ကန်းစင်ထက်မှ လွန်းကလေးကို တရစပ် လှုပ်ရှားလျက်-

"ခက်တော့နေပါပြီ ... ပဘာ ... ရေ၊ ဟဲ့ ... မယ်မင်းတို့ သခင်မလေး ဘယ်ရောက်နေသလဲ။ နရိုန်ထိ အပြင်ထွက် မလာသေးဘူးလား။ ခေါ်မကြား အော်မကြားနဲ့၊ ဘယ်ဘုံနန်း ဘယ်ဗိမာန်မှာ စံပျော်နေ"

"ကြေးမုံခန်းထဲမှာ ထိပ်ထားလေး ရှိပါတယ် အမေရဲ့"

မောင်းမငယ်တစ်ယောက်က အပြေးအလွှား လာပြောသည်။

"ဘာ ... ဘာတဲ့ ... ငါ့ကို ဘယ်လို ခေါ်လိုက်တယ်"

"အမေ ... လို့"

"တော်စမ်း ... ကျုပ်မှာ နာမည်ရှိတယ်။ အမေလို့ ခေါ်စရာလား။ အမေလို့ ခေါ်တဲ့သူ ခေါ်ပိုင်ခွင့် ရှိတဲ့သူ၊ ဒီမဒ္ဒရာဇ်တစ်တိုင်းလုံးမှာ တစ်ယောက်ပဲ ရှိတယ်။ သူက ပဘာ ... ပဲ၊ ညဲတို့က ကျုပ်ကို အမေ မခေါ်ပါနဲ့၊ ညဲတို့ကို ကျုပ် မွေးထားတာ မဟုတ်ပေါင်၊ ခေါ်ပါ နာမည်ပဲ ခေါ်ပါ ခုဇ္ဇာ ... လို့"

မောင်းမငယ်များ လေးငါးယောက် ဖြစ်လာကာ ကြိတ်၍ ရယ်ကြ၏။

"ဟင် ... ထိပ်ထားလေးကျတော့ သူမွေးထားတာကျနေတာပဲ"

"ဘယ်လို ... ဘယ်လို ... မယ်မင်းမ ဘာစကားပြောလိုက်တာလဲ။ ငါက မွေးမထုတ်ရုံတမယ်ပဲဟဲ့။ ပဘာဟာ ငါ့သမီးနဲ့မခြား၊ ငါဟာ သူ့မယ်တော်နဲ့မခြား၊ ငါက တစ်သက်လုံး အရိပ်လေးလို ကြည့်ပြီး စောင့်ရှောက်ခဲ့ရတာ၊ ညဲတို့ ဘာသိလို့တုန်း"

"သိပါတယ် ခုဇ္ဇာရယ် သိပါတယ်။ ခုဇ္ဇာ အဖြစ်သည်းလွန်းလို့ ပြောနေတာပါ"

"အောင်မယ် မယ်မင်းမ လာလာချည်သေး၊ သည်းရမယ်တော့ သည်းရမယ်။ ပဘာဟာ ထွန်းပွင့်လာစ နေရောင်ခြည်တန်းလေး ထိုးကျနေတဲ့ ပန်းဆိုင်ထက်က နှင်းစက်လေးလိုပဲ သိလား"

"ဟင် ... ခုဇ္ဇာတစ်ယောက်ကဖြင့် ပြောလိုက်ပြန်ပြီ။ အဲဒီ နှင်းစက် ... အဲ"





"ဟယ် ... ညဲတို့ဘာမှ နားမလည်ဘူး။ အဲဒီ နှင်းစက်လေးက ပန်းဆုံလေးမှာ သီပြီး တွဲရရွဲခိုနေတာ၊ အဲဒါလေးက, နေရောင်ပွင့်လာရင် ဖြုတ်ဆို အောက်ပြုတ်ကျသွားမှာ ... ကျုပ်က အဲဒီနှင်းစက်လေးကို အောက်အကျ မခံဘဲ လက်ဖဝါးလေးနဲ့ ခံထားမှာ သိလား"

"ထိပ်ထားလေးကို ဒီလောက်တောင် ချစ်သလား ခုဇ္ဇာရယ်"

"ဟဲ့ ... ညဲတို့ အသိခေါက်ခက် အဝင်နက်ပါလား။ ဒီလောက်လှ၊ ဒီလောက်နူးညံ့တဲ့ သမီးလေးပဘာကို ဂရုစိုက်နိုင်လွန်းမှ တော်ကာကျတာ၊ ကဲပါ ... ညဲတို့ ပြောနေရတာနဲ့ပဲ ဘယ်မှာလဲ ပဘာ ... မပြီးသေးဘူးလား" ကြေးမုံခန်းတံခါးချပ် ပွင့်လာ၏။ တင်းတိမ် ပဝါစတစ်ချက် လှုပ်ပြီး အတွင်းမှ လှမ်းထွက်လာသူကို လှမ်းကြည့်ရင်း ခုဇ္ဇာသည် မျက်လုံးမရွှေ့တော့ဘဲ။

"အလိုလေးတော် ဒီဝတ်စုံနဲ့ အပြင်ထွက်မှာတဲ့လား။ ခုဟာ ညချမ်းအခါတော့၊ အပြင်မှာ လေအေးလေးတိုက်နေပြီ။ ထူထူထဲထဲလေး ခြုံလာရမှာတော့။ ညဲတို့တော့ ခက်ပါပြီ၊ ဘယ်ခရီး ဘယ်ထီးနဲ့ သင့်သလဲဆိုတာတောင် မတွတ်တတ်ကြဘူးလား။ ကြည့်ပါဦး ... သူ့ရို့ထိပ်ထားလေးကို ဆင်သထားလိုက်တာ၊ ပါးပါးလွှာလွှာ ဝတ်ရုံလေးနဲ့"

မောင်းမငယ်များမှာ ခေါင်းကိုယ်စီ ငုံ့ရင်းပြုံးနေကြသည်။ အထိန်းတော်ကြီးခုဇ္ဇာကို သူတို့အားလုံးက ကြောက်ဟန်ဆောင်ထားကြ၏။ အမှန်တော့ ပွင့်ပွင့်လင်းလင်းဖြင့် စီစီလောင်လောင် ပြောတတ်ဆိုတတ်သော ခုဇ္ဇာကို သူတို့ မကြောက်ကြ။

"အမေ"

"တော်"

မောင်းမငယ်အချို့မှာ ပြုံးရုံမကတော့ဘဲ ရယ်သံသဲ့သဲ့ ထွက်သွားမည်စိုးဟန်ဖြင့် ပါးစပ်ကို လက်ဝါးများဖြင့် ကွယ်ကာ လိုက်ကြ၏။

"အမေ" ဟု ခေါ်လိုက်သူကား မဒ္ဒရာဇ်တိုင်း မဒ္ဒရာဇ်မင်းကြီး၏ သမီးတော် ပဘာဝတီ။ "တော်" ဟူ၍ ထီးသံ နန်းသံ ကြငှန်း မဆန်စွာ တောသူမိလက္ခဏူကြီး တစ်ဦးလို ထူးလိုက်သူက အထိန်းတော်ကြီး ခုဇ္ဇာ ...။

"ပဘာ ... ခြုံလွှာ ထူထူကြီး မဆင်မြန်းချင်ဘူး။ အပြင်မှာ တိုက်နေတဲ့ လေအေးအေးရှလေးကို ခံယူချင်တယ်"

"အလိုလေးတော် ... အဲဒီ လေအေးအေးဆိုတာက နံနက်အရုဏ်ဦးရဲ့ လေပြည်လေညင်း မဟုတ်ဘူး တော်ရေ့။ ညနေ ညချမ်းချိန် သုတ်ဖြူးတဲ့ လေစိမ်းလေအေး ... သမီးလေးရဲ့ ပခုံးသား လက်ပြင်ပေါ်က ရွှေရောင်မွေးညင်းပေါက်လေးတွေဟာ အဲဒီညချမ်းချိန်လေစိမ်းနဲ့ ဘယ်လိုမှ တည့်မှာ မဟုတ်ဘူး။ မတော်



www.burmeseclassic.com

www.burmeseclassic.com



အအေးဓာတ်ဖွဲ့ပြီး နေမကောင်း ထိုင်မသာဖြစ်သွားမှဖြင့် ခုဇ္ဈာပဲ ပူရမှာ ... ကျုပ်ပဲ ဗျာများရမှာ ... မဖြစ်ပါဘူး။ အမေ ပြောတာ နားထောင်ပါ သမီးလေးရယ် ... ဟော ... တွေ့လား။ အခုဈောင်မှ နန်းတော်ထဲမှာ မှောင်ရိပ်သမ်းချင်လာပြီး နေရောင်ခြည် မရှိတော့ဘူး။ အအေးဓာတ်ဖွဲ့လာပြီ သိလား"

နန်းဆောင်အတွင်းဝယ် တကယ်ပင် အမှောင်ရိပ်တို့ ဖြစ်ထွန်းစပြုလာကြပြီ၊ မောင်းမငယ်တစ်ဦးက ပျားဖယောင်းတိုင်ကလပ်များမှ မီးစာတွင် မီးထွန်းညှိရန် ပြင်ဆင်၏။ ခုဇ္ဈာက ထိုမောင်းမငယ်ကို ကြည့်ပြီး –

"အဲဒါ ဘာလုပ်မလို့လဲ မယ်မင်း"

"ခုဇ္ဈာပဲ ပြောတယ်လေ ... နန်းတော်ထဲမှာ မှောင်ရိပ်သမ်းချင်လာပြီဆို၊ ဒါကြောင့် မီးထွန်းမလို့"

"ညဲတို့ တယ်ခက်ပါလား မထွန်းနဲ့ ထွန်းစရာ မလိုဘူး"

"ဘာကြောင့်လဲ ခုဇ္ဈာရဲ့ တော်ကြာ အမှောင်က ..."

"ငါ ပြောတယ်ဟော့ ... မထွန်းနဲ့၊ ထွန်းစရာ မလိုဘူး။ ညဲရဲ့ အမှောင်လာကို မလာစေရဘူး ... စောင့်ကြည့် ..."

ခုဇ္ဈာ မှန်ပေသည်။ နေခြည် ရတ်သိမ်းချိန်ဖြစ်၍ နန်းတော်တိုက်ခန်းအတွင်း အမှောင်ရိပ်ကို သမ်းချင်ချင် ဖြစ်လာသော်လည်း ထိုအမှောင်ရိပ်တို့သည် ရှည့်နှံ့စွာပင် ဆုတ်ခွာလွင့်ပျောက်သွားကြ၏။ အမှောင်တို့ ကျဆုံးသွားချိန်တွင် တိုက်ခန်းသည် ဝါရွှေရောင်အလင်းလှိုင်းများ ပြန့်ကားလာသလို ဖြစ်လာပြီး ခဏအကြာတွင် လှပစွာ လင်းလင်းချင်းချင်း ဖြစ်သွားလာသည်။

ခုဇ္ဈာက ပြုံး၍ –

"တွေ့လား ... ညဲတို့ဟာ ညဲတို့ ထိပ်ထားလေး အနီး ခစားနေပါလျက်နဲ့ ထိပ်ထားလေးရဲ့ အလှဂုဏ်သတ္တိကို အခုထိ မသိနိုင်ကြဘူး။ ငါ့သမီးရဲ့ ဝါရွှေဝင်းလက် အသားရောင် အသရေတော်ဟာ အမှောင်ရိပ်မှာဆိုရင် ပိုပြီး တောက်ပလာတတ်တယ်။ သူ့တစ်ကိုယ်အနားမှာ အလင်းဝန်းတွေ ပြန့်ကြက်နေကြသလို ဖြစ်လာတယ်။ တွေ့လား ... ငါ့သမီးရဲ့ ဝင်းမွတ်တောက်ပတဲ့ ကိုယ်ရောင်ကိုယ်သွေးကြောင့် တိုက်ခန်းဟာ အရောင်တွေ ပြန်ဟပ်ပြီး လင်းလင်းချင်းချင်း ဖြစ်သွားပြီ။ အဲဒါ ... ငါ့သမီး ... ပဘာ ... ပဲ ... မှတ်ထား"

သည်တစ်ခါတော့ မောင်းမငယ်အားလုံးပင် ကြည်နူးကျေနပ်စွာ ပြုံးလိုက်ကြသေလည်း။ လှခြင်းမက လှနေသော သူတို့၏ထိပ်ထားလေး ပဘာဝတီကို အားလုံး ချစ်ခင်မြတ်နိုးစွာ လှမ်းကြည့်လိုက်ကြသည်။

ခုဇ္ဈာက ခြုံလွှာတစ်ထည်ကို လှမ်းတင်ပေးရင်း အမိန့်သံဖြင့် ဆို၏။





"တို့ ... ရေချိုးဆိပ်ဆင်းကြစို့ ... ရဲ့ကွယ်"

*

အဆင်းလှပ၍ အရွယ်ငယ်နုသော ကိုယ်လုပ်တော်တို့ဟာ ရေအိုးကိုယ်စီ ခေါင်းပေါ်ရွက်လိုက်ကြ၏။ ခုဇ္ဈာက ထိပ်ထား ပဘာဝတီ၏ လက်ကို တယုတရ တွဲငင်လျက် သူတို့ရှေ့မှ ဦးဆောင်ခေါ်သွားသည်။

ညချမ်းအခါ ဖြစ်သဖြင့် အလင်းသည်လည်း ဖျော့ဖျော့၊ အမှောင်ကလည်း မိုန့်တမိုန်၊ ရေချိုးဆိပ်သည် အလင်းနှင့် အမှောင်ရိပ်တို့ဖြင့် အိပ်မက်ဆန်စွာ ဝိုးဝါးမှုန်ရီ ရှိနေလေသည်။ ခုဇ္ဈာက ပဘာဝတီ၏ ပခုံးပေါ်မှာ လွှာတဘက်ကို တင်းတင်းရင်းရင်း ဖြစ်အောင် ခြုံပေးရင်း –

"သမီးလေး ဒီနားမှာ ခဏထိုင်နေနော်၊ ရေချိုးဆိပ်ဘက် မဆင်းနဲ့ဦး၊ ဟိုမယ်မင်းကြီးမတွေ ရေခပ်တာကို အမေသွားစောင့်ကြည့်လိုက်ဦးမယ်" ဟု ပြောကာ အနည်းငယ် မတ်စောက်သော ကမ္ဘူပြင် အနိမ့်ပိုင်းဆီ ဆင်းသွားသည်။ ကိုယ်လုပ်တော် ရှစ်ယောက်ကား ရေဆိပ်ဆီ ဆင်းသွားကြလေပြီ။

ခုဇ္ဈာက ကျောက်တုံးလေးများဖြင့် မညီမညာ ဖြစ်နေသော လမ်းကို ကွင်းရင်းတစ်ဘက်မှ လျှောက်လာခဲ့ရင်း နှုတ်မှလည်း တတွတ်တွတ်၊

"ရေခပ်တဲ့ မယ်မင်းကြီးမတွေ၊ ရေမခပ်သေးဘဲ စကားဖောင်ဖောင် တွတ်ထိုးနေကြမှာ သေချာတယ်။ ဟွန်း ... ကိုယ်လုပ်တော်တွေဆိုပြီး ဘာမှ မျက်နှာမလွှဲရဘူး။ နေရာတကာ ခုဇ္ဈာ ... ခုဇ္ဈာ ဒီခုဇ္ဈာကြီးပဲ၊ နန်းတွင်းနန်းပြင်၊ အဆောင်တွင်း အဆောင်ပြင် ပါပါနေရတာပဲ။ ထိပ်ထားလေး ပဘာမှာ ငါမရှိရင် ခက်များ ခက်ချည့်၊ အင်း ... ဒီနေရာကလည်း မှောင်လိုက်တာ၊ ရှေ့နားဆီကတော့ လူသံလိုလို ကြားတယ်။ ဟိုမယ်မင်းကြီးမတွေ စကား တွတ်ထိုးနေတာ နေမှာပဲ။ ဟွန်း ... ရေအိုးထဲ ရေမပြည့်ခင် သူရို့ပါးစပ်မှာ စကားလုံးတွေက ပြည့်နေမှာ။ အိုး ... အိုး ... အဆင်းလမ်းကလည်း ချောလိုက်တာဟဲ့။ မဖြစ်သေးပါဘူး၊ ကျောက်လှေကားတစ်ခုံလေးတော့ လုပ်ခိုင်းဦးမှပဲ။ သမီးလေး ပဘာ အဆင်းအတက် ခက်နေမယ်။ အလို ... ဟိုရှေ့က ..."

တစ်ယောက်တည်း မြည်တွန်တောက်တီးနေသော ခုဇ္ဈာ၏နှုတ်သည် ရုတ်တရက်ပင် တစ်စုံတစ်ရာနှင့် ပိတ်ဆို့လိုက်ဘိသည့်အလား ခုလတ်တွင် တိတ်သွား၏။

ခုဇ္ဈာ မြင်လိုက်ရသည်ကား မှောင်ရီလင်းဖျော့တစ်နေရာမှာ လူရိပ်သဏ္ဍာန် တစ်ခု ထိုင်နေသလား၊ ရပ်နေသလား မသဲကွဲ။ ထိုင်နေတာ ဖြစ်ဖို့များသည်။ မြေပြင်ပေါ်မှာ မဟုတ်၊ ယာဉ်တစ်ခုလိုလို ၊ ထိုင်ခုံလိုလို မှုပ်မယှက်၊



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထူးခြားသည်က ထိုလူ့ရိပ်သဏ္ဍာန်၏ အနားရေးတစ်ဝိုက်တွင် ဝင်းဝါသော အလင်းစက်ဝန်းလေးများ ဖြာထွက်နေသယောင်။

ခုဇ္ဇာ ရှေ့တိုးသွားလိုက်၏။ အလင်းစက်ဝန်းလေး ခိုးယှက်ဝန်းဖွဲ့နေသော လူ့ရိပ်သဏ္ဍာန်ကို ဝိုးဝါးလှမ်းမြင်ရပြီ။

ခုဇ္ဇာ အံ့ဩသွား၏။ ထို့နောက် မျက်မှောင်ကြုတ်သည်။ အလိုမကျခြင်းနှင့် စိုးရိမ်ပူပန်ခြင်း နှစ်မျိုးစလုံး ခုဇ္ဇာ၏ စိတ်ကို တိုးဝှေ့သွားသည်။

"ကြည့်စမ်း ... ကြည့်စမ်း ... သမီးလေး ပဘာ ဟိုနေရာမှာ ခဏထိုင်စောင့်နေပါဆိုတာ ထားတဲ့ နေရာမနေဘူး ပြောတဲ့ စကား နားမထောင်ဘူး။ ဒီနေရာအထိ ဆင်းလာတယ်ပေါ့လေ။ အမယ်လေးလေး ... ချော်ပြုလဲကျမှာ စိုးလို့ ဒီအအေးကြီးက သူ့ကို ဟိုမှာပဲ အေးအေးဆေးဆေး စောင့်ခိုင်းပါတယ်။ သူက ဒီရောက်နေတယ်။ ဒီကလေးမ ခမည်းတော် မင်းကြီးများ သိရင် ကျုပ်တို့ ကိုယ်ကျိုးနည်းမှာ၊ ကြည့်ပါဦးတော် သူ့မို့ ဝံ့ဝံ့စားစား ဒီနေရာ ကြိုရောက်နေတယ်လို့ လာစမ်း ... လာစမ်း ... ဒီကို။ အလိုတော် မလှုပ်မယှက်နဲ့ အစွဲအမြဲ ထိုင်နေလိုက်တာ။ လာခဲ့လို့ဆိုနေ ... အံ့မယ် ညဲမလာရင် ကျုပ်လာပြီ၊ ခုဇ္ဇာ လာပြီတော်ရေ — လာခဲ့၊ ဒီကလေးမတော့ မှတ်လောက်အောင် ဆုံးမလိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် ခုဇ္ဇာသည် ထိုအရိပ် သဏ္ဍာန်၏ တင်ပါးနေရာသို့ လက်ဖြင့် ခပ်ဆဆ လှမ်းပုတ်လိုက်၏။ ပဘာဝတီကို အလိုမကျလေတိုင်း ဤသို့ပင် သူလုပ်နေကျ မနာအောင် ပုတ်နေကျ –

"အမယ်လေးတော်"

ခုဇ္ဇာ လက်ကို ပြန်ရုပ်လိုက်သည်။ မလျော်သော အထိအတွေ့။ လက်ဖဝါးပြင်ပင် အနည်းငယ်နာသွားသံယောင်။

"ဟဲ့ ... ဘယ်လို ဖြစ်ရတာလဲ မှန်း"

အနီးသို့ ကပ်ကြည့်လိုက်၏။

"ဟောတော့"

ခုဇ္ဇာ ရယ်တော့သည်။ ဟက်ဟက်ပက်ပက် ရယ်သည်။ ခုဇ္ဇာ၏ ရယ်သံကို ကြားသဖြင့် ရေဆိပ်မှ ကိုယ်လုပ်တော်များလည်း ရေအိုးခါးစောင်းတင်လျက် ဝိုင်းရောက်ရှိလာကြသည်။

"ခုဇ္ဇာ ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲတော့။ ငါ့သမီး ပဘာ မှတ်လို့ ထားခဲ့တဲ့ နေရာ ဘာကြောင့် မနေရစ်ဘဲ ဒီကို ကြိုရောက်နေတာတုန်းဆိုပြီး တင်ပါးကို လက်ဝါးနဲ့ ချလိုက်ပါတယ် အဲ ..."

"ဘာဖြစ်လို့လဲ ခုဇ္ဇာ"





"ဟဲ့ ... အရုပ်ကြီးတော့၊ အလင်းဝန်းစက်လေးတွေကလည်း ဖွဲ့နေတော့ ငါ့သမီးကိုယ်ရောင်ကိုယ်ဝါဆိုပြီး ငါက မှတ်လိုက်တာပေါ့ .... ဘယ်က ဟုတ်ရမှာလဲ။ အရုပ်ကြီးတော့၊ ငါ့လက်ကို နာသွားတာပဲ"

"ဟင် ... ကြည့်စမ်း ခုဇ္ဇာ"

"ဘာလဲ ဘာလဲ"

"ရိုးရိုး အရုပ်မှ မဟုတ်တာ၊ ရွှေသားအကို အရုပ်ကြီးတော့"

"အေးဟယ် ... လှလိုက်တာ ... နတ်ဒေဝီ ကျနေတာပဲ"

"အသက်ကလည်း ဝင်လိုက်တာဟယ်"

ကိုယ်လုပ်တော်များ ကျွက်စီကျွက်စီ ဖြစ်သွားကြသည်။

"ဟုတ်ပါရဲ့။ လှလိုက်တာ ... ခုဇ္ဇာရဲ့ ထိပ်ထားလေးနဲ့ မှားမယ်ဆိုလည်း မှားစရာ ... လှလိုက်တဲ့ ရွှေရုပ်၊ စက်စက်ကို ယိုနေတာပဲ"

"ဘာ"

ကိုယ်လုပ်တော်များ၏ တစ်ယောက်တစ်ခွန်း စကားသံများကို ခုဇ္ဇာ၏ 'ဘာ' ဆိုသော ငေါက်သံက လွှမ်းသွား၏။

ခုဇ္ဇာက သူတို့ကို တွန်းဖယ်၍ ရွှေရုပ်ရှေ့ရပ်ကာ ထက်အောက် ပြန်လှန်ကြည့်သည်။ ထို့နောက် ပါးစပ်ကို မဲ့ရွဲ့၍ –

"ညဲတို့ ပြောသလို ဒီအရုပ်ဟာ လှတော့ လှပါတယ်။ ဒါပေမယ့် ငါ့သမီး ပဘာနဲ့ မနှိုင်းစမ်းပါနဲ့၊ ဟွန်း ... ငါ့သမီး ပဘာရဲ့အလှကို ဆယ်ပုံတစ်ပုံ ဆယ်ရွေးတစ်ရွေးတောင် မမီပါဘူး။ အလကား ရွှေရုပ်၊ ငါက မှောင်နေလို့ အဆေးကမို့ ငါ့သမီးလေး ထင်လိုက်တာ၊ သေချာကြည့်တော့ တခြားစီပါအေ။ အလကား ငါ့လက်ပဲ နာတာ အဖတ်တင်တယ်"

ကိုယ်လုပ်တော်များ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးကြ၏။ တစ်ယောက်သောသူကမူ ပြုံးရင်း တစ်ခုခုကို သတိရသွားဟန်ဖြင့် –

"နေကြစမ်း ... ဒီအရုပ်ဟာ ထိပ်ထားလေး အလှကို မမီတာတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ဒီနေရာမျိုးမှာ ဘာကြောင့် ဒီအရုပ်က ရောက်နေတာလဲ။ ကြည့်စမ်း ... ဝေါယာဉ်နဲ့ အကျအန၊ ပြီးတော့ ရွှေသားစစ်စစ်တော့ ရွှေရုပ်တော့"

ထိုအခါမှပင် အားလုံးအံ့ဩခြင်းဖြင့် တိတ်ဆိတ်သွားကြသည်။

"ဟုတ်ပါရဲ့ဟယ်၊ ဘယ်က ရွှေရုပ်ကို ဘယ်သူက ဘာကြောင့် ဒီမှာ လာချထားတာပါလိမ့်"

မှောင်ရိပ်ထဲမှ အဖြေစကား ထွက်လာလေသည်။ အသံကား မှောင်မြင် ခံ့ညားသော ယောကျ်ားသံ –

"ကျုပ်တို့ရဲ့ ရွှေရုပ်ပါ။ ကျုပ်တို့ လာချထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဖြင့် မှောင်ရိပ်ထဲမှ တိုးထွက်လာသည်။ တစ်ယောက်တည်း မဟုတ်။ ဝတ်စုံတူများ ဝတ်ဆင်ထားကြသည့် မင်းမှုထမ်းအသွင် ယောကျာ်းများ။

"ဟင် ... ရှင်တို့က ..."

"ပြောပြပါမယ်။ ကျုပ်တို့ ရန်သူ မဟုတ်ပါဘူး။ ဒါထက် ခုဇ္ဈာဆိုတာ ဒီက မမကြီးလား"

အကြီးအကဲ ဖြစ်ဟန်တူသူက ခုဇ္ဈာ ရှေ့တွင် ရပ်၍ မေး၏။

"ဟုတ်ပါ့။ ခုဇ္ဈာ ဆိုတာ ကျုပ်ပဲ။ ထိပ်ထားလေး ပဘာဝတီရဲ့ မိခင်အလားကဲ့သို့သော အထိန်းတော်ချုပ် ခုဇ္ဈာဆိုတာ ကျုပ်ပဲ၊ မောင်တို့က ..."

"ပြောပါမယ် မမကြီး၊ သိချင်တာလေး မေးပါရစေဦး။ စောစောက မမကြီး ပြောသွားတဲ့အထဲမှာ ငါ့သမီးရဲ့ အလှဆယ်ပုံတစ်ပုံ၊ ဆယ်ရွေးတစ်ရွေးတောင် ရွှေရုပ်မမီပါဘူးလို့ ကြားလိုက်သလိုပဲ။ ငါ့သမီးဆိုတာက ..."

"ဟွန်း ... ငါ့သမီးဆိုတာ ပဘာဝတီပေါ့။ အင်း ... အမှန်တော့ ဟောဒီ သာဂလမြို့နန်းအရှင် မဒ္ဒရာဇ်တိုင်း မဒ္ဒရာဇ်မင်းရဲ့ သမီးတော်ပေါ့လေ။ ဘုရင့်သမီးတော်ပေါ့"

"ပဘာဝတီတဲ့လား"

"ဟုတ်သပတော်၊ စောစောက ကျုပ်ပြောတာ နည်းတောင် နည်းသေး၊ တော်တို့ရဲ့ ရွှေရုပ်ဟာ ထိပ်ထားလေး ပဘာဝတီရဲ့ အလှကို ဆယ့်ခြောက်စိတ် တစ်စိတ်မျှတောင် မထိုက်ပါဘူး။ မမီပါဘူး"

အကြီးအကဲ ဖြစ်ဟန်တူသူက သူ့လူများဘက် လှည့်ကြည့်ကာ ပြုံး၍ ခေါင်းညိတ်သည်။ ကျန်လူများကလည်း အဓိပ္ပာယ်တစ်ခုခု ပါသော အပြုံးများဖြင့် အားပါးတရ ခေါင်းညိတ်ကြသည်။

ခုဇ္ဈာကား ထိုသူများ၏ အမူအရာကို ကြည့်ရင်း စိတ်မရှည်ဟန်ဖြင့်—

"နေကြစမ်းပါဦး ... မောင်ကြီးတို့က ဘယ်ကလဲ ပြောကြဦးလေ"

"မမကြီး ခုဇ္ဈာ ခင်ဗျား၊ ကျွန်ုပ်တို့ဟာ မလ္လတိုင်း ကုသဝတီမင်းနေပြည်ကြီးမှာ ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူသော ဩက္ကာကရာဇ် မင်းကြီးရဲ့ အထူးတမန်တော်များ ဖြစ်ကြပါတယ်။ ဘာကြောင့် ဘယ်လိုလာရောက်ကြသလဲဆိုတာတော့ မမကြီးတို့ရဲ့ ဘုရင့်မင်းမြတ် ရှေ့တော်မှောက်အရောက် ဝင်ပြီးမှပဲ အကြောင်းစုံ သိခွင့်ပေးပါရစေတော့"

ထိုသူ၏ သိုက်မြိုက်ခမ်းနားသော အမူအရာနှင့်အတူ မိမိကို ရိုကျိုးစားစွာ ပြောနေသည့် လေသံကို ခုဇ္ဈာ သဘောကျသွားသည်။

"ဟုတ်ပါပြီလေ ... တိုင်းပြည်တစ်ပြည်က ဘုရင်တစ်ပါးရဲ့ အထူးတမန်တွေ ဆိုတော့လည်း ကျုပ်တို့ ဘုရင်မင်းမြတ် ရှေ့တော်မှောက် ရောက်မှပဲ





တမန်တို့ ထုံးစံနဲ့အညီ လျှောက်ကြပေါ့။ ကျုပ်ကတော့ ကျုပ်သမီးလေး ပဘာတို ရေချိုးပေးဖို့ အရေးကလွဲပြီး ခုနေ ဘာမှ စိတ်မဝင်စားပါဘူး။ ကဲ ... မယ်မင်းတို့ ရေအိုးတွေ ရေပြည့်ပြီ မဟုတ်လား လာကြ ... သူတို့ ရွှေရုပ်ထက် ဆယ့်ခြောက်ဆမက လှတဲ့ တို့မျာ ထိပ်ထားလေးဆီ သွားကြစို့"

ခုဇ္ဈာနှင့် ကိုယ်လုပ်တော်များ ထွက်သွားကြသည်။

မလ္လတိုင်း တမန်အဖွဲ့ အကြီးအကဲဝန်က ကျေနပ်အားရစွာ ပြည်တမ်းလိုက်လေသည်။

"ငါ့လူများ၊ ငါတို့ နတ်ပြည်အထိ သွားစရာ မလိုတော့ပါဘူး။ ငါတို့ရဲ့ ရွှေသားရုပ်သွင်ထက် သာလွန်လှပတဲ့။ ပဘာဝ ဂီဆိုတဲ့ မင်းသမီးလေး ရှိရာ ဘာဂလမြို့တော်ကြီးကို ရောက်နေကြပြီကွယ့်"

တမန်အဖွဲ့သား အားလုံး 'ဟေး'ခနဲ ကြွေးကြော်လိုက်လေသည်။

✵

www.burmeseclassic.com

www.burmeseclassic.com

**ရွှေလမ်း ငွေလမ်း**

သာဂလမင်းနေပြည်၏ နောက်တစ်နေ့နံနက်ခင်းသည် ခါတိုင်းထက် ပို၍ ကြည်စင်ဝင်းပ သာယာသည်ဟု ထင်ရ၏။ ထို့ထက်မူ မဒ္ဒရာဇ်မင်းကြီး၏ နန်းတော်ဆောင် တံခါးဝနေရာ၌ အရောင်အသွေးစုံတို့ဖြင့် ပြိုးပြက်တောက်ပနေသည်မှာ ယခင်အခါများထက် ပို၍ ထူးခြားနေသယောင်။

နန်းဆောင်တံခါးဝတွင် သြက္ကာကရာဇ်မင်း၏ တမန်တော်များ ရောက်ရှိနေကြလေသည်။ အကောင်းဆုံး ဝတ်စုံများနှင့် အတောက်ပဆုံး ရတနာအဆောင်အယောင်များကို ဆင်မြန်းထားကြသော တမန်အဖွဲ့၏ မျက်နှာပေါ်မှ အပြုံးများသည် သူတို့၏ ဝတ်စုံတန်ဆာများထက် ပို၍ အရောင်လက်နေကြ၏။

ကြိုတင် သံတော်ဦး လျှောက်တင်ချက်အရ မဒ္ဒရာဇ်မင်းကြီးသည် နန်းတော်အတွင်းရှိ ပလ္လင်ထက်ဝယ် စောင့်ဆိုင်းနေပြီ ဖြစ်၏။ တမန်အဖွဲ့သည် အချိန်စေ့ရောက်သည်နှင့် တံခါးဝမှတစ်ဆင့် နန်းဆောင်ထဲသို့ ဝင်သွားကြလေသည်။ တမန်အဖွဲ့ ဝင်ရောက်လာကြောင်းနှင့် ကြိုဆိုနှုတ်ဆက်ကြောင်းကို ကိုယ်စားပြုသည့် တံပိုးခရာသံများက မတိုးမကျယ် ထွက်ပေါ်လာကြသည်။

သတ်မှတ်ထားသော နေရာတွင် တမန်အဖွဲ့ ခစားနေရာယူပြီးသည်နှင့် ရာဇဝံသ ဆိုင်ရာ ပဋိသန္ထာရ စကားများ အပြန်အလှန် ဆိုကြသည်။

"ဘုန်းတော်ကြီးသော ရေမြေ့ရှင်မင်းတရား၏ အနာကင်းသောအဖြစ် ကျန်းမာချမ်းသာ ပကတိ ရှိသောအဖြစ်ကို အကျွန်ုပ်တို့၏ အရှင် မလ္လတိုင်း





ကုသဝတီ နေပြည်တော်၌ ထီးနန်းစိုက်သော သြက္ကာကရာဇ်မင်းကြီးက ချစ်ကြည်လေးမြတ်စွာ နှုတ်ခွန်းပဏ္ဏာဆက်လိုက်ပါသည် ဘုရား" ဟူသော စကားမှ အစပြုကာ ထီးနန်းနှင့်စပ်သော စကားများ ပြောကြ၏။ ထို့နောက် မြတ်နိုးချစ်ကြည်မှု အထိမ်းအမှတ် လက်ဆောင်ပဏ္ဏာများ ဆက်သခြင်း၊ မဒ္ဒရာဇ်မင်းကြီးက တမန်အဖွဲ့အား ဆုလာဘ်ချီးမြှင့်ခြင်း စသည်ဖြင့် ပြုဖွယ်အတိုင်း ပြုကြပြီးနောက်–

"မလ္လတိုင်း တမန်တို့ ရောက်လာရင်း အမှုကိစ္စ တင်နိုင်ကြပြီ" ဟု မဒ္ဒရာဇ်မင်းကြီးက ခွင့်ပေးလိုက်၏။

တမန်အဖွဲ့အကြီးအမှူး အမတ်ဝန်က လက်အုပ်ချီရင်း သူ့နောက်ပါးမှ အမတ်တစ်ဦးကို မျက်ရိပ်ပြလိုက်သည်။ ထိုအမတ်မှ တစ်ဖန် တစ်ဆင့် တမန်အဖွဲ့ဝင်များထံ ခေါင်းညိတ်အချက်ပေးလိုက်သည်တွင် နန်းတော်တံခါးမှ အမှုထမ်း ရှစ်ဦးတို့သည် ဝေါယာဉ်ကဲ့သို့သော အရာတစ်ခုကို ထမ်း၍ အကြီးအမှူး အမတ်ဝန်အားတွင် ချထားလိုက်ကြ၏။ ထိုစင်ပေါ်တွင် ရှိနေသော တစ်စုံတစ်ခုကိုမူကား မမြင်ကြရ၊ အကြောင်းမှာ ရွှေရောင် ကတ္တီပါဖြင့် ဖုံးအုပ်ထားသောကြောင့် ဖြစ်လေသည်။

အမတ်ဝန်က လက်အုပ်ချီလျက်ပင် တင်၏။

"ကျွန်တော်မျိုးတို့ အရှင် သြက္ကာကရာဇ် မင်းကြီးမှာ ခြင်္သေ့မင်းရဲ့ အသံနှင့်တူသော အသံရှိတဲ့ ကုသကုမာရ အမည်နာမရ သားတော်တစ်ပါး ထွန်းကားခဲ့ရာမှာ သားတော် ကုမာရဟာ ချိန်တန်ရွယ်ရောက် လူလားမြောက်ခဲ့ပါပြီ အရှင်မင်းကြီး"

သမီးတော် ပဘာဝတီ တစ်ပါးသာ ထွန်းကား၍ သားတော်မရှိသော မဒ္ဒရာဇ်မင်းကြီးသည် တမန်၏စကား အသွားအလာကို ကြိုတင်နားလည်လိုက်ပြီ ဖြစ်၏။

တမန်က ဆက်တင်သည်။

"အရှင်သြက္ကာကရာဇ်မင်းကြီးဟာ သားတော် ကုသကုမာရအား ထီးနန်း အရိုက်အရာ လွှဲအပ်ဆောင်နှင်းတော်မူလိုတဲ့အခါ ဘုန်းတော်ကြီး ဘုရားမှာလည်း တုဖက်ကင်းသော အလှကျက်သရေနဲ့ ပြည့်စုံတဲ့ ပဘာဝတီအမည်ရှိ သမီးတော် ထိတ်ထားတစ်ပါး ရှိကြောင်း ကြားသိရပါတယ် ဘုရား"

"ဆက်တင်ပါ ... မလ္လင်တိုင်း တမန်ကြီး"

နှစ်ပြည့်တစ်ပြည့် ... ရွှေနှစ်ပြား တစ်ပြားတည်း စပ်သည့်နှယ် ရောပြင်အကြား အခြားမရှိသည့်နှယ် ရွှေလမ်း၊ ငွေလမ်းပေါက်ထွန်းတောက်သော တိုင်းအာဏာတော်တို့ ပိုမိုကြီးကျယ်မြင့်မား ဘုန်းသမ္ဘာအင်အားများ ပေါ်ပေါက်ပွားများ စေခြင်းငှာ ငင်းထီးညွှန့်နန်းလျာရာဇဝံသ၊ နေနွယ် အာဒိစ္စ ...



www.burmeseclassic.com

www.burmeseclassic.com



အကြီးအမှူး အမတ်ဝန်သည် သူကြိုတင် ပြင်ဆင်မှတ်သားခဲ့သော အကောင်းဆုံး ဝေါဟာရများကို ခမ်းနားသော လေသံဖြင့် တသွင်သွင် ရွတ်ဆိုတင်လျှောက်ပြီးနောက်မှ –

"သို့ဖြစ်ပါသောကြောင့်"

အနီးရှိ တမန်အမတ်က ထိုစကားလုံးနေရာ အရောက်တွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း ရွှေရောင်ကတ္တီပါစကို ဖယ်ရှားလိုက်၏။

အထဲမှ ပေါ်လာသည်ကား ရွှေသား ရုပ်သွင် ပဘာဝတီနှင့်မခြား အလားတူစွာသော အဆင်းရှိသည့် ရွှေရုပ်။

နန်းတော်တစ်ခုလုံး ခပ်အုပ်အုပ် အသံများဖြင့် လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ ထိုအသံများ ပေါ်သို့ တမန်၏ အသံက ဖုံးအုပ်လိုက်ပြန်သည်။

"ရွှေသား ရုပ်သွင်ကို လက်ခံသိမ်းပိုက်စေတော်မူပါ။ အလားတူစွာ သမီးတော် ထိပ်ထားပဘာဝတီ သခင်မလေးအား ကုသကုမာရအတွက် ပေးသနားတော်မူပါရန် မလ္လတိုင်းသခင် ဘုရင်မင်းမြတ် ကိုယ်တော် အစားပြုလျက် မေတ္တာရှေ့ရှု တောင်းဆုလျှောက်ပန်အပ်ပါတယ် ဘုန်းတော်ကြီးဘုရား"

တမန်၏ အသံအဆုံးဝယ် ခေတ္တမျှ တိတ်ဆိတ်သွား၏။

မဒ္ဒရာဇ်မင်းကြီး၏ မျက်နှာသည် ကြည်နူးအားရမှုများနှင့် ရာဇဣန္ဒြေတို့ ရောယှက်ကာ ငြိမ်သက်ကြည်လင်လျက် ရှိသည်။

ထို့နောက် ရှင်းလင်းတိုတောင်းစွာပင် မိန့်လေသည်။

"နှစ်ဦးနှစ်ဝ မင်္ဂလာဖြစ်ပေတယ်။ မလ္လတိုင်းနဲ့ သာဂလနေပြည်တော် ရွှေလမ်း ငွေလမ်းပေါက်ကြဖို့ အရေးမို့ ကိုယ်တော်ကြည်သာခွင့်ပြုတော်မူတယ်"

နန်းတွင်း ပရိသတ်အားလုံး၊ အပြုံးကိုယ်စီ ဖြစ်သွားကြ၏။ တမန်အမတ်ဝန်က လက်အုပ်ချီလျက်ပင် ထပ်တင်ပြန်သည်။

"ဘုန်းတော်ကြီးဘုရား ... ကျွန်တော်မျိုးတို့မှာ ကြာမြင့် ဖင့်နွှဲခြင်းကို ပြုဖို့ မတတ်ကောင်းပါ။ သို့ဖြစ်ပါ၍ ကျွန်တော်မျိုးတို့ အရှင့်ထံ အလျင်အမြန် ပြန်သွားပြီး မင်္ဂလာသတင်းကို လျှောက်တင်ခွင့်ပြုတော်မူပါ။ သို့ကလို လျှောက်တင်ပြီးကာမှ ဩက္ကာကရာဇ် မင်းကြီးနဲ့ သီလဝတီ မိဖုရားကြီးတို့ ကိုယ်တော် အရှင်နှစ်ပါးကိုယ်တိုင် ကြွချီလာရောက် ထိပ်ထားသခင်မ ပဘာဝတီအား ချီးမြှောက်ဆောင်ယူကြဖို့ ဖြစ်ပါတယ် ဘုရား"

ရွှေလမ်း ငွေလမ်း ဖောက်သည့် သဘင် အခမ်းအနားသည် ထိုသို့ပင် အခက်အခဲ ပြဿနာမရှိ ပကတိ ချောမောစွာ ပြီးဆုံးသွားခဲ့လေသည်။

ထို့နောက်တွင်ကား မလ္လတိုင်း တမန်တို့သည် မဒ္ဒရာဇ်မင်းကြီး ထပ်မံပေးသနားသော ဆုလာဘ်များကို ခံယူကာ ပြန်သွားကြ၏။





များမကြာမီမှာပင် ဩက္ကာကရာဇ်မင်းကြီးနှင့် သီလဝတီမိဖုရားကြီးတို့သည် ကြီးကျယ်ခမ်းနားလှစွာသော အဆောင်အယောင်၊ အခြွေအရံတို့ဖြင့် သာဂလနေပြည်တော်သို့ ရောက်လာကြသည်။ နှစ်ပြည်ထောင် မင်းနှစ်ပါးတို့ တွေ့ဆုံပွဲဖြင့် သာဂလမြို့တော်သည် မကြုံစဖူးသော သဘင်ပွဲလမ်းများ ခြိမ့်ခြိမ့်သဲ ခံယူကာ စည်ကားလျက် ရှိ၏။

ထိုအချိန်၌ အထိန်းတော်ကြီး ခုဇ္ဇာသည် သာဂလတစ်ပြည်လုံး၌ သူတစ်ယောက်သာ အလုပ်အများဆုံး ဖြစ်သည်ဟု ခံယူကာ ပဘာဝတီအနားမှ မခွာတော့ဘဲ ရှိနေတော့သည်။

"သမီးလေး ... သမီးလေးရယ်၊ မင်းတရားကြီးက တစ်ခါတည်းများ ဟိုမလ္လတိုင်းကို ထည့်လိုက်တော့မှာလားမသိ၊ ကုသကုမာရဆိုတဲ့ မင်းသားကိုလည်း အခုထိ မမြင်ဖူး မတွေ့ဖူးဘူးနော် ... နေစမ်းပါဦး၊ အခု သမီးလေး ရင်ထဲမှာ ဘယ်သို့များ ခံစားနေရသလဲ ဟင်"

"ဘာကို ဘယ်လို ရင်ထဲ ခံစားနေရမှာလဲ အမေ"

"အလိုတော် ... ရွှေလမ်း ငွေလမ်း ဖောက်လိုက်ပြီလေ၊ သမီးလေးရဲ့ တုဖက်ကင်းတဲ့ အလှနဲ့ ကညာစင်ဘဝကို ကိုယ် မမြင်ဖူးတဲ့ ယောကျ်ားတစ်ပါးထံ အပ်နှင်းရတော့မယ်လေ"

"အဲဒါ ဘာဖြစ်သေးသလဲ ခုဇ္ဇာရဲ့"

"ဟင် ... ဘာဖြစ်သေးသလဲ ဟုတ်လား။ ရှက်သလိုလို ကြောက်သလိုလို မဖြစ်ဘူးလား။ နှမြောနမိ မဖြစ်ဘူးလား"

"ပဘာ မသိဘူး"

"ဟင် ... မသိဘူးတဲ့။ တကတည်းမှ ဟို မလ္လတိုင်းတမန်တွေ ယူလာတဲ့ ရွှေသားရုပ်သွင်ကျနေတာပဲ။ မလှုပ်မခြောက်နဲ့"

"ခုဇ္ဇာရယ် ဘုရင့်သမီးတော်တစ်ပါးဟာ ဘုရင့်သားတော်တစ်ပါးနဲ့ ထိမ်းမြားဆောင်နှင်းရမယ်။ ဒါဟာ အစဉ်အလာပဲ မဟုတ်လား"

"အစဉ်အလာ ... ဟင့်အင်း ... သူများတကာ ဘုရင့်သမီးတော်တွေတော့ ဟုတ်ချင်ဟုတ်မှာပေါ့။ ငါ့သမီးလေး ပဘာမှာ ဒီလို အစဉ်အလာမျိုး မဖြစ်စေချင်ပေါင်"

"ဘယ်လို ဖြစ်စေချင်တာလဲ ခုဇ္ဇာက ..."

"ဒီလောက်တုဖက် ကင်းတဲ့ အလှဒေဝီ ဆိုတာဟာ လူ့ပြည်က ဘယ်လူ မင်းသားတစ်ယောက် တလေနဲ့မှ တန်တာ မဟုတ်ဘူးလေ။ နတ်ပြည်က နတ်သားနဲ့သာ တန်တာ၊ ခုနေ နတ်လုလင်တစ်ပါးပါးက ရထားပျံနဲ့ လာခေါ်သွားလိုက်ရင် သိပ်ကို နေရာကျမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ခုဗ္ဗာ ဘာတွေ တောရမ်းမယ်ဘွဲ့ လျှောက်ပြောနေမှန်း မသိဘူး။ ဒီမှာ ပဘာ ပြောမယ် နားထောင်၊ ပဘာဟာ ခမည်းတော်ရဲ့ တစ်ဦးတည်းသော သမီး၊ ပဘာဟာ ခမည်းတော် အလိုကျနေရမယ်။ ခမည်းတော် ထားရာနေ စေရာသွားရမယ်။ အခု ခမည်းတော်က မလ္လတိုင်း ကုသဝတီကို လိုက်သွား၊ ဟိုမင်းသားနဲ့ လက်ဆက် ဒီလို စီမံတယ်။ ပဘာ လိုက်သွားမယ်။ ဟို ကုသကုမာရဆိုတဲ့ မင်းသားနဲ့ လက်ဆက်မယ်။ ဒါပဲလေ ခုဗ္ဗာရဲ့"

"ဟင် ... ယောကျ်ားနဲ့ မိန်းမ လက်ဆက်ကြတယ်ဆိုတာမှာ ဟိုဒင်းတော့ ရှိရမှာပေါ့"

"ဘာလဲ"

"ဟိုဒင်းလေ တွေ့တာမြင်တာ ကြိုက်တာ၊ ပြီးတော့ ဟိုဟာ ... အချစ်"

"အို ... အဲဒါတွေ ပဘာ မသိပါဘူး"

"အချစ် ... ဆိုတာ ရှိရတယ် ပဘာရဲ့"

"ရှိတော့ ဘာဖြစ်လာမှာလဲ၊ မရှိတော့ကော ဘာဖြစ်လာမှာလဲ"

"ရှိတော့ ဟို ... အင်း ... ခုဗ္ဗာလည်း မသိဘူး"

နှစ်ဦးသား ရယ်မိကြ၏။

"ကဲပါလေ ... ခုဗ္ဗာလည်း ပြင်စရာရှိတာ ပြင်ထား၊ ပဘာနဲ့ လိုက်ခဲ့ရမှာ"

"ပြင်ထားပြီးပါပြီတော် ပြင်ထားလိုက်သမှ ... ဟိုကျရင် ကုသကုမာဆိုတဲ့ မင်းသားက ကျုပ်သမီးလေး ပဘာ အလိုမကျအောင် တစ်ခုခု ပြုခဲ့ရင် သူ့ကို ဆုံးမဖို့ပါ ပြင်ထားပါတယ်"

"အလို ... ခုဗ္ဗာက၊ ဘုရင့်သားတော်တစ်ပါးကို ဘာနဲ့ ဆုံးမှာလဲ"

"ခုဗ္ဗာကလား ... လက်ညှိုးငေါက်ငေါက် ထိုးပြီး ကျုပ်သမီးပဘာများ နေထိ ပန်းလေးလို ညှိုးခဲ့ရင် တော်ကြီးဆီကနေ ကျုပ်သမီးကို ပြန်ခေါ်သွားမှာ သိလားလို့ ပြောမှာပေါ့။ အဲဒီလို ရန်တွေ့ဖို့ စကားလုံးတွေ ပြင်ထားတယ်လေ"

"အို ... ခုဗ္ဗာရယ် ကြံကြံဖန်ဖန်"

*

**မယ်တော် သီလဝတီ၏ ဥပါယ်တံမျဉ်**

ခုဗ္ဗာနှင့် ပဘာဝတီတို့ နှစ်ကိုယ်ကြားစကားများဖြင့် တကြိတ်ကြိတ်ရှိနေကြစဉ်ဝယ် သာဂလမြို့ နန်းတော်သို့ ဧည့်သည်တော်အဖြစ် ရောက်ရှိနေသော သီလဝတီ မိဖုရားကြီး တစ်ကိုယ်တည်းသာလျှင် တွေးကြံနေလေသည်။

အမြော်အမြင်ကြီးသော သီလဝတီ မိဖုရားကြီးသည် မောင်တော် သြက္ကာကရာဇ်မင်းကြီးနှင့် သာဂလပြည့်ရှင် မဒ္ဒရာဇ်မင်းကြီးတို့ မင်းနှစ်ပါး ချစ်ကြည်စကားများဖြင့် လက်ဆုံကျနေကြသည့် တစ်ချိန်လုံးလုံး၊ ရှေ့ကြောင်း နောက်ကြောင်းများကို ထက် အောက် စုန်ဆန် သုံးသပ်ဆင်ခြင်၏။

သားတော်ကုသကုမာရ မွေးဖွားလာပုံ၊ သားတော်ကြီး၏ အတုမရှိသော ယောကျ်ားကောင်းတို့ အရည်အချင်း၊ သားတော်ကြီး၏ ရုပ်ရုပ်ချွံချွံ ပြုတတ်သော စိတ်နေသဘာဝ၊ သူကိုယ်တိုင် သွန်းထုခဲ့သော ရွှေရုပ်လှ၊ ထိုရွှေရုပ်လှကို တင်ဆောင်၍ သတို့သမီး အရှာထွက်ခဲ့ပုံများ၊ အတိုင်းတိုင်း အပြည်ပြည် လှည့်လည်ခဲ့ပြီး နောက်ဆုံးတွင်မှ သာဂလ နေပြည်တော်မှ ပဘာဝတီ ဒေဝီထံတွင် စခန်းဆုံးခဲ့ပုံများ တမန်တော်များ စေလွှတ်ကာ၊ နှစ်ပြည်တစ်ပြည် ရွှေလမ်းဖောက်ခဲ့ပုံများ ...။

ရွှေလမ်းငွေလမ်းကတော့ ပေါက်ခဲ့ပြီ။ သို့သော် ဤလမ်းသည် ကုသဝတီနှင့် သာဂလနှစ်ပြည်ထောင် မင်းတို့၏ ရာဇအာဏာတော် မဟာမိတ်ဖွဲ့ခြေ သက်သက် မဟုတ်။ ဤလမ်းသည် နှစ်ပြည့်တစ်ပြည် ကူးသန်းရောင်းဝယ်ရေး စီးပွားမှု သက်သက် မဟုတ်။ ဤလမ်းသည် နှစ်ပြည့်တစ်ပြည် တပ်မတော်သည် ဗိုလ်ခြေအင်အားတို့ မဲတင်းညီနိုင်းခြင်း သက်သက် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဤရွှေလမ်း ငွေလမ်းကား သားပေးချွေးမ ယူကိစ္စ၊ သမီးပေးသမက် ယူကိစ္စ၊ သားတော်ကြီး ကုသကုမာရနှင့် ပဘာဝတီတို့ လက်ဆက်ချစ်မြတ်နိုးလျှားရစ်ပတ်ရေး ကိစ္စ၊ ဤလမ်း၏ တစ်ဖက်တစ်ချက်စီ၌ လုလင်ပျိုတစ်ဦးနှင့် လုံမပျိုတစ်ဦးတို့၏ နှလုံးသားများ ရှိနေသည်။ မင်းဧကရာဇ်တို့၏ ချစ်ကြည်ရင်းနှီးမှုဖြင့် ဖောက်လုပ်လိုက်သော ဤရွှေလမ်း ငွေလမ်း အစွန်းနှစ်ဖက်တို့သည် တကယ့် ကာယကံရှင်နှစ်ဦးတို့၏ ရင်ဆီသို့ ဒုတ်ဒုတ်ထိ ဆိုက်ရောက်သည် မဟုတ်သေး။ မယ်တော် သီလဝတီသည် နန်းမတောင်ညာ မိဖုရားကြီး၏ အဖြစ်ကို ခွာထုတ်ကာ၊ မိန်းမသားတစ်ဦး၊ မိခင်တစ်ယောက်အဖြစ်ဖြင့် ရိုးရိုးရှင်းရှင်း တွေး၏။

"လူကြီးမိဘတွေက သဘောမျှကြတာတော့ ဟုတ်ပါပြီ။ ကလေးနှစ်ယောက်က ဘယ်လိုရှိကြမည် မသိရသေးဘူး"

ထိုအတွေးနှင့်အတူ တွေးလေတိုင်း ရတက်မအေးနိုင်စရာ အခက်အခဲတစ်ခု ရှိနေလေသည်။ ယင်းကား သားတော်ကြီး ကုသကုမာရ၏ ချို့တဲ့ညှိုးဖျင်းလွန်းလှသည့် အဆင်းအင်္ဂါ၊ ဪ ... ဘယ်သို့သော အကုသိုလ်ကံနှင့် ကုသိုလ်ထံတို့၏ ရောနှောပေါင်းစပ်မှု ရလဒ်ပေနည်း။ မိမိသည်လည်း ပင်လယ်ကသစ်ပင်ရင်းရှိ သိကြားမင်းပေးသော ဆုအတိုင်း ပညာကား ရှိ၏။ အဆင်းကား မလှ။ ထိုသားကို ဦးစွာ ယူလိုပါ၏ဟု ခံယူခဲ့သည် မဟုတ်လား...။

သားတော်ကြီးကား ဆုအတိုင်းပင်၊ သူမတူအောင် ပညာရှိခဲ့ပါ၏။ ထို့အတူပင် သူမတူအောင် အဆင်းညံ့ခဲ့ရှာလေသည်။

ယခု သာဂလနေပြည်တော်သို့ မိမိနှင့်မောင်တော် ဩက္ကာကရာဇ်မင်းကြီးတို့ ရောက်ရှိခဲ့သည်မှာ သုံးရက်ရှိခဲ့ပြီ။ သားတော်ကြီး ကုသကုမာရ သတို့သားလောင်းက လိုက်ပါလာခြင်း မပြုရ၊ သတို့သမီးလောင်းကိုသာ ခေါ်ဆောင်ရမည် ဖြစ်၏။ ဤသုံးရက်အတွင်း မိမိကိုယ်တိုင်သည်ပင် ချွေးမတော်လောင်းကို မမြင်မတွေ့ရသေး။ ဤသည်မှာလည်း ဓလေ့ထုံးတမ်းတစ်ရပ်ပင် ဖြစ်ပေသည်။

ချွေးမတော်လောင်းသည် ယောက္ခမတော်စပ်ရမည့် ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက် မရမချင်း မိမိသဘောဖြင့် မိမိကိုယ်မိမိ ထွက်တွေ့ပြသခွင့် မရှိ။

အချိန်တန်ပြီဟု မယ်တော်ကြီး သီလဝတီ မိဖုရားကြီး ဆုံးဖြတ်၏။

ဤသို့သောအမှုမှာ ယောကျ်ားသားများ၏ အရေးအရာ မဟုတ်။ မောင်တော် ဩက္ကာကရာဇ်မင်းကြီးနှင့် မသက်ဆိုင်၊ သူတို့ မင်းယောကျ်ားနှစ်ပါးတို့ကား နှစ်ပြည်ထောင် အရေးအရာတို့ကိုသာ ဆွေးနွေးနှီးနှောနေကြလိမ့်မည်။ ဤအရာကား မိန်းမသားတို့၏ အရာသာ။ မိမိကိုင်တွယ်ချိန် သင့်ပြီ။

မယ်တော်သီလဝတီသည် မဒ္ဒရာဇ်မင်းကြီးထံသို့ လျှောက်တင်





အကြောင်းကြားလိုက်လေသည်။ ချွေးမတော်လောင်း ပဘာဝတီကို မြင်ချင်ပါပြီ။ သမီးယောက္ခမနှစ်ပါးတို့ တွေ့ဆုံခွင့်ပြုတော်မူပါ။

*

ခမည်းတော်၏ ခွင့်ပြုအမိန့်တော်အရ၊ ကုသဝတီပြည့်ရှင်မင်းကြီး၏ မိဖုရားကြီးအား သွားရောက်တွေ့ဆုံရမည်ဟု ကြားသိရသည်နှင့် တစ်ပြိုင်နက် ခုဇ္ဇာသည် ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဟဲ့ ... ဟဲ့ ... မယ်မင်းတို့၊ ရတနာခုနစ်ပါးတစ်မျိုးစီနဲ့ ပြုလုပ်ထားတဲ့ ဘယက် ဒွါဒရာတန်ဆာတွေကို စီပြီး ဆင်မြန်းကြစမ်းပါ ... သမီးလေး စိတ်ကြိုက် ရွေးဝတ်ဆင်လိမ့်မယ်။ ဟိုမှာ သူ့ယောက္ခမတော်ကြီးနဲ့ သွားတွေ့ရတော့မှာ၊ အလှဆုံး အတင့်တယ်ဆုံးနဲ့ နတ်တွေတောင် တုမရတဲ့ ကျက်သရေလို ဆင်မြန်းသွားရမှာ ... လုပ်ကြစမ်းပါဟဲ့"

တစ်ဆောင်လုံး လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ခုဇ္ဇာ၏ စီစီညံညံ အသံတလည်း မနားတမ်း ထွက်ပေါ်နေတော့သည်။

"အို ... သူ့ စိတ်ကြိုက် ရွေးနိုင်းလို့ မဖြစ်သေးပါဘူး။ ဒီကလေးမက စိတ်လှုပ်ရှားပြီး မလိုက်ဖက်တဲ့ အရောင်အသွေးနဲ့ အဆင်တန်ဆာတွေ ရွေးချင်ရွေးနေမှာ။ ဟဲ့ ... ဟဲ့ ... ဟိုပတ္တမြား ခါးစည်းကြိုး၊ ပတ္တမြားဘယက်၊ အဲဒါ ထုတ်စမ်း ... ငါ့သမီးက နှင်းဆီနီနီပွင့်လေးကို ဆင်လိုက်ရင် ပိုလှလာတယ်။ နို့နေစမ်းပါဦး ... အနီရဲရဲကြီးက မကောင်းပါဘူးလေ။ လူကြီးသူမနဲ့ တွေ့ရမှာ သိပ်တောက်ပနေရင် မကောင်းပေဘူး။ ဟို စိန်အဆင်တန်ဆာတွေဆိုရင်ကော၊ အင်း ... ဒါကလည်း တစ်ကိုယ်လုံး စိန်တွေချည်းဆိုရင် ငါ့သမီး လှုပ်ရှားရတာ လေးလံနေမလား မသိဘူး။ ဟို ... မြတွေကော ... မြက သိပ်အဖိုး မထိုက်လှဘူး ... တော်ကြာ ဟိုက အထင်အမြင် သေးသွားမှဖြင့် ..."

ခုဇ္ဇာ တစ်ချိန်လုံး တဖျစ်တောက်တောက် ရေရွတ်ရင်း ရွေးချယ်နေသော ကျောက်သံပတ္တမြား ရတနာ အဆင်တန်ဆာများမှာ ဗရပွကြနေ၏။ ပဘာဝတီ အတွင်းဆောင်မှ ထွက်လာ၏။

"ဒုက္ခပါပဲ ... ဘာကို ရွေးရမှန်း ငါ မသိတော့ဘူးဟဲ့"

"ပဘာ ရွေးပြီးပြီ ခုဇ္ဇာ"

ပဘာဝတီသည် ဘော်ငွေရောင် ဖြူးဖြူးလက်နေသည့် ဝတ်စုံအဖြူကို ဝတ်ဆင်ထားသည်။

"အမယ်လေး လှလိုက်တာ သမီးရယ်။ လစန္ဒီဒေဝီကိုယ်တိုင် ဆင်းပြည်ရောက်လာသလား ထင်ရတယ်။ ကဲ ... ဘာဝတ်မလဲ"

"ပဘာကို လည်ဆွဲတော်တစ်ကုံးပဲ ပေးတော့"



www.burmeseclassic.com

www.burmeseclassic.com



"ပဘာကို ပုလဲလည်ဆွဲ"

"ဟုတ်တယ်လေ ... သီလဝတီ မိဖုရားကြီးနဲ့ တွေ့ချိန်မှာ ပဘာ ဖြူဖြူစင်စင်လေးနဲ့ ရိုးရိုးရှင်းရှင်းလေးပဲ ရှိချင်တယ်"

"ဒါဖြင့် ပုလဲ ခါးစည်းကြိုး ပုလဲလက်စည်း၊ ပုလဲ သရဖူ၊ ပုလဲ ပခုံးအုပ်တွေပါ ဝတ်ရမှာပေါ့ သမီးလေးရယ်"

"ဟင့်အင်း ... ပုလဲ လည်ဆွဲတစ်ကုံးဆိုရင် တော်ပြီ"

"မဟုတ်ပါဘူး ... ပဘာရယ်၊ ဘုရင့်သမီးတော်တစ်ပါးက လည်ဆွဲလေး တစ်ကုံးနဲ့"

ပဘာဝတီက အပြုံးစကို သိမ်းဆည်းလျက် –

"နေပါဦး ... အခုတွေ့မှာက ခုဇ္ဇာလား ပဘာလား"

အထိန်းတော်ကြီး ခုဇ္ဇာ ဆတ်ခနဲ တစ်ချက် တွန့်သွား၏။ ထို့နောက်မှ မဲ့ရွဲ့၍ –

"အလိုလေးတော် ကျုပ်သာဆို ထွက်ကို မတွေ့ဘူး။ အစားကို မဝင်ဘူး၊ သူတို့ သားတော်ဆိုတာကိုလည်း မယူဘူး"

"ကဲပါ ... ခုဇ္ဇာရယ်"

*

မိမိရှေ့မှောက်တွင် ပျပ်ဝပ်လျက် လက်အုပ်ချီ ရှိခိုးပြီးနောက် ဦးခေါင်းကို ပင့်မော့လိုက်သော ပဘာဝတီမျက်နှာကို ငေးကြည့်ရင်း မယ်တော်သီလဝတီ ရင်ထဲ၌ အခြားတစ်ပါးသော အာရုံများ ပျောက်ကွယ်လျက် စကားတစ်လုံးသည်သာ ဖြစ်နှံ့ကျင်သွား၏။

"လှလိုက်တာပါလား"

သားတော်ကြီး သွန်းထုခဲ့သော ရွှေသားရုပ်သွင်သည် ပဘာဝတီ၏ အဆင်းအောက်တွင် မှေးမှိန်ပျောက်ပြယ်သွားခဲ့ပြီ။ ဤမျှ ကျက်သရေရှိ၍ ဤမျှတင့်တယ် နုနယ်လှပသော မိန်းမပျိုလေးတစ်ယောက် ဤကမ္ဘာလောကဝယ် ရှိနေခြင်းသည် သားတော်ကြီးအတွက်တော့ ပြက်ရယ်ပြုခြင်း တစ်ခုပေလား။

ပဘာဝတီ၏ အတိုင်းမသိ အလှကျက်သရေကို မျက်ဝါးထင်ထင် မြင်လိုက်ရသောအခါ သားတော်ကြီး ကုသကုမာရ၏ ချို့တဲ့ညှံ့ဖျင်းလှသော အဆင်းက ပို၍ ပြက်ပြက်ထင်ထင် ပေါ်လာသည်။ သြော် ... ဖြစ်မှဖြစ်ရလေခြင်း။

သူကလေး ထွက်ပြေးမှာ မုချပဲ ...။

မယ်တော် သီလဝတီ၏နားတွင် ပဲ့တင်မြည်လာသော အသံဖြစ်၏။ ပဘာဝတီသည် သားတော်ကြီးကို မြင်လိုက်ရသည့် ပထမဆုံး တဒင်္ဂမှာပင် ရွံရှာစက်ဆုပ်ခြင်းဖြင့် ထွက်ပြေးမည်မှာ အသေအချာပင်။





နတ်ကညာနှင့် ဘီလူးသရဲနှယ်သော ပီဘိဆန့်ကျင်ဘက် ...

"သမီးတော် ကိုယ်စိတ်နှလုံး ချမ်းမြေ့မှုပါရဲ့လား"

"ခမည်းတော် မယ်တော်နှစ်ပါးတို့ မေတ္တာကြောင့် သမီးကိုယ်စိတ်နှလုံး ချမ်းမြေ့မှုတပါတယ် မယ်မယ်ဘုရား"

"ဒီစကား ကြားရလို့ မယ်မယ်ဘုရား ဝမ်းမြောက်လှပါတယ်"

"ခမည်းတော် မင်းတရားနဲ့ မယ်မယ်တို့လည်း သမီးတော်တို့ရဲ့ သာဂလနေပြည်တော်မှာ ဥတုသပ္ပါယ မျှတပြည့်စုံပြီ သက်သာရှင်လန်းကြလိမ့်မယ်လို့ မျှော်လင့်ပါတယ် မယ်မယ်ဘုရား။ သာဂလနေပြည်တော်ရဲ့ အိမ်ရှေ့ အမှုတော်လုပ်ကျွေးမှု မပြည့်မစုံရှိခဲ့ရင် ခွင့်လွှတ်တော်မူပါ မယ်မယ်ဘုရား"

"အို ... အို ... အစစမျှတ ပြည့်စုံပါတယ် သမီးတော်ရယ်"

ပဋိသန္ထာရစကားများကို နှုတ်မှ ပြောဆိုနေရသော်လည်း မယ်တော်ကြီး အတွေးကမူ ထိုစကားလုံးများ အပေါ်၌ မရှိ တစ်စုံတစ်ခုကိုသာ အားထုတ်ကြံနေ၏။

"သမီးတော်ကို ခွင့်ပြုတော်မူပါဦး မယ်မယ်ဘုရား"

ပဘာဝတီက နှုတ်ဆက်စကားဆို၍ လက်အုပ်ချီဦးချသည့် လှပသော လက်ချောင်းကြာပဒုံအစုံကို ဆုပ်ကိုင်၍ ဆုပေးစကားများ ရွတ်ဆိုပြီးသည့်နောက် ပဘာဝတီ ပြန်လှည့်ထွက်ချိန်မှာပင် မယ်တော်ကြီးသည် ထိုအဖြေအတွက် အသံမဲ့ စကားလုံးများဖြင့် အားယူလိုက်သည်။

ဥပါယ်တံမျဉ်သုံးရတော့မှာပဲ ဒါဟာ ပရိယာယ် မာယာ မဟုတ်ပါဘူး။ လှည့်စားလိမ်ညာခြင်းလည်း မဟုတ်ပါဘူး။ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း အတွက် မောင်တော်ဩက္ကာကရာဇ်မင်းကြီးနဲ့ မဒ္ဒရာဇ်မင်းကြီး မင်းနှစ်ပါးတို့ရဲ့ ရလဒ်သိက္ခာအတွက် ပြီးတော့ သားတော်ကြီးနဲ့ သမီးတော်လေး ပဘာဝတီတို့ အတွက် သုံးရမယ့် ဥပါယ်တံမျဉ်ဖြစ်တယ်။ ဒီအချိန်မှာ ဒီဥပါယ်တံမျဉ်ကိုမှ ငါ မသုံးရင် အရာခပ်သိမ်းဟာ ဖရိုဖရဲ ဖြစ်သွားလိမ့်မယ်။ ဒီတော့ ..."

ပဘာဝတီ နန်းတော်သို့ ပြန်ရောက်ချိန်မှာပင် မဒ္ဒရာဇ်မင်းကြီးသည် သီလဝတီမိဖုရားကြီး၏ ပင့်ခေါ်တောင်းပန်ချက်ဖြင့် သီလဝတီ မိဖုရားကြီး၏ နန်းတော်သို့ ရောက်ရှိလာ၏။

"သာဂလနေပြည်တော် မင်းကြီးဘုရား ... အရှင့်ရဲ့ သမီးတော်လေးနဲ့ အကျွန်ုပ် တွေ့ဆုံပြီးပါပြီ။ ကျွန်ုပ်တို့ရဲ့ သားတော်ကြီးနဲ့ အရှင်မင်းကြီးရဲ့ သမီးလေးတို့ဟာ လွန်စွာမှပဲ လျောက်ပတ်သင့်မြတ်ကြမှာ ဖြစ်ပါတယ်။

*



www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒရာဇ်မင်းကြီးကား ပြုံး၍ငြိမ်သက်စွာ နားထောင်နေ၏။ သီလဝတီ မိဖုရားကြီးက ဆက်လျှောက်၏။ "သို့ပါသော်လည်း ထုံးတမ်းစဉ်လာ ဓလေ့ တစ်ခုနဲ့ ပတ်သက်ပြီး အကျွန်ုပ် ဆက်လက်ရှင်းပြစရာလေး ရှိနေပါတယ် အရှင် မင်းကြီး"

"ထုံးတမ်းစဉ်လာဓလေ့ ဟုတ်လား။ ဘယ်လိုများပါလိမ့် သီလဝတီ"

"အကျွန်ုပ်တို့ မလ္လတိုင်းမှာ စိုးစံခဲ့ကြတဲ့ မင်းအဆက်ဆက်တို့ ကျင့်သုံးခဲ့ကြသော ရာဇဝံသ ဆိုင်ရာ ထုံးတမ်းဓလေ့ ဖြစ်ပါတယ်။ အကျွန်ုပ်တို့ အမျိုးအနွယ်မှာ ဇနီးမယားတစ်ယောက်ဟာ ပထမဆုံးအကြိမ် ပဋိသန္ဓေ တည်သည်အထိ ခင်ပွန်းယောက်ျားကို မမြင်မတွေ့စေရပါ။ ဒါဟာ မြင့်မြတ်သော မလ္လတိုင်း ခတ္တိယနွယ်ဝင်တို့ မပျက်မယွင်းလိုက်နာကြရတဲ့ အစဉ်အလာ ဖြစ်ပါတယ်၊ အရှင့်ရဲ့ သမီးတော်လေး ပဘာအနေနဲ့လည်း ဒီအစဉ်အလာကို လက်ခံလိုက်နာလိမ့်မယ်လို့ အကျွန်ုပ် မျှော်လင့်ပါတယ်"

"သီလဝတီ မိဖုရားကြီး ... မြင့်မြတ်သော မလ္လတိုင်း ခတ္တိယနွယ်ဝင်တို့ရဲ့ ဓလေ့ထုံးတမ်းပေပဲ။ ကျွန်ုပ်ရဲ့ သမီးတော်က မလိုက်နာစရာ အကြောင်း မရှိပါဘူး။ တကယ်လို့ သမီးတော်က ယေ်ရွယ်သူပီပီ ဒါကို သဘောမပေါက်နိုင်သေးဘူးဆိုရင်သော်မှ ကျွန်ုပ်တို့က သူနားလည်အောင် ပြောဆိုရပေမှာပေါ့။ သို့ပေမယ့် သမီးတော်လေးရဲ့ သဘောဆန္ဒကို ဦးစွာမေးပေးပါ့မယ်။ ကြောင့်ကြမှုဲ့စွာ သာ စံနေပါတော့"

"ကျေးဇူးကြီးလှပါတယ် အရှင်မင်းကြီး"

ပဘာဝတီအနေဖြင့် ဤအချက်ကို မလိုက်နာစရာ အကြောင်းမရှိဟု သီလဝတီမိဖုရားကြီး ယုံကြည်ပြီး ဖြစ်လေသည်။ ယုံကြည်သည့်အတိုင်းလည်း ပဘာဝတီထံမှ လက်ခံတုံ့ပြန် ကတိစကား ရရှိခဲ့၏။

သီလဝတီမိဖုရားကြီးသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

"အဆင်းညံ့လှရှာတဲ့ သားတော်ကြီးကို မမြင်ရဖို့ အရေး ငါဟာ ဥပါယ်တံမျဉ်ကို သုံးလိုက်ရပြီ။ ဒါဟာ အားလုံး အဆင်ပြေဖို့အတွက်ပါလေ"

*



နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ပေါက်လေပြီ။

ပဘာဝတီသည် များစွာသော အခြံအရံတို့ဖြင့် ကုသဝတီပြည်သို့ လိုက်ပါရန် အဆင်သင့်ဖြစ်နေလေပြီ။ ဩက္ကာကရာဇ်မင်းကြီးကလည်း မဒ္ဒရာဇ်မင်းကြီးအား သမီးယောက္ခမ အကြည်တော်အဖြစ် ဥစ္စာ ဘဏ္ဍာများစွာတို့ လက်ဆောင်ဆက်ခဲ့ပြီး ဖြစ်၏။

အစီအစဉ်အရ ဩက္ကာကရာဇ်မင်းကြီးသည် နေပြည်တော်သို့ အလျှင်အဦးဝင်နှင့်ကာ မြို့တော်ကို တန်ဆာဆင်၏။ ကုသကုမာရအား ထီးနန်းအပ်၍ ရာဇာဘိသေက ခံယူစေသည့် အထိမ်းအမှတ်အဖြစ် တိုင်းပြည်တစ်ဝန်းရှိ အချုပ်ထောင်မှန်သမျှကို ဖွင့်လျက် ရာဇဝတ်သင့်သူများကို အနှောင်အဖွဲ့မှ အကြွင်းမဲ့ လွှတ်ပေးခြင်းဖြင့် ရာဇာဘိသေကကို ဂုဏ်ပြုလိုက်၏။

ထို့နောက် ကြီးစွာသော ပွဲလမ်းသဘင်ခံယူကာ ကုသကုမာရအား ရာဇာဘိသေက ခံယူစေသည်။ ဘိသေကပလ္လင်၏ တစ်ဖက် မြင့်မြတ်သော သလွန်ဝယ် ချွေးမတော် ပဘာဝတီအား မိဖုရားခေါင်ကြီးအဖြစ် ဘိသိက်သွန်းသည်။ ရွှေခြည်ဖောက် ပုလဲသီပဝါကို ဦးခေါင်းထက် ခြုံလွှမ်း၍ မျက်နှာပြင်ရှေ့သို့ပါ ဆီးကာချထားသဖြင့် မိဖုရားခေါင်ကြီးသည် ကုသကုမာရ ဘုရင်သစ်ကို မြင်တွေ့ခွင့် မရှိချေ။

ရာဇာဘိသေက အခမ်းအနားပြီးလျှင်ပြီးချင်း ပဘာဝတီသည် နန်းတော်သို့ ပြန်ခဲ့ရ၏။ ခုနှာနှင့်တကွသော ရံရွေတော် အပေါင်းတို့လည်း ဘုရင်သစ်ကို မြင်တွေ့ရန် အခွင့်မရဘဲ လိုက်ပါခဲ့ကြရသည်။ ထို အစီအစဉ်များ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



သီလဝတီမင်းကြီး၏ လိမ္မာပါးနပ်သော အစီအစဉ်ဖြင့် တိကျသေသပ်စွာ ဆောင်ရွက်ခဲ့ကြလေသည်။

နန်းဆောင်သို့ ပြန်ရောက်ပြီးမှ ပဘာဝတီသည် ရွှေခြည်ဖောက်ပဝါကို ဦးခေါင်းမျက်နှာထက်မှ ဖယ်ရှားလိုက်၏။

ခုဇ္ဇာက ပဘာဝတီ၏ ဘယက်ဒွါဒရာရတနာ အဆင်တန်ဆာများကို ချွတ်သိမ်းပေးရင်း ထုံးစံအတိုင်း တတွတ်တွတ် ပြောဆိုသည်။

"မိမိရဲ့ခင်ပွန်းကို မိမိ မမြင်မတွေ့စေရဆိုတဲ့ သူတို့ ထုံးတမ်းစဉ်လာကြီးက ဘယ့်နယ်ကြီးမှန်း မသိဘူးနော်။ ဒါပေမဲ့ ကြီးကျယ်လိုက်သမှ ရာဇဘိသေကသဘင်ကြီးဟာ ခမ်းနားလိုက်သမျှ၊ သမီးလေးပဘာတော့ စကြဝတေး မန္ဓတ်မင်းရဲ့ မိဖုရားခေါင်ကြီးထက် မလျော့တဲ့ စည်းစိမ်ချမ်းသာ အရှိန်အဝါနဲ့ စံရမှာသေချာတယ်၊ ဒါအတွက် ဟောဒီက ခုဇ္ဇာကြီး ဝမ်းသာတယ်"

"ခုဇ္ဇာတို့ ပြောလိုက်ရင် အလွန်အကျွံချည်းပါလား။ စကြဝတေးမင်း မိဖုရားခေါင်ကြီးဆိုတာတော့ တစ်ဆိတ်လွန်တယ် ထင်ပါရဲ့နော်။ စကားလျှော့ပါဦး"

ပဘာဝတီက ပြုံး၍ ပြော၏။

"မလျော့နိုင်ဘူး ... မလျော့နိုင်ဘူး ... တကယ့်ကို ကြီးကျယ်တာ၊ ဇမ္ဗူဒိပ်ကျွန်းအပြင်က ဘုရင့်သမီးတော်တွေဟာ အခုဆိုရင် ကုသဘုရင်နဲ့ ပဘာဝတီ မိဖုရားတို့ရဲ့ အခြံအရံတွေအဖြစ် စုရုံးရောက်ရှိလာကြတယ်။ ဘုရင့်သားတော်တွေဟာလည်း ကုသဘုရင်ရဲ့ အဆွေခင်ပွန်းအဖြစ် အလုပ်အကျွေး ပြုဖို့လာကြတယ်။ ကိုင်း ... ကြည့်ပါဦး၊ ရာဇာဓိရာဇပါပဲ။ မင်းတကာတို့ထက် မင်းပါပဲ သမီးလေးပဘာ။ အခုလိုဆိုတော့ မဟေသီတကာတို့ရဲ့ ထိပ်ခေါင်တင်ဖြစ်ပြီပေါ့တော်" ခေါင်းတိမောင်းတိ ပြောနေသည့် ခုဇ္ဇာကို ကြည့်ရင်း ပဘာဝတီသည် လှပစွာ ရယ်မောလျက် –

"ခုဇ္ဇာရယ်၊ အခုတော့လည်း သူပဲ အကျေနပ်ကြီး ကျေနပ်နေပြန်ပေါ့... ဟုတ်လား"

"ကျုပ်သမီးလေး ကောင်းစားတာကိုးတော့"

"ဟင့် ... ကောင်းစားတာ ထားပါဦး၊ ကုသဘုရင်ကို မြင်တွေ့ခြင်း မရှိစေရဘူးဆိုတာကကော"

"အို ... တစ်ချိန်ကျမြင်ရမှာပဲ။ အခု ရာဇာဘိသေကမှာ ကြည့်စမ်း၊ ကိုယ်တော်အရှင်ရဲ့ ရုပ်ဆင်းသဏ္ဍာန်ကို မမြင်ရပေမယ့် ရာဇအမိန့်ခွာန်သစ္စာဆိုတဲ့ သူ့အသံကို နားထောင်ကြည့်ပါလား"

"သူ့အသံက ဘာဖြစ်လို့လဲ"





"အလိုလေး ... သမီးရယ် ... ကေသရာဇာခြင်္သေ့မင်း အသံမျိုး၊ ခုဇ္ဇာ ဘဝတစ်သက်မှာ ဒီလောက် ဩဇာပြည့်ဝ၊ ဒီလောက်ချိုသာပြီး ဒီလောက် ယောကျ်ားပီသတဲ့ အသံမျိုး တစ်ခါမှ မကြားဖူးဘူး။ သိပ်ကို ချောမောလှပချိုမြအောင်မြင်တဲ့ အသံပဲ"

"ဘယ်လို ... ဘယ်လို ... ချောမောလှပ ချိုမြအောင်မြင်တဲ့ အသံ ဟုတ်လား"

"ချိုမြအောင်မြင်တာတော့ ဟုတ်ပါပြီ။ အသံက ချောမောလှပသတဲ့လား"

"အဲဒီလိုပဲ ပြောရတော့မယ် သမီးရေ၊ သူ့အသံဟာ ကြည်လင်စူးရှရုံ တွင်မက သာလည်း သာယာတယ်။ ဩဇာသံလည်းပါတယ်။ သူဟာ ဘာမှ မလုပ်ဘဲ၊ အသံနဲ့တင်ပဲ တစ်ဖက်သားကို စိုးမိုးအုပ်ချုပ်နိုင်မှာ သေချာတယ်"

"အဲဒီတော့ ..."

"ဒီလောက် ခမ်းနားကြွယ်ဝတဲ့ အသံပိုင်ရှင်ရဲ့ မျက်နှာအသွင် အနေအထားဟာ ဘယ်လောက်ချောမောပြီး ယောကျ်ားကောင်း ပီသမယ်ဆိုတာ အထူးတွေးစရာ မလိုတော့ဘူး။ ခုဇ္ဇာတို့ ပြောရဲတယ်။ ငါ့သမီးလေး ပဘာဟာ နှစ်ယောက်အတူမရှိ၊ တဘက်ကင်းတဲ့ မိန်းမချော မိန်းမလှဖြစ်သလို၊ ကုသဘုရင်ဟာလည်း အဆင်းကျက်သရေမှာ ယောကျ်ားတကာ လိုက်မမီတဲ့ ရုပ်ရည်ရှင်ဖြစ်မှာမုချ"

ပဘာဝတီသည် ခုဇ္ဇာ၏ စကားများကို နားထောင်ရင်းမှ တစ်ချက်မျှ တွေခနဲ ဖြစ်သွား၏။

"သမီးလေး ဘာဖြစ်လို့လဲ ဟင်၊ ဘိသေက သဘင်ကြောင့် နွမ်းနယ်နေပြီလား"

"မဟုတ်ပါဘူး ခုဇ္ဇာရယ်၊ အခုဆိုရင် မလ္လတိုင်း ခတ္တိယနွယ်တို့ရဲ့ ထုံးတမ်းအရ မောင်တော် ကုသအရှင်နဲ့ ပဘာတို့ဟာ နေ့အခါမှာ တစ်ဦးကို တစ်ဦး မြင်ခွင့်ရကြမှာ မဟုတ်ဘူးလေ"

"အေးလေ ... အဲဒီတော့ ဘာဖြစ်သလဲ။ ညဉ့်အခါမှာ မြင်ခွင့်ရကြမှာပဲလေ"

"ညဉ့်အမှောင်ထဲမှာလေ ... ဆီမီးမှန်သမျှကို ငြိမ်းသက်ပြီး ပိန်းပိတ်သား အမှောင်ပဲရှိမှာ ခုဇ္ဇာရဲ့"

ခုဇ္ဇာ မျက်မှောင်ကြုတ်သည်။ ထို့နောက် ချက်ချင်းပင် ရယ်၏။

"အမယ်လေး ပဘာရယ် ... ကိုယ့်ကိုယ်ကို ပဘာဝတီဆိုတာ မေ့နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုနှာ ဘာပြောချင်တာလဲ"

"သမီးရဲ့ ကိုယ်အရောင်အဝါ အလင်းလေ ... အမှောင်ထဲ ရောက်လေလေ သမီးလေးရဲ့ ဝင်းပတဲ့ အသားအရေကြောင့် အလင်းစက်ဝန်းတွေက ပိုပြီး တောက်ပလေလေ ဖြစ်နေတာကို မေ့နေပြီလား"

"အို"

"မအိုပါနဲ့၊ ညဥ့်ရဲ့ ပိန်းပိတ်သား အမှောင်ထဲမှာ သမီးလေးရဲ့ ကိုယ်က ထင်းဖြူထွက်တဲ့ အရောင်အဝါနဲ့ ကုသဘုရင်ကို အနီးကပ် မြင်တွေ့ခွင့်ရ ..."

"အို ... ပဘာ ရှက်ပါတယ် ခုနှာရယ်"

ခုနှာ၏ ယူဆချက်သည် တကယ့်တကယ်တွင်ကား မှားခဲ့လေသည်။

နေ့အခါတွင် မြင်တွေ့ခွင့် လုံးဝမရှိကြလေသော မင်းမိဖုရားနှစ်ပါးသည် ညဥ့်အခါ တွေ့ဆုံကြရသည် မှန်၏။ ညဥ့်နက်မှပင် ကုသမင်းသည်လည်း ကျက်သရေဆောင် တိုက်ခန်းတွင်း ဝင်ခွင့်ရခဲ့၏။ သို့သော် ...

ကုသ၏ ဘုန်းသမ္ဘာကြောင့် ပဘာဝတီ၏ ကိုယ်ရောင်အရှိန်အလင်းတို့သည် ယခင်ကကဲ့သို့ ထွန်းလက်တောက်ပခွင့် မရကြတော့ချေ။ မှေး ှမှိန်ကျည်းနှင့် ခွားသော အလင်းဖျော့ဖျော့ဝယ် ပဘာဝတီသည် ကုသမင်းကို မြင်တွေ့နိုင်ရန် အခွင့်အရေး မရခဲ့။

ကုသမင်းသည် ထိုအကြောင်းကို မယ်ကော်ကြီးအား ပြောပြ၏။

ဇေ့စပ်သေချာစွာ စိမ်နိုင်သော သီလဝတီ မယ်တော်ကြီးကား သားသုရင်၏ နဖူးပြင်ကို အသာအယာ သပ်လျက် –

"ပဘာဝတီအနေနဲ့ သားတော်ကို အဲဒီလို မြင်တွေ့နိုင်စွမ်း မရှိခြင်းကိုဘဲ သားတော် ကျေနပ်လိုက်ပါကွယ်။ တစ်ချိန်သောအခါမှာတော့ အစခပ်သိမ်း အဆင်ပြေ အောင်မြင်သွားပါလိမ့်မယ်"

ကုသမင်းက တည်ငြိမ်စွာ ဆို၏။

"ရာဇဘိသေကနဲ့ စုလျားရစ်ပတ်တဲ့ ဘိသေကမှာတုန်းက ပုရောဟိတ်များက ဂါထာမန္တန်တွေ ရွတ်ရင်းနဲ့လက်ဖွဲ့ဆိုသွားတော့ ကုသမင်းနဲ့ ပဘာဝတီ မိဖုရားတို့ဟာ နေလအလား ရွှေမြအသွားကဲ့သို့တဲ့၊ ရွှေနဲ့မြဆိုတာတော့ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်။ သင့်မြတ်လျော်ကန်တဲ့ တင်စားဖွဲ့နွဲ့မှုပါပဲ။ သို့သော် နေနဲ့လဆိုတာကိုတော့ သူတို့ မသုံးသင့်ဘူး မယ်တော်"

"ဘာဖြစ်လို့လဲ သားတော်ရယ်"

"ပညတ်နောက် ဓာတ်သက်လိုက်တယ် မယ်တော်၊ သူရိယနေမင်းဟာ နေ့အခါမှာသာ ထွန်းလင်းတောက်ပတယ်။ လစန္ဒာကတော့ ညဥ့်အခါမှသာ ထွက်ပေါ်ရတယ်။ သူတို့ ကျက်စားရာ အဇ္ဈောကောင်းကင်ဟာ တစ်ခုတည်း





ဖြစ်ပေမယ့် နေနဲ့ညဆိုတဲ့ အချိန်ကာလချင်း ကွဲပြားနေတယ်။ သူတို့ မဆုံကြရဘူး၊ မတွေ့ကြရဘူး မယ်တော်။ အခုတော့ ပုရောဟိတ်တွေ ဖွဲ့ဆိုတင်စားခဲ့တဲ့ အတိုင်း သားတော်နဲ့ ပဘာဝတီတို့ဟာ နေနဲ့လ ဖြစ်နေကြပြီ"

သီလဝတီ မိဖုရားကြီးသည် သား၏လက်ကို တင်းတင်း ဆုပ်ကိုင်လိုက်၏။

သားလက်ကို တင်းတင်းဆုပ်လိုက်သလို မိမိရင်ထဲမှာလည်း သားအတွက် စိတ်မကောင်းခြင်းကြီးစွာဖြင့် နှလုံးသားသည် အဆုပ်အကိုင် ခံလိုက်ရသလို ခံစားရလေသည်။

"သားတော်ကြီးရယ် ... အဆင်းအင်္ဂါမှတစ်ပါး ကြွင်းသော ဂုဏ်ကျက်သရေ၊ ပညာ၊ ဘုန်းသမ္ဘာအပေါင်းနဲ့ပြည့်ဝနေတဲ့ သားတော်အတွက် အချိန်တစ်ချိန် ရောက်လာမှာပါ။ သားတော် ပြောသလို တစ်ခုတည်းသော အဇ္ဈောကောင်းကင်မှာ စံပယ်လှည့်လည်ကြသော်လည်း အချိန်ကာလချင်း ကွဲပြားနေကြတဲ့ သူရိယနဲ့စန္ဒာတို့အတွက် နံနက် အရုဏ်ပျို့စကာလ၊ ညနေဆည်းရီကာလဆိုတဲ့ အချိန်ကာလ အပိုင်းအခြားလေးတစ်ခု ရှိနေပါတယ်။ လမဝင်ခင် နေထွက်လာတာမျိုး နေမဝင် လထွက်လာတာမျိုး ရှိပါသော်ကော သားတော်ရယ်"

ကုသမင်းက မရွှင်ပျသော အပြုံးဖြင့် ခေါင်းယမ်း၏။

"မယ်တော် ပြောတာ ဟုတ်ပါတယ်။ လမဝင်ခင်နေထွက်၊ နေမဝင်ခင် လထွက်ဆိုတဲ့ အပိုင်းအခြားလေး ရှိပါတယ်။ သို့သော် သူတို့ဟာ အရှေ့အရပ်နဲ့ အနောက်အရပ်တွေမှာ သီးခြားကွာဝေးစွာ တည်နေကြတယ်လေ"

သီလဝတီ မယ်တော်ကြီးမှာ မည်သို့မျှ စကား ပြန်မဆိုနိုင်တော့ဘဲ "သားတော်ကြီးရယ်" ဟုသာ မချိတင်ကဲ ရေရွတ်ရင်း ကုသမင်းကို ပွေ့ဖက်နှစ်သိမ့်လိုက်ရလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## မြင်စမ်းချင်သည် လူ့ဒေဝီ

တစ်ရက်နှစ်ရက်မျှသော အချိန်ကာလ လွန်မြောက်ခဲ့သည်။ ကုသကုမာရအဖို့ကား ထိုတစ်ရက် နှစ်ရက်သည် တစ်ကမ္ဘာ နှစ်ကမ္ဘာတမျှပင် ရှိတော့၏။ နေနှင့်လကဲ့သို့ မဆုံးမတွေ့ကြရသော အဖြစ်ကို သည်းမခံနိုင်တော့၊ ညဥ့်အခါတွင်သာ ကျက်သရေတိုက်ခန်းမှ ထွက်ရသည်ကအစ ဆက်လက် မအောင့်အည်းနိုင်တော့။ ထို့ကြောင့် အစခပ်သိမ်း စီမံခန့်ခွဲသူ မယ်တော်ကြီးကိုသာ ချဉ်းကပ်ခဲ့လေသည်။

"ပဘာကို နေ့အခါ နေအလင်းအောက်မှာ သားတော် မြင်လိုလှပါပြီ မယ်မယ်။ အခုအနေကို သားဘယ်လိုမှ သည်းမခံနိုင်တော့ဘူး"

တစ်ချိန်ချိန်တွင် သားတော် ဤသို့ အရေးဆိုလာလိမ့်မည်ဖြစ်ကြောင်း မဆွကတည်းက မျှော်လင့်ထားသော်လည်း ဤမျှ မြန်မြန်ဆန်ဆန် တောင်းဆိုလာမည် မထင်သဖြင့် မယ်တော်ကြီး အံ့သြသွား၏။

"သားတော်ကြီး ဘယ်လိုပြောလိုက်တာလဲ။ ပဘာဝတီကို မြင်ရဖို့ တွေ့ရဖို့ မျက်နှာချင်းဆိုင် ရဖို့အတွက် သားတစ်ယောက်ရတဲ့ အချိန်ကာလအထိ စောင့်ဆိုင်းရမယ်လို့ အစကတည်းက သဘောတူညီထားကြပြီးသား မဟုတ်လား။ သားတော်မှာ ပဘာကို မြင်ဖို့ အခွင့်မရှိဘူး"

"အဲဒီသဘောတူညီချက်ဆိုတာက ရွှေနန်းသုံး ထုံးစံအစဉ်အလာလည်း မဟုတ်ပါဘူး မယ်မယ်။ သစ္စာဆိုပြီး ကျမ်းရွက် ကျိန်ထားတာလည်း မဟုတ်ပါဘူး။ မယ်မယ်ကိုယ်တိုင် ပါးနပ်လိမ္မာစွာနဲ့ စီမံထားတယ်ဆိုတာ





သားတော် သိပါတယ်။ အကယ်၍ အဲဒီသဘောတူညီချက်ဟာ ရွှေနန်းသုံး ထုံးစံဖြစ်စေဦး၊ ကြောက်စရာ ကျိန်စာတွေ တိုက်ထားတဲ့ ရွှေကျမ်းလွှာဖြစ်စေဦး သားတော်ကတော့ ချိုးဖောက်ရလိမ့်မယ် မယ်မယ်။ သားတော် ပဘာကို နေ့အခါမှာ မြင်ချင်ပါတယ်"

သားတော်ကြီး၏ စိတ်ဓာတ်ပြင်းပြပုံ စိတ်ခွန်အားကြီးမားပုံကို သိထားတာသော မယ်တော်ကြီးမှာ သားဖြစ်သူကို အမိန့်အာဏာဖြင့် ပိတ်ပင်၍ မရနိုင်ကြောင်း သိလိုက်၏။ ကုသကုမာရသည် သူ၏ အလိုဆန္ဒရှေ့၌ ကာဆီးတားမြစ်ထားသော အရာမှန်သမျှ ဖြောင်းဖြောင်းချိုးဖျက် ဖောက်ထွက်မည့်သူ ဖြစ်လေသည်။

ထို့ကြောင့် မိခင်တို့၏ တောင်းပန်စကားဖြင့် ချော့မော့နှစ်သိမ့်၏။

"သားရယ် အချိန်မတိုင်မီမှာ အလုပ်တစ်ခုကို ကြိုတင် စိတ်စောနဲ့ လုပ်လိုက်မိရင် အများနဲ့ နောင်တတွေသာ ထွက်ပေါ်တတ်ပါတယ်။ သား စိတ်လိုက်မာန်ပါ လုပ်မယ်ဆိုရင် မယ်မယ့် အစီအစဉ်တွေလည်း ပျက်၊ သားအတွက်လည်း အကျိုးမဲ့ဖြစ်၊ နှစ်ပြည်တစ်ပြည် ရွှေလမ်းဟာလည်း ပြတ်တောက်မှာ စိုးရပါတယ်။ မယ်မယ့်စကားကို တဆိတ် နားထောင်ပါလားကွယ်"

ကုသကုမာရသည် မယ်တော်ကြီး၏ တောင်းပန်စကားနှင့် စိုးနောင်မကင်း မျက်လုံးများကို ရင်ဆိုင်လိုက်ရသဖြင့် ကိုယ်တိုင်ကပါ လျော့၍ ဆိုလေသည်။

"မယ်မယ် တောင်းပန်သလို သားတော်ကလည်း တောင်းပန်ပါရစေ။ ချစ်သူ ကြင်ရာယူဖို့အရေး မယ်မယ်တို့၏ အကြံမ်ကြံမ် တိုက်တွန်းခဲ့စဉ်က သားအဖန်ဖန် ငြင်းခဲ့ပါတယ်။ နောက်ဆုံးတော့ ဘယ်လိုမှ ဖြစ်နိုင်စရာ မရှိအောင် သားရွှေစင်ရုပ် သွန်းလုပ်ခဲ့ပါတယ်။ အဲဒီရွှေစင်ရုပ်ကို အနိုင်ယူသွားတဲ့ ဟောဒီလောကမှာ အလှဆုံး မိန်းကလေးနဲ့ တွေ့ပြီးကာမှ လက်ထပ်ထိမ်းမြားခဲ့ပြီးညမှ တိတ်တဆိတ် တွေ့ဆုံရ၊ သူ့ကို ကိုယ်မမြင်၊ ကိုယ့်ကို သူမမြင်ဆိုတဲ့ဘဝနဲ့ ကြုံရ။ အဲဒါတွေဟာ သား ဖန်တီးတာလား မယ်မယ်။ ဟောဒီ ကုသဝတီပြည်မှာ ဟောဒီ မလ္လတိုင်း တစ်တိုင်းလုံးမှာ အို ... ဟောဒီ လောကမြေပြင်မှာ သားတော် လောက် အကြောင်းဆိုးသူ ရှိနိုင်ပါဦးမလား မယ်မယ်။ လက်တစ်ကမ်းက ချစ်သူကို စကြဝဠာအပြင်ဘက်မှာ ထားရတဲ့အဖြစ် မယ်မယ် စဉ်းစားကြည့်ပါ"

"ခက်ပါလား သားတော်ကြီးရယ်"

မိခင်က သားကို တားမြစ်တောင်းပန်၏။ သားက မိခင်ကို တောင်းဆိုတောင်းပန်၏။ အဖန်တလဲလဲ ပြောဆိုကြပြီးသောအခါ၌ကား မိခင်သည် သားတော်ကို အလျှော့ပေးလိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ သားတော် အလိုဆန္ဒအတိုင်း ပဘာကို မြင်ရစေမယ်"

"ဒါပေမယ့် သားတော် တစ်ခုလိုက်လျှောရလိမ့်မယ်"

"သူ့ကို မြင်ရဖို့အရေး သားတော် အခု တစ်ရာ တစ်ထောင် လိုက်လျှောပါ့မယ် မယ်မယ်"

"အင်း ... သားတော် လုပ်ရမှာက ဘုရင့်ဆင်တင်းကုပ်ဆီသွား"

"ကောင်းပါပြီ မယ်မယ်၊ သွားပါ့မယ်"

"ဆင်ထိန်းအသွင်နဲ့နေ"

"ကောင်းပါပြီ မယ်မယ်၊ နေပါ့မယ်"

"ပဘာဝတီကို မယ်မယ် ဆင်းတင်းကုပ်ဆီ ခေါ်ကြဉ်းလာခဲ့မယ်။ အဲဒီအခါမှာ ဆင်ထိန်းအသွင်နဲ့ သားမျက်စိမျက်ဝန်းတစ်ပြည့် ကြည့်လေရော့"

"ကောင်းလှပါပြီ မယ်မယ်"

"သို့သော် သားတစ်ခု ကတိပေးရမယ်"

"မိန့်ပါ မယ်မယ်"

"သားကို ကုသကုမာရအဖြစ် ပဘာ လုံးဝ မသိစေရဘူး။ သားကို သူ့ရဲ့လင်သားအဖြစ် ပဘာ လုံးဝ မသိစေရဘူး"

"သား ကတိပေးပါတယ် မယ်မယ်။ အခုပဲ ဆင်ထိန်းအသွင်ယူပြီး ဆင်တင်းကုပ်ကို သွားပါတော့မယ်"

*

မောင်တော် ကုသကုမာရ၏ မင်္ဂလာဆင်တော် တင်းကုပ်ကို လှည့်လည်ကြည့်ရှုရန်ဟု အခေါ်လွှတ်သဖြင့် လိုက်လာခဲ့ရသော်လည်း ပဘာဝတီသည် အတွေးရခက်နေ၏။ မိမိအား ကုသဝတီနေပြည်တော်ကြီးရှိ အခြားတင့်တယ်သာမောဖွယ်နေရာများသို့ လိုက်ပါပို့ဆောင် ကြည့်ရှုစေခြင်း မပြုဘဲ အဘယ်ကြောင့် ဆင်တင်းကုပ်ကိုမှ ခေါ်ရသနည်းဟု တွေးမိလေသည်။

သို့သော် မင်္ဂလာဆင်တော် တင်းကုပ် ရောက်သောအခါတွင်မူကား ထိုအတွေးပြယ်သွား၏။ မိမိ၏ ခင်ပွန်းသည် ဤမျှ ကြီးမားကျယ်ဝန်းသော ဆင်တင်းကုပ်နှင့်တကွ ကြီးမားလှသော ဆင်တော်ကြီးများကို ပိုင်ဆိုင်သူ ပေတကားဟု အားရကြည်နူး ဖြစ်မိလေသည်။

ထိုသို့သော အားရကြည်နူးမှုများနှင့်အတူပင် မောင်တော် ကုသကုမာရ၏ ဘုန်းလက်ရုံးအစွမ်းကို မျှော်ခေါ်ဆင်ခြင်ကာ ကုသမင်းသို့နှယ်သော မင်းယောကျ်ား၏ မိဖုရားဖြစ်ရခြင်းကိုလည်း နှစ်ထောင်းရှင်ပျ ဂုဏ်ယူမိတော့သည်။

တစ်ဆက်တည်းမှာပင် မောင်တော်ကုသမင်းနှင့် ညဥ့်အခါမှသာ လျှို့ဝှက် တွေ့ဆုံရသည့် ထူးဆန်းသော ထုံးစံဓလေ့ကို နားမလည်နိုင်အောင် ဖြစ်ရ





ဆလသည့်။ သို့သော် ထိုအတွေးကို ကြာရှည်လက်ခံဖို့ အခွင့်အရေးမရ။ မယ်တော်ကြီးကိုယ်တိုင်ကပင် ဆင်တော်များ၏ အမည်ကို တစ်ခုပြီးတစ်ခု ရေရွတ်ပြရင်း ဆင်တင်းကုပ်များကို မနားတမ်း လှည့်လည်ပြနေလေသည်။

"ဟောဒီ စွယ်စုံဆင်ကြီးတွေကို သမီးတော်ရဲ့ မောင်တော် ကုသကိုယ်တိုင် ဆင်ကျော့ပြီး ဖမ်းဆီးခေါ်ငင်ခဲ့တာ ဖြစ်တယ်။ ဆင်ရိုင်းကြီးတွေကို ယဉ်ကျေးအောင် ဆုံးမသွန်သင်တာလည်း သမီးတော်ရဲ့ မောင်တော်ကိုယ်တိုင် ဖြစ်တယ်။ သူဟာ ဘုရင့်သားတော်တစ်ပါးအနေနဲ့ နန်းတော်ထဲမှာ စည်းစိမ်ယစ်နေသူ မဟုတ်ဘူး သမီးတော်။ မယ်မယ်တို့ မလ္လတိုင်းမှာ သူဟာ နှစ်ယောက်အတုမရှိတဲ့ အတော်ဆုံး ဆင်ဆရာလည်း ဖြစ်တယ်"

ပဘာဝတီမှာ ဂုဏ်ယူကြည်နူးမဆုံး ရှိနေလေသည်။

ထိုအချိန်ဝယ် ဆင်ထိန်းအသွင်ဖြင့် နက်ပြာရောင်ကိုယ်ကြပ်၊ ခေါက်ပိုး ပုဆိုးခါးတောင်းကျိုက်၊ ခြေဝတ်မပါသော ဗလာခြေဖဝါး၊ နီလွင်သော ပိတ်ပဝါကို ထူထည်းစွာ အုပ်ပေါင်းထားရသည့် ကုသမင်းသည်ကား၊ ဆင်တော်များ၏ နောက်ဘက်ပိုင်းမှ တစ်လျှောက်လုံး လိုက်ပါရင်း အသံမဲ့ စကားလုံးများက တတွတ်တွတ် –

"ပဘာရယ်၊ ဟောဒီလောကမှာ ရှိရှိသမျှ မိန်းမတကာတို့ရဲ့ အလှဆုံးဆိုတဲ့ အရာတွေ မင်းဆီမှာမှ အလုံးစုံခပ်သိမ်း ရောက်ရှိစုဝေးနေတော့တာပါပဲလား"

"ဆင်တင်းကုပ်ရဲ့ ခက်မာတဲ့ နင်းကြမ်းတွေအပေါ် မင်းလျှောက်သွားပုံက ညနေဆည်းရီ တောင်တန်းတွေအပေါ် တိမ်မျှင်တိမ်စလေးတွေ ဖြတ်သန်းသွားသလိုပါလား"

"မယ်မယ့်စကားတွေကို နားဆင်ဟန်နဲ့ မင်းရဲ့လည်တိုင်ကြော့ကို ငဲ့လိုက်ပုံကလည်း အလှဆုံး ပန်းကနုတ်ရဲ့ အယိမ်းအနွဲ့ကို အနိုင်ယူလိုက်တာပါလား"

"မယ်မယ့်စကားတွေကို နားဆင်ရင်းနဲ့အတူ မင်္ဂလာဆင်တော်တွေကို ရှုစားနေတဲ့ မင်းမျက်လုံးတွေဟာလည်း သောကြာကြယ်ကို ညှိုးမှိန်စေတာပါပဲလား"

"ပဘာရယ် ... မင်း ဘာကြောင့် ဒီလောက် ရွှန်းရွှန်းမြမြ လှနေရသလဲဆိုတဲ့ မေးခွန်းရဲ့အဖြေကို သိသူဟာ စကြဝဠာရဲ့ အခက်ခဲဆုံး ပုစ္ဆာကို အဖြေထုတ်နိုင်သူပဲ ဖြစ်ပါလိမ့်မယ်"

"ပဘာရယ် မင်းရဲ့ မျက်လုံး၊ မင်းရဲ့ နှုတ်ခမ်း၊ မင်းရဲ့ လည်တိုင်၊ မင်းရဲ့ပခုံး၊ အို ... တစ်ကိုယ်လုံး တင့်တယ်ခမ်းနားစွာ အလှကြီး လှနေပုံဟာ



www.burmeseclassic.com

www.burmeseclassic.com



အချိုမြဆုံး အရသာတွေ၊ အသာယာဆုံး တေးဂီတတွေ၊ အသာယာဆုံး ရှုခင်းတွေကို ဆွဲ့အစေခဲ့ပြီကော"

ကုသမင်းသည် ပဘာဝတီ၏ အလှတွင် ဆည်မတန်နိုင် မိန်းမောရင်းဖြင့် ချေပတီးနိုင်တော့သည့် ဆန္ဒတစ်ခု ဖြစ်ပေါ်လာ၏။ ထိုဆန္ဒကား ပဘာဝတီနှင့် မျက်နှာချင်းဆိုင်ရပ်ကာ၊ သူ့လက်ကို ကိုင်ဆွဲလျက် "မင်းရဲ့ခင်ပွန်း ကုသမင်းဆိုတာ ကျုပ်ပါပဲ" ဟု ပြောလိုက်ချင်သည့် ဆန္ဒ ဖြစ်လေသည်။

သို့သော် မယ်တော်ကြီးထံ ကတိပေးထားပြီး ဖြစ်သဖြင့် ထိုသို့မပြောသာ။

သို့ဆိုလျှင် ပဘာဝတီအား မိမိရှိနေကြောင်း မည်သို့ ဆက်သွယ်မြင်တွေ့စေရမည်နည်း။ အခြားနည်းမရှိ။ တစ်နည်းသာ ရှိတော့သည်။ မိမိသည် ဆင်ထိန်းအသွင်ယူထားရသူ၊ ဆင်တင်းကုပ်၏ အတွင်းဘက် ဆင်တော်များ နောက်ဝယ် တိတ်တဆိတ် ပုန်းခိုလျက်နေရသူ။

ထို့ကြောင့်

ထိုတစ်ခုတည်းသော နည်းကိုသာ အသုံးပြုလိုက်ရာတွင် ...

"အို ... မယ်တော်"

ကျောပြင်ထက်သို့ တစ်စုံတစ်ခု ထိမှန်၏။ လေးလံ၍ ပျော့အိသော အရာ ထိမှန်၏။ အရှိန်မပြင်းစေကာမူ ရုတ်တရက် ဖြစ်သဖြင့် အနည်းငယ် တုန်လှုပ်သွား၏။ ပဘာဝတီသည် "အို ... မယ်တော်" ဟု အလန့်စကားဆိုကာ နောက်ကျောဘက် လှည့်ကြည့်လိုက်၏။

နီနီရဲရဲ ပိတ်ပဝါအုပ်ပေါင်းပေါင်းထားပြီး နက်ပြာရောင် ကိုယ်ကြပ်ဝတ်ထားသော အောက်ပိုးပုဆိုးခါးတောင်းကျိုက်၊ ဗလာခြေထောက်ဖြင့် မိမိအား စူးစူးကြည့်နေသော ဆင်ထိန်းတစ်ယောက် ...

"မယ်မယ် သူ ... သူ ... ဆင်ထိန်း၊ ပဘာနောက်ကျောကို ဟို ... ဆင်ချေးတုံးနဲ့ ပစ်ပေါက်တယ်။ ပဘာ ... မောင်တော် ကုသမင်းကို တင်လျှောက် တိုင်ကြားပြီး သင်းလက်ကို ဖြတ်စေမယ်"

မယ်တော်ကြီးလည်း ပဘာဝတီ၏ ကျောကို သုတ်သင်ဆုပ်နယ်ပေးရင်း မထိတ်သာ မလန့်သာဖြင့် –

"ဟုတ်တယ် ... ဟုတ်တယ် သမီးတော်လေး၊ သင်းလက် ဖြတ်စေရမယ်။ အခုတော့ ဒီဆင်တင်းကုပ်ထဲက ထွက်ကြစို့။ သူတို့ ဆင်ထိန်းတွေဆိုတာက ဆင်တွေနဲ့ပဲ နေရတော့ စရိုက် လက္ခဏာကြမ်းကြတယ်။ လာ ... လာ ... သမီးတော်"





ကုသမင်းကား ကျေနပ်ကြည်နူးခြင်းတစ်ဝက်၊ ကရုဏာတစ်ဝက်ဖြင့် ခေါင်းကို ခါယမ်းရင်း ဆင်တင်းကုပ်ထဲမှာ ကျန်ရစ်ခဲ့လေသည်။

"ခွင့်လွှတ်ပါ ပဘာရယ်၊ ကျုပ်မှာ မင်းကို ဆက်သွယ်ဖို့ ဒီနည်းပဲ ရှိတော့လို့ပါ။ ပြောခွင့်များရရင် ပြောလိုက်ချင်ပါရဲ့ မဖွယ်မရာ စကား ထင်ရင်လည်း ခွင့်လွှတ်ပါတော့။ ကျုပ် ပစ်ပေါက်လိုက်ပြီး မင်းကို ထိမှန်တဲ့ အဲဒီအရာဟာ တကယ်တော့ ကျုပ်ရဲ့ နှလုံးသားအပိုင်း အစပါ ပဘာရယ်"

*

ချစ်သော ပဘာကို နေ့အခါ၊ နေအလင်းဖြင့် ထင်ထင်မြင်ခွင့်ရခဲ့သောပြီ။ ထပ်မံမြင်လိုသော ဆန္ဒက ကုသမင်း၌ အပြင်းအထန် ပေါ်ခဲ့ပြန်၏။ နည်းလမ်းအစကို ရှာခဲ့ရပေပြီ။ ယခင်တစ်ခါက ဆင်တင်းကုပ်တွင် ဆင်ထိန်းအသွင် ယူခဲ့သည်။ ဒီတစ်ခါတော့ မြင်းတင်းကုပ် မြင်းဇောင်း၌ မြင်းထိန်းအသွင် ယူရပြန်၏။ မယ်တော်ကြီးက ပဘာဝတီကို ဘုရင့်မြင်းကောင်း တင်းကုပ်ကို အကြည့်အရှု ခေါ်ခဲ့သည်။ မထင်မရှား အသွင်ကို ယူထားသော ကုသမင်းသည် ပဘာဝတီကို မြင်ရသောအခါ ရှေ့ယခင်ကကဲ့သို့ပင် တစ်နည်းနည်းဖြင့် ဆက်သွယ်ထိတွေ့လိုစိတ်က အပြင်းအထန် ဖြစ်ပေါ်ပြန်သည်။ မည်သို့သော နည်းပေနည်း။ အထွေအထူး စဉ်းစားရန် မလိုတော့ပေ။ ဆင်တင်းကုပ်နည်း အတိုင်းပင် ဖြစ်၏။

မြင်းချေးတုံး အထိမှန်ခံလိုက်ရသော ပဘာဝတီသည်လည်း အမျက်ထွက်ရပြန်လေသည်။

"မယ်မယ်ကြီးဘုရား မောင်တော် ကုသမင်းရဲ့ ဆင်ထိန်း၊ မြင်းထိန်းတွေဟာ စိတ်ဖောက်ပြန် ရူးသွပ်နေကြပြီ ထင်တယ်။ ဘာပဲဖြစ်ဖြစ် အခု ဆင်ထိန်းလိုပဲ လက်ဖြတ်ပစ်ပါလို့ မောင်တော် ကုသမင်းကို ပဘာ တိုင်ကြားလျှောက်ထားရမှာပဲ"

*

ဆင်ထိန်း မြင်းထိန်းလို စာတ်တွေပြီးသွားသောအခါ မယ်တော်ကြီး သီလဝတီသည် အမှုကိစ္စ ပြဿနာပြီးပြတ်ပြီဟူ၍ စိတ်အေးနေခဲ့၏။ သို့သော် မယ်တော်ကြီး ထင်သလို မဟုတ်ခဲ့။ ယခုအခါ ပြဿနာတင်လာသူက သားတော် ကုသမင်းမဟုတ်၊ ပဘာဝတီ ဖြစ်လေသည်။

"မယ်မယ်ကြီးဖုရား၊ ဟောဒီ ဝေဿတိုင်း မင်းနေပြည်ကြီးမှာ သမီးတော် နေထိုင်စံမြန်းရတာဖြင့် လိုလေသေးမရှိ ပြည့်စုံလှပါတယ်။ မယ်မယ်ကြီးရဲ့ ကျေးဇူးတော်ပါပဲ"

"သမီးတော် ပဘာရဲ့ ဘုန်းကံကြောင့်ပါကွယ်။ ပြီးတော့ သမီးတော်ရဲ့ မောင်တော် ကုသမင်းရဲ့ မေတ္တာကြောင့်လို့ပဲ ပြောနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မယ်တော်ကြီးဘုရား၊ အစခပ်သိမ်းပြည့်စုံစွာ စံမြန်းရတာဟာ မောင်တော် ကုသမင်းနဲ့တကွ၊ မယ်မယ်ကြီး ဖုရားတို့ရဲ့ ကျေးဇူးတွေကြောင့်ပါ။ ဒါပေမယ့် အဲဒီမော ်ကုသမင်းနဲ့ ပတ်သက်လို့ပဲ သမီးတော်ရဲ့ နေထိုင်မှုဟာ မပြည့်မစုံ ဖြစ်နေရပါတယ်"

"အလို ... ယ်လို မပြည့်မစုံ ဖြစ်နေတာပါလိမ့်"

"မောင်တေ ကုသမင်းကို သမီးတော် မြင်လိုတွေ့လိုလှပါတယ် မယ်တော်"

မယ်တော်ကြီး သီလဝတီမှာ ပဘာဝတီ ရှေ့မှောက်တွင် ရင်ကို လက်ဖြင့် ဖိမိမသွားအောင် မနည်းသတိထားလိုက်ရ၏။

"မဖြစ်နိုင်ပါဘူး သမီးတော်ရယ်၊ ကုသမင်းကို မမြင်လိုပါနဲ့ မတွေ့လိုပါနဲ့"

"ဘာ့ဖြစ်လို့လဲ မယ်မယ်ဘုရား"

မေးကောင်း မေးလာနိုင်သည့် ထိုမေးခွန်းအတွက် မယ်တော်ကြီးမှာ အဖြေအသင့်ရှိပြီး ဖြစ်လေသည်။

"မယ်မယ်ဘုရားတို့ ပြောခဲ့ပြီပကော၊ သမီးတော် မယ်မယ်တို့ မလ္လတိုင်း ရာဇဝံသ အရ တစ်ကြိမ်သော ကိုယ်ဝန်တည်ခြင်းသည်ရှိ၏။ ထိုမျှလောက် လင်ကို မမြင်ရဆိုတာလေ"

"ဇနီး ခင်ပွန်းဆိုတာ တစ်ယောက်ကိုတစ်ယောက် မမြင်တွေ့စေရဘူး ဟုတ်တယ် မဟုတ်လား မယ်မယ်"

"အေး ... ဟုတ်တယ်လေကွယ်"

"သမီးတော် နားလည်တဲ့ အဓိပ္ပာယ် အတိအကျကို ဆိုပါရစေ မယ်မယ် ဘုရား"

"ဆိုစမ်းပါကွယ်"

"သူဟာဖြင့် ငါ့ဇနီး၊ သူဟာဖြင့် ငါ့ခင်ပွန်းရယ်လို့ အကြင်လင်မယား နှစ်ယောက်ဟာ မမြင်မတွေ့စေရဘူး။ မျက်နှာချင်းဆိုင်ခွင့် မရှိဘူး။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် မတွေ့ရဘူး။ ဒီလို မဟုတ်ပါလား မယ်မယ်ဘုရား"

ပဘာဝတီ ဤမျှ စကားတတ်လိမ့်မည်ဟု မျှော်လင့်မထားသဖြင့် မယ်တော်ကြီး ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ မယ်တော်ကြီး ငေးငိုင် မှင်တက်နေသည်ကို အခွင့်ယူလျက် ပဘာဝတီက ဆက်ပြောတော့သည်။

"မောင်တော် ကုသမင်းကိုမှ နေ့အခါ မြင်ခွင့်မရရင် ပဘာဝတီလောက် ကံဆိုးတဲ့ မိန်းမသား ဒီလောကမှာ မရှိတော့ဘူးလို့ ဆိုရတော့မယ် မယ်မယ် ဘုရား၊ ကုသမင်းရဲ့ မိဖုရားအနေနဲ့ အစခပ်သိမ်း ပြည့်စုံပါသော်လည်း သူ့မောင်





တော်ကိုမှ သူ မမြင်ရဘူးဆိုတာ အဲဒီခပ်သိမ်းသော ပြည့်စုံမှု အားလုံးဟာ ဘာမှ မပြည့်စုံဘူးဆိုတဲ့ အဓိပ္ပာယ်သာ ဖြစ်ပါလိမ့်မယ် ဘုရား"

မယ်တော်ကြီး ဆိတ်ဆိတ်နေဆဲ နေမြဲ။

"အပြန်အလှန် တွေ့ကြမြင်ရဖို့ သမီးတော်ဆိုနေတာ မဟုတ်ပါဘူး မယ်မယ်ဘုရား။ သမီးတော်ကသာ မောင်တော် ကုသမင်းကို အဝေးကပဲဖြစ်ဖြစ် လှမ်းမြင်ရပြီး၊ အဲဒါ ငါ့မောင်တော်ပါလားလို့ တွေ့ခွင့်ရရင် သမီးတော် ကျေနပ်လှပါပြီ မယ်မယ်ဘုရား"

မိမိ ဘယ်လိုမှ ငြင်းပယ်ကန့်ကွက်မရနိုင်ကြောင်း သီလဝတီ မယ်တော်ကြီး သဘောပေါက်သွား၏။

"ကောင်းပြီ သမီးတော်၊ မယ်တော် အစီအမံပြုပါမယ်။ စိတ်ချမ်းမြေ့စွာသာ စံစားနေပေတော့"

"ကျေးဇူးကြီးလှပါတယ် မယ်မယ်ကြီး ဘုရား"

*

www.burmeseclassic.com

www.burmeseclassic.com

## ပဘာဝတီ၏ ဒုတိယဥပါယ်တံမျဉ်

မြို့နန်းတော် တံခါးမုခ်မှ မင်းစီးဆင်တော်ထွက်လာသည်။ အခြံအရံ ခိုလ်ပါရဲမက်များလည်း လိုက်ပါလာကြသည်။ ကုသမင်းမြတ်သည် ဆင်တော်ကို စီးလျက် မြို့နန်းကို လက်ယာရစ် လှည့်မည်ဖြစ်လေသည်။

မြင်လောက်သည့်နေရာရောက်လျှင် ပဘာဝတီက ခြသေ့်လေသွန်နန်း တံခါးကို ဖွင့်ကာ ဆင်တော်ထက်မှ ကုသမင်းကို ကြည့်ရန်ဖြစ်သည်။ ပဘာ ဝတီသည် လိုက်နှန်သော ရင်ပြင် နန်းတံခါးဝအတွင်းဘက်၌ နေရာယူကာ စောင့် ဆိုင်းနေသည်။ မယ်တော်ကြီးက အနားမှာနေ၍ မည်သည့်အခါ လေသွန် နန်း တံခါးကို ဖွင့်ရမည်ဟု အချက်ပြပေးမည် ဖြစ်၏။

"သမီးတော် ... အဆင်သင့်ရှိနေပစေ၊ မင်းစီး ဆင်တော် နီးလာပြီ"

ပဘာဝတီသည် မျက်တောင်သော့မှပင် မခတ်မိ။

"လေသွန်နန်းတံခါးကို ဖွင့်ပြီး သမီးတော် နန်းတံခါးဝ ရှေ့တည့်တည့် ဆင်တော် ခေတ္တရပ်တန်းစဉ်မှာ သမီးတော်ရဲ့ မောင်တော် ဘုရင်မင်းမြတ်ဟာ တင့်တယ်စံပယ်ခြင်း အသရေသို့ ဘယ်သို့ရောက်တယ်ဆိုတာ ရှုစားပေတော့"

နန်းတံခါးမှနေ၍ မလှမ်းမကမ်းရှိ ဆင်တော်တက်သို့ ပဘာဝတီ လှမ်း ကြည့်လိုက်၏။

အို ... ကြက်သရေ ရှိလိုက်ပါဘိခြင်း၊ ချောမောတင့်တယ်ပါဘိခြင်း။

အို ... ပဘာ တကယ်တော့ မင်းထင်တာထက် မင်းရဲ့ မောင်တော်ဟာ ချောမောတင့်တယ်ပေတာကလား ပဘာရယ်၊ မင်း ခင်ပွန်း ကံကောင်းသူပါလား။





မိမိကိုယ်မိမိ စိတ်ထဲမှ ကြည်နူးစွာ ပြောဖြစ်နေသော ပဘာဝတီ၏ အသံမဲ့စကားလုံးများ ဖြစ်၏။

တကယ့်တကယ်ကား ဆင်တော်ထက် ကျောက်ကုန်းပုခက်တွင် မင်း နေရာယူ၍ ထိုင်နေသူမှာ ကုသမင်းမဟုတ်။ လွန်စွာ အဆင်းလှပသော ညီတော် ဇယမ္ပတိမင်းသားသာ ဖြစ်လေသည်။ ကုသမင်းကိုယ်တိုင်ကား ဆင်ထိန်းအသွင် ဖြင့် ညီတော်၏ နောက်နေရာ၌ ထိုင်လျက်ပါလာလေသည်။ ဇယမ္ပတိမင်းသား သည်လည်း မယ်တော်ကြီး၏ မှာကြားမိန့်ဆိုချက်အရ ပဘာဝတီရှိရာသို့ လှမ်း မကြည့်ဘဲ ရှေ့တူရှုသို့သာ ကြည့်နေလေသည်။ သို့သော် ...

ဆင်ထိန်းအသွင်ယူထားသော ကုသမင်းမှုကား ...

"ညီတော်ကို ငါ့အမှတ်နဲ့ သူ ငေးကြည့်နေတယ်။ နတ်မိမယ်ထက် ပိုမို ချောမောလှသူကလေး ... မရိယာပ်ဥပါယ်အတွင်း ညွတ်ကွင်းမိနေရှာတယ်။ တကယ့်ကုသမင်းအစစ်၊ သူ့ခင်ပွန်းအစစ် ငါက ဒီမှာပဲ ထိုင်နေတာကို သူမသိ။ အို ... ကြည့်စမ်း၊ သနားစရာလည်း ကောင်း၊ ရယ်စရာလည်း ကောင်း၊ အို ... ငါ့စိတ်ထဲမှာ မရိုးမရွ ရှိလိုက်တာ။ အေး ...ပဘာရဲ့ မင်းလင်အစစ်က ဒီမှာကွယ့်"

ဟု စိတ်ထဲမှာ ရေရွတ်ရင်း မည်သို့မျှ မထိန်းချုပ်နိုင်တော့သဖြင့် လက် ကို မြှောက်ပြ၏။ လက်သီးဆုပ်ပြ၏။ လက်သီးဆုပ်ကို လက်ကောက်ဝတ်မှ ဝဲယာလှည့်ပတ်ပြ၏။ လက်သီးပြန်ဖြန့်၍ လက်ချောင်းများဖြင့် ဇေ့ယမ်းပြ၏။

ထိုစဉ်မှာပင် ဆင်တော် ဆက်လှမ်းလေသည်။

ဆင်တော် လွန်သွားသည်နှင့် မယ်တော်ကြီးက မေးသည်။

"ဘယ်နှယ့်လဲ သမီးတော် မောင်တော်ကုသမင်းကို မြင်ရပြီ မဟုတ် လား"

"မြင်ရပါပြီ မယ်မယ်ဘုရား။ သို့သော် မိမိ ခင်ပွန်းလင်ရဲ့ တင့်တယ်မှု အသရေကို ရှုမြင်ကြည်နူးနေရဲဆဲမှာပင် ဟိုနောက်က ဆင်ထိန်းရဲ့ လက်ဖောက် ပြန် အပြုအမူတွေကြောင့် သမီးတော် အများကြီး စိတ်အနှောင့်အယှက် ဖြစ်ရပါ တယ်။ ဒီလို အရှက်မရှိတဲ့ အပြုအမူ သော့သွမ်းတဲ့ လူမျိုးကို ဘာကြောင့်များ မောင်တော်က ဆင်ထိန်းအရာထားရသလဲ မသိဘူး။ သင်းကို နှင်ထုတ်ပစ်နိုင်းပါ မယ်မယ်"

"ပဘာရယ် ဘုရင်မင်းမြတ်ရဲ့ နောက်ပါးမှာ အင်မတန်မှ သစ္စာရှိတဲ့ အမှုတော်ထမ်းမျိုးကို ထားရတယ်။ အဲဒီ ဆင်ထိန်းယောကျ်ားဟာ အခြားသော်ယ် သို့ ရှိနေစေ၊ ကုသမင်းအပေါ် သစ္စာစောင့်သိရာမှာတော့ နှစ်ယောက်မရှိဘဲ ကျွန် ယုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပဘာဝတီ မည်သို့မျှ ပြန်မပြောတော့။ တစ်ခုခုကို အလေးအနက် တွေးတောဟန်ဖြင့် ငြိမ်သက်သွားလေသည်။

ထို့နောက် မယ်မယ်ကြီး ပြန်သွားပြီးနောက်တွင်ကား ပဘာဝတီသည် ခုဇ္ဇာကို အခေါ်ခိုင်းလိုက်၏။

"ခုဇ္ဇာ"

"သမီးလေး ဘာအလိုရှိသလဲ ပြော၊ အလိုလေး ... မျက်မှောင်လေး ကြုတ်ထားလိုက်တာ။ ဘာများ အစဉ်းစားရ ကျပ်တာရှိနေလို့လဲ။ မျက်မှောင် မကြုတ်လေနဲ့ သမီးလေး၊ သမီးရဲ့ မျက်ခုံးလှလှလေး နှစ်ဖက်အတွင်းမှာ အရေး အကြောင်းလေးတွေ ပေါ်သွား"

'"ခုဇ္ဇာ နောက်မှ ဆက်ပြော။ အခု ခုဇ္ဇာကို ဘာအရေးကြီးတဲ့ တာဝန် တစ်ခု ပေးချင်လို့ အချိန်မရှိဘူး"

"ဆိုပါ သမီးလေးရယ်"

"မင်းစီး ဆင်တော် သူ့တင်းကုပ်သူ ပြန်မရောက်ခင် အခု မြန်မြန်လိုက် သွား။ ဆင်တော်ပေါ်မှာ ရှိတဲ့ လူနှစ်ယောက်အနက် ဘယ်သူဟာ ကုသမင်းလဲ ဆိုတာ သိအောင်လုပ်ခဲ့။ ရှေ့မှာထိုင်တဲ့သူက ကုသမင်းလား နောက်မှာ ထိုင်သူ က ကုသမင်းလား သိအောင်လုပ်ခဲ့"

"အလို ခုဇ္ဇာက ဘယ်လိုလုပ် ခွဲခြားသိ"

"ဒါမှ မသိဘူးလား ဆင်တော်ထက်က ဦးစွာ ဆင်းသူဟာ မင်းပေါ့။ ကိုင်း ... အခုပဲ သွားတော့"

ခုဇ္ဇာ ထွက်သွားပြီးနောက်တွင် ပဘာဝတီသည် အတွေးနက်နေဆဲ။ ဘယ်လိုဆင်ထိန်းလဲ၊ သူ့သခင်ဘုရင်ကို ရှေ့မှာထားပြီး သူ့သခင်ရဲ့ မိဖုရားကို လက်ဖောက်ပြန်အမူနဲ့ လှောင်ပြောင်တယ်။ အကြောက်အလန့် လုံးဝမရှိ။ မင်းကို မင်းလို့ မမှတ်။ အလိုလေး ... ဒါဖြင့် သူ ... သူဟာ ကုသမင်းကိုယ်တိုင်ပေပဲလား။ ဒီလောက် ရုပ်ဆိုးတဲ့လူ၊ အလိုလေး ... ဒါကြောင့် ငါ့ကို မပြကြတာလား။

*

ခုဇ္ဇာသည် တစ်ကိုယ်တည်း ရှိနေချိန်မှာပင် မိမိအတွေးတို့ကို နှုတ်မှ တတွတ်တွတ် ရေရွတ်ထုတ်ဖော်တတ်သူဖြစ်၏။ သူ့အဖို့ နားထောင်မည့်သူ မရှိစေကာမူ စကားပြောရန် အကျင့်ပါနေသူလည်း ဖြစ်၏။ ယခုလည်း ခုဇ္ဇာသည် တစ်ကိုယ်တည်း မရပ်မနား ရေရွတ်နေလေသည်။

"ဟွန်း ... ပြောများ ပြောချင်ပေါင်တော်၊ ဆင်စီးလာတဲ့ ယောကျာ်း နှစ်ယောက်မှာ ဘယ်သူက ဘုရင်လဲတဲ့။ ရှေ့ကနေတဲ့သူက ဘုရင်လား၊ နောက် ကနေတဲ့သူက ဘုရင်လားတဲ့။ သိနိုင်ပေါင်တော်လို့ဆိုတော့ သိအောင်လုပ်တဲ့။





ဆင်ပေါ်ကနေ အဦးဆုံး ဆင်းတဲ့သူဟာ အဲဒါ တိတ်တဆိတ် ချောင်းကြည့်ခဲ့တဲ့။ ခိုင်းပုံ၊ ခိုင်းပုံ ... ပဘာတို့များလေ အေးလေ ... အရေးရယ်၊ အကြောင်းရယ်ဆို ခုဇ္ဇာ လာပါဦး၊ ဒါပဲ ခုဇ္ဇာ လုပ်ပါဦး အဲဒါ ခုဇ္ဇာများ မရှိလို့ကတော့ ပဘာဝတီတို့ အခက်။ ဟွန်း ... အဲ ... လူတွေ မြင်ကုန်ရော့မယ်။ တိတ်တဆိတ် ချောင်းမြောင်း စုံစမ်းတယ်ဆိုတာ ကိုယ်ကသာ တခြားလူတွေကို မြင်ရမှာ၊ ကိုယ့်ကို တခြားလူ တွေ မြင်သွားလို့ မဖြစ်ဘူးလေ။ ဒီတော့ အဲဟိုနားက ဟင့်အင်း မကောင်းသေး ဘူး။ ဟိုဘက်နားဆိုရင်ကော ဟိုဆင်ရပ်တဲ့နေရာက ကြည့်ရင် ကွယ်တဲ့နေရာပဲ ဟုတ်ကပြီ။ ဟိုဘက်နား လှေကားခုံထောင့်အကွယ် လေးကနေ ပုန်းကြည့်မယ်။ ကိုင်း ... လာလေ့ ... အထောက်တော်သူလျှိုမကြီး ခုဇ္ဇာပေါ့ ဟီဟီ"

"ဟော ... ဟော ... ဆင်ပေါ်က ဆင်းကြတော့မယ်။ ဘယ်သူ အရင်ဆင်းမလဲ။ ဘုရင်လေးက ချောချောလှလှ၊ ကုသမင်းပေါ့။ ဟို ဆင်ထိန်း လား။ ဘယ်သူလဲ ဘာကြီးလဲ၊ အကျည်းတန်လိုက်တဲ့ ရုပ်၊ အလို ... ဟင် ... ဆင်ထိန်းကိုရုပ်ဆိုးကြီးက အလျင်ဆင်းတယ်။ ဒါ ... ဒါဆို သူက ဘုရင် သူ ကုသမင်း ... အလိုလေ ... အဲဒါကြီးက ကုသမင်းတဲ့လား။ ဒါဆို ဟိုချောချော လှလှလူကလေး ဘုရင်က ကုသမင်း မဟုတ်ဘူးပေါ့။ ဘုရားပဇ္ဇေကဗုဒ္ဓါ ကယ် တော်မူကြပါ။ ကုသမင်းဆိုတာ အဲဒီ အကျည်းတန် အရုပ်ဆိုးကြီး။ ဟောတော့ ဒုက္ခပါပဲ။ ငါ့ကို မြင်သွားပြီ ထင်တယ်"

အကယ်လည်း မျက်စိလျင်သော ကုသမင်းသည် ခုဇ္ဇာအား တွေ့သွား ခဲ့၏။ ထို့နောက် မင်းချင်းအား ခုဇ္ဇာကို အခေါ်ခိုင်းလိုက်သည်။ ခုဇ္ဇာ မငြင်း မပယ်ဝံ့ဘဲ လိုက်လာခဲ့ရသည်။

"မယ်မင်းကြီးက နမတော် ပဘာဝတီရဲ့ လူယုံအထိန်းတော်ကြီး မှတ်တယ်"

"ကျွန် ... ကျွန်တော်မျိုးမ ... ခုဇ် ... ခုဇ်"

"ကိုယ်တော် သိပြီးပါပြီ။ ကုသမင်းဟာ ဘယ်သူလဲဆိုတာ သိရအောင် ပဘာဝတီက ခုဇ္ဇာကို စုံစမ်းထောက်လှမ်းဖို့ လွှတ်လိုက်တာ မဟုတ်လား"

"ကျွန် ... ကျွန်တော်မျိုးမ"

"ဘာမှ မကြောက်ပါနဲ့ ခုဇ္ဇာ။ သင့်ကို ကိုယ်တော် အပြစ်မယူပါဘူး။ အပြစ်မယူဘူး ပြောတာနော်။ အပြစ်မရှိဘူးလို့ ပြောတာ မဟုတ်ဘူး။ ဘုရင်တစ် ပါးနောက်ကို တိတ်တဆိတ် ချောင်းမြောင်းလိုက်ပါ ထောက်လှမ်းစုံစမ်းတယ်ဆို တာ စင်စစ် ကြီးစွာသော မင်းပြစ်သင့်တယ် ဟုတ်သမို့လား"

"ပဘာ ... ပဘာက ခိုင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီလေ၊ ခုဇ္ဇာကို အပြစ်မယူပါဘူး။ မင်းပြစ်ရာဇဝတ်က လွတ်ပါမယ်။ သို့သော် ခုဇ္ဇာကလည်း ကိုယ်တော့်ကို အပြစ်လွှတ်သူအနေနဲ့ တစ်ခု ကျေးဇူးတော့ ရလိမ့်မယ်"

"ကျွန်တော်မျိုးမ ခုဇ္ဇာ ဘယ်လို ကျေးဇူးတုံ့ ပူဇော်ရပါမလဲ အရှင်"

"အခုနက ခုဇ္ဇာ မြင်တွေ့ခဲ့ရတာတွေ အလုံးစုံမှန်သမျှကို ခုဇ္ဇာရဲ့ သခင်မလေးထံ ပြန်ပြောမပြဖို့ပဲ ဘယ့်နှယ်လဲ"

"အို … ယုံကြည်တော်မူပါ အရှင်။ မြင်တွေ့ခဲ့သမျှအလုံးစုံကို သခင်မလေး ပဘာဝတီထံ ပြန်မပြောရုံတွင်မကပါဘူး။ အဲဒါရဲ့ ဆန့်ကျင်ဘက်ကိုပါ ပြောပြဝံ့ပါ့မယ်"

"ဘယ်လို ဆန့်ကျင်ဘက်လဲ"

"ဆင်ရှေ့နေရာက ထိုင်သူဟာ အရင်ဦးစွာ ဆင်းပါတယ်လို့"

"ကောင်းတယ်။ အဲဒီအတိုင်းသာ ထိပ်ထားကို လျှောက်တင်ပေတော့။ ကိုယ်တော် စိတ်ချရမလား ခုဇ္ဇာကြီး"

"တောင်ထိပ်ကြာပေါက်၊ အနောက် နေဝင်လို့သာ သဘောထားတော်မူပါရော့ အရှင်။ ခုဇ္ဇာကြီး သူ့ကတိကို ချိုးဖောက်ချိန်ဟာ အဲဒီအချိန်ပါ"

"ကောင်းပြီ သွားပေရော့"

*

**မင်္ဂလာရေတာန်မှ ဘီလူး**

အထိန်းတော်ကြီး ခုဇ္ဇာ ကတိတည်ခဲ့သည်။ ပဘာဝတီကလည်း ခုဇ္ဇာ ပြန်တင်သမျှကို လက်ခံယုံကြည်ခဲ့သည်။ ဆင်တော်ရှေ့မှာ နေရာယူသူသည် ဆင်ထက်မှ ဦးစွာ ဆင်းသည်တဲ့။ လွန်စွာ ချောမောခဲ့ညားသော ထိုသူသည် မောင်တော် ကုသမင်းဖြစ်၏ဟု ဝမ်းမြောက်စွာ ယုံကြည်လေသည်။ ထို့နယ်သော နတ်လုလင်တမျှသော မောင်တော် ကုသမင်းအား ခင်ပွန်းတော်ရခြင်းအတွက် အတိုင်းမသိ ကြည်နူးအားရလည်း ရှိခဲ့သည်။

ပဘာဝတီက ထိုသို့ ကြည်နူးအားရရှိနေချိန်ဝယ် ကြည်နူးအားရခြင်း ကင်းမဲ့နေသူမှာ ကုသမင်းဖြစ်၏။ ဤအကြိမ် ပဘာဝတီကို မျက်ဝါးထင်ထင် နီးကပ်စွာ မြင်လိုသည့်ဆန္ဒအာသီသကား ယခင့်ယခင် အကြိမ်များ အားလုံးထက် ပို၍ အားကြီး ပြင်းထန်လေသည်။ ချစ်သူအား မြင်တွေ့လိုခြင်းနှင့်အတူ ချစ်ခြင်းနှင့် ကပ်လျက်ပါလာသော အရာတစ်ခုက ကုသမင်း၏ နှလုံးသားကို လုံ့ဖျားဖြင့် ဆွသည့်နှယ်။

"အရင့်အရင်က သူ့ကို အနီးကပ် တွေ့ခွင့်ရခဲ့တဲ့ ငါဟာ ငါ့ကိုယ်ငါ ကုသမင်းလို့ မထုတ်ဖော်သာ၊ ဒါကြောင့် သူကလည်း ငါ့ကို ငါမှန်းမသိ။ ဆင်တော်နဲ့ ထွက်ခဲ့တဲ့ နောက်ဆုံးအကြိမ်မှာတော့ မယ်တော်ကြီးရဲ့ ဥပါယ်တံမျဉ်နဲ့ ညီတော် ဇယမ္ပတိကို ဘုရင်တစ်ပါးအသွင်ယူစေပြီး ဆင်တော်ရှေ့ နေရာမှာ စီးစေခဲ့တယ်။ ငါက ဆင်ထိန်းအသွင်နဲ့ လိုက်ခဲ့ရတယ်။ နောက်ဆုံးတော့ ရုပ်ဆင်း ရုပါ ချောမော တင့်တယ်တဲ့ ဇယမ္ပတိကိုပဲ ကုသမင်းရယ်လို့ သူ မှတ်ယူခဲ့တယ်။ ဘယ်လောက် အသည်းနာစရာ ကောင်းလိုက်သလဲ။ ချစ်သူထံမှာ မိမိကိုယ်မိမိ



www.burmeseclassic.com

www.burmeseclassic.com



မပြနိုင်တဲ့ ဘဝ၊ ချစ်သူရဲ့ မျက်စိရှေ့မှောက်၊ မိမိရဲ့ဘဝအမှန် ရုပ်အမှန်ကို မပြသာတဲ့ဘဝ၊ အခြားတစ်ပါးသော လူတစ်ယောက်ကိုပဲ ချစ်သူက လွဲမှားစွာ သတ်မှတ်ထားတဲ့အဖြစ်။ ဒါ ... ဒါဟာ အစစ်အမှန်ကို ရင်မဆိုင်ရဲ မထုတ်ဖော်ရဲတဲ့ အခြေအနေပါ။ မဖြစ်သင့်ဘူး။ အတုအယောင်၊ ဖုံးကွယ်မှု၊ လှည့်စားမှု၊ ဥပါယ်တံမျဉ်၊ ဝရိယာယ်၊ မာယာတွေဟာ အချိန်ကြာလာသည်နဲ့အမျှ မလိုလားအပ်တဲ့ အကျိုးသက်ရောက်မှုတွေကိုသာ ဖြစ်ပေါ်စေလိမ့်မယ်။ ငါ ဘာကြောင့် မိမိရဲ့ ရုပ်ဆင်းသဏ္ဌာန်အမှန်ကို မပြနိုင်ရမှာလဲ။ ဖုံးကွယ် လှည့်ဖျားမှု အမှောင်ထဲက ရုန်းထွက်သင့်ပြီ"

မယ်တော်ကြီးအား ပဘာဝတီကို မြင်တွေ့လိုပါကြောင်း ခွင့်တောင်းသောအခါတွင်မူ ကုသမင်းသည် ထိုကြဲရွယ်ပိုင်းဖြတ်ချက်ကို ထုတ်ဖော်ပြောကြားခြင်းမပြုချေ။ ပဘာဝတီကို နီးနီးကပ်ကပ် မြင်လိုပါသည်ဟုသာ ဆိုခဲ့၏။ ငြင်းပယ်ရန် မစွမ်းသာသော မယ်တော်ကြီးကလည်း အစီအမံ ပြုလုပ်ပေးပါမည်ဟု ဝန်ခံကာ –

"သားတော် မထင်မရှားအသွင်နဲ့ မင်္ဂလာဥယျာဉ်တော်ထဲသွားနှင့်ပါ"

ဟု ပြောလိုက်ရလေသည်။

ကုသမင်းသည် ဥယျာဉ်တော်ထဲမှ မင်္ဂလာရေကန်အတွင်း လည်ပင်းအထိ မြုပ်အောင် ဆင်းလိုက်၏။ ထို့နောက် ပဒုမ္မာကြာဖက်ကို ဦးခေါင်းပေါ်ဆောင်းအုပ်လျက် ပဒုမ္မာကြာပွင့်အောက်၌ မျက်နှာကို ကွယ်ဝှက်ထားလိုက်၏။

ညချမ်းအခါသည် ဥယျာဉ်တော် ထွက်ရန် အကောင်းဆုံးအချိန် ဖြစ်သည်။ မယ်တော်ကြီးလည်း ပဘာဝတီကို ဥယျာဉ်တော်သို့ ခေါ်ဆောင်ခဲ့ကာ အဆန်းတကြယ် စီရင်ထားသော သစ်ပင်ပန်းမန်များကိုလည်းကောင်း၊ နာပျော်ဖွယ်တွန်ကျူးနေကြသော ငှက်သာရကာများကိုလည်းကောင်း၊ ပျော်ရွှင်မြူးတူးနေကြသော သမင်များကိုလည်းကောင်း ပြသလာခဲ့သည်။

ပဘာဝတီသည် ဥယျာဉ်တော်၏ သာယာလှပခြင်း၌ နှလုံးညွတ်ကာ ပျော်ရွှင်ကြည်နူးနေ၏။ ဤသို့ဖြင့် မင်္ဂလာရေကန်ဆီ ရောက်လာခဲ့ကြသည်။ ညချမ်းလေညင်းသည် ရေကန်၏ စိမ်းမြသော မျက်နှာပြင်ပေါ်မှ ကြာမျိုးငါးပါးတို့၏ ကြာရွက်ကြာဖက်များကို ကလူကျီစယ်နေ၏။ ကြာဖက်များက ကချေသည်ယိမ်းသမများနှယ် ဖလပ်ဖလပ် အသံဖြင့် တလှုပ်လှုပ် ကလွင့်လွင့် ရှိနေကြသည်။ ကြာမျိုးငါးပါးတို့၏ ကြာဖူး ကြာငုံကြာပန်းများက ရေကန်တော်တစ်ဝန်းလုံးကို ဆေးစုံခြယ်သွင်းနေကြသည်။

ကြည်နူးပျော်ရွှင်ခြင်းတို့ဖြင့် စိတ်နှလုံးဖျောင်းအိမြူးတူးနေသော ပဘာဝတီသည် ကြာငါးပါးရေကန်တော်၏ ဆွဲဆောင်ဖမ်းစားမှုကို ဆည်မတန့်နိုင်





တော့။ "ပဘာ ရေချိုးပါရစေ မယ်မယ်" ဟု ခွင့်တောင်းကာ ကိုယ်လုပ်မောင်းမများနှင့်တကွ ရေကန်တွင်း သက်ဆင်းလေသည်။ မယ်တော်ကြီးကား သားတော် ကုသမင်း ဘယ်ဆီကများ ပုန်းအောင်းကြည့်ရှုနေမည်နည်းဟု ဟိုမှသည်မှ ရှာကြည့်သေး၏။ သားတော်ကို မတွေ့ရသဖြင့် စနိုးစနောင့် ဖြစ်နေစဉ်မှာပင် ပဘာဝတီသည် ရေကန်အလယ်သို့ ရောက်သွားလေပြီ။

ရေကန်အလယ်ရှိ ပဒုမ္မာကြာပွင့်ကြီးသည် အလှဆုံး အစွင့်ကားဆုံး ပွင့်ချပ်များဖြင့် ပဘာဝတီကို ဖိတ်ခေါ်နေသယောင် ကိုယ်လုပ်မောင်းမများကာ သခင်မအတွက် ထိုကြာပွင့်ကြီးကို ခူးပေးပါမည်ဟု ပြောနေကြသည်ကို ငြင်းပယ်၍ ကိုယ်တိုင်ခူးယူမည်ဟူ၍ ကြာပွင့်ရှိရာသို့ လက်ဆန့်တန်းလိုက်၏။

ထိုအခိုက်မှာပင် ပဒုမ္မာကြာပွင့်အောက်မှ ကြာဖက်နောက်မှ မျက်နှာကြီးတစ်ခု ဘွားခနဲပေါ်လာ၏။ ရုတ်ခြင်းပင် ပဘာဝတီ၏ ဆန့်တန်းသောလက်ကိုလည်း တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ခံလိုက်ရ၏။ ထိုမျက်နှာ ထိုဆုပ်ကိုင်မှုနှင့် တစ်ပြိုင်တည်း ထွက်ပေါ်လာသည့် အသံကား –

"ကုသမင်းဆိုတာ ငါပဲ"

လှပတင့်တယ်သော ကြာပွင့်၏ အဆင်းအားဖြင့် ဘွားခနဲ ပေါ်လာသော မျက်နှာကြီး၏ အကျည်းတန် အရုပ်ဆိုးခြင်းမှာ ပို၍ ထင်ရှားသွားသည်။ ဝင်းဝါဖြူဖန့် ကြာပွင့်ကြာချပ်၏ အောက်မှ ညိုညစ်ညစ် အသားရောင် ပြူးကျယ်သော မျက်လုံးအစုံ၊ တုတ်နိုင်သော မျက်ခုံးများ၊ မောက်သော နဖူး၊ ကောက်သော နှာရောင်၊ ထူထဲသော နှုတ်ခမ်း။

ပဘာဝတီသည် ထိတ်လန့်တုန်လှုပ်စွာ တစ်ချက်အော်၏။

"ဘီလူး ... ဘီလူး ဖမ်းပြီ၊ ငါ့ကို ဘီလူးဖမ်းပြီ။ ကယ်ကြပါ"

"ပဘာ ကျုပ် ... ပါ ... ကုသမင်းပါ"

ကုသမင်း၏ စကားကို ပဘာဝတီ မကြားနိုင်တော့။ အထိတ်တလန့် ဟစ်လိုက်ပြီးနောက် ပဘာဝတီ မေ့မြောကာ သတိလစ်သွားသောကြောင့် ဖြစ်၏။ ထိုအခါမှပင် ကုသမင်းသည် ပဘာဝတီ၏ လက်ကိုလွှတ်၍ ကမ်းဆီသို့ ခေါ်ခဲ့ရလေသည်။ ကိုယ်လုပ်မောင်းမများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြကာ ကမ်းပေါ်သို့ တက်လာကြသည်။ ကုသမင်းကို သူတို့ စိတ်ဝင်စားမနေနိုင်အား သခင်မ သတိပြန်လည်လာဖို့သာ ဝိုင်းဝန်းပြုစုနေကြသည်။

ခဏချင်းအတွင်းမှာပင် ပဘာဝတီ သတိပြန်လည်သည်။

မျက်စိနှစ်လုံး ပွင့်သည်နှင့် မျက်တောင်ကော့များကို တစ်ချက်နှစ်ချက် ပုတ်ခတ်ပြီးနောက် ပဘာဝတီလည်း ရှူးရှူးအသံဖြင့် ရှေ့ရွတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကုသမင်း ငါ့လက်ကို ကိုင်ဆွဲတယ်။ ဆင်တင်းကုပ်မှာ ငါ့ကို ဆင်ချေးတုံးနဲ့ ပစ်တာလည်း သူပဲ။ မြင်းဇောင်းမှာ မြင်းချေးနဲ့ ပစ်တာလည်း သူပဲ။ ဆင်တော်ပေါ်မှာ နောက်ကထိုင်ပြီး ငါ့ကို ပြက်ရယ်ပြု လှောင်ပြောင်ခဲ့တာလည်း သူပဲ။ အခု သူက ကြာပွင့် အောက်မှာ ပုန်းပြီး ငါ့ကို လက်ဆွဲတယ်။ ကုသမင်းဆိုတာ ငါပဲတဲ့။ ကယ်ကြပါ။ ဒီလို ဘီလူးမျက်နှာနဲ့လူကို ငါက လင်ယောကျ်ားတော်ရသတဲ့လား"

ထိုသို့ ဟစ်ရင်းဖြင့် ပြန်လည်မိန်းမောသွားပြန်၏။

ထိုအချိန်ဝယ် ကုသမင်းကား ပဘာ၏ ဟစ်သံကို မကြားနိုင်သော အဝေးဆီသို့ ပြေးထွက်သွားခဲ့ပြီ ဖြစ်လေသည်။

"သခင်မ ပဘာဝတီဟာ အတူပါလာတဲ့ အမတ်မင်းချင်းကိုယ်လုပ်အပေါင်းကို ခေါ်ပြီး ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်များ စီရင်ပြင်ဆင်နေပါပြီ အရှင်မင်းမြတ်"

"ယခုချက်ချင်းပဲ ပဒ္ဒရာဇ်တိုင်း၊ သာဂလနေပြည်တော်ကို ထွက်ခွာမယ်လို့ အမိန့်ထုတ်လိုက်ပါပြီ အရှင်မင်းမြတ်"

"ပဘာဝတီနဲ့ အခြွေအရံများဟာ နန်းတော်မြို့ရိုးမုခ်ကထွက်၊ တံတားကိုဖြတ်လို့၊ မြို့ပြင်ရပ်သို့ ရှေးရှုသွားနေကြပါပြီ အရှင်"

မှူးမတ်တို့၏ လျှောက်တင်ချက်ကို မကြားသိသကဲ့သို့ ငြိမ်သက်နေသော ကုသမင်းသည် ပန်း အစုံကြွေမြောက်သည်အထိ သက်ပြင်းရှိုက်လိုက်ပြီးမှ လေးလံပြင်းထန်စွာ သက်ပြင်းရှည်မှုတ်ထုတ်လိုက်၏။

သူ့ကို တိုင်းပြည်မပြန်ရလို့ ပိတ်ပင်လိုက်ရင် ပဘာဝတီဟာ ရှက်ခြင်း၊ ကြောက်ခြင်း၊ အလိုမကျခြင်း၊ အမျက်ထွက်ခြင်းများနဲ့ လောင်မြိုက်ပြီး နှလုံးကွဲသေဆုံးလိမ့်မယ်။ ဒါကြောင့် ...

ကုသမင်းသည် ထိုအတွေးကို ချက်ချင်း ဆုံးဖြတ်ချက်ချကာ မှူးမတ်များအား ပြောလိုက်လေသည်။

"သူ သွားပါစေကွယ်ရို"

ထိုမျှသာဆိုလျက် ကုသမင်းသည် ရွှေနန်းပြာသာဒ်ထက်သို့ တက်ခဲ့လေသည်။

*

မလ္လတိုင်း ကုသဝတီနေပြည်တော်ကြီးသည် ရှိမြဲအတိုင်းပင် အုတ်အုတ်ကျက်ကျက် စည်ကားနေ၏။ သို့သော် တစ်ယောက်သောသူအဖို့ကား ပကတိ ခြောက်သွေ့သော ဖုန်းဆိုးလွင်တီးခေါင်ပမာ။





ရွှေနန်းတော်ကြီးသည်လည်း မှူးမတ်ဗိုလ်ပါ၊ အမှုထမ်း၊ နန်းတွင်းသူ နန်းတွင်းသားများဖြင့် လှုပ်လှုပ်ရွရွ ဝင်ထွက်သွားလာကြမြဲပင် ဖြစ်၏။ သို့သော် တစ်ယောက်သော သူအဖို့ကား မိုးမှောင်လကွယ် သည်းခေါင်ည၏ တစ်စပြင် လုတ်တိုင်းပမာ။ ပြာသာဒ်ဆောင်၊ ကပွဲဆောင်၊ စက်ရာဆောင်များတွင် အမှုထမ်းကြလေသော ကိုယ်လုပ်မောင်းမ မိန်းမလှရံရွေများသည်လည်း အဆို၊ အက၊ အတီး၊ ဂီတများဖြင့် ငြိမ့်ညောင်းစွာ ဖျော်ဖြေတင်ဆက်မြဲပင် ဖြစ်၏။ သို့သော် တစ်ယောက်သော သူအဖို့ကား ခြောက် သရောင်းသော မွှေတော၌ တိုးဝှေ့သော လေပြင်းပမာ။

ချစ်သောသူ ကင်းမဲ့သောနေရာမှာ ဌာနမှန်သမျှသည် ဟင္ဂလာနုံကိုပျောက်ဆုံးသော ဘုံသာဖြစ်ချေ၏။ ချစ်သောသူပျောက်ကွယ်သော အချိန်ကာလမှန်သမျှသည် အနိဋ္ဌာရုံ အတိပြီးသော ဘုံသာဖြစ်ချေ၏။ ပဘာ မရှိတော့သော ကုသဝတီမင်းနေပြည်သည် ကုသမင်းအတွက် လုပမှုမှန်သမျှ ဆိတ်သုဉ်းသော ကမ္ဘာလောက ဖြစ်လေသည်။

ရေကန်တော်၌ 'ဘီလူး' ဟု ထိတ်လန့်မှုဖြင့် ရက်စက်ပြင်းထန်စွာ ပြောဆိုခဲ့သည်ကိုလည်း အမျက်အတေးမထားနိုင်။ သူ ဆိုရက်လေခြင်းဟူ၍ အနာအကြည်းမထားနိုင်။ ထိတ်လန့်မှု၊ ရှက်ကြောက်တုန်လှုပ်မှုများဖြင့် အဝေးသို့ ပြေးသွားခဲ့လေပြီဖြစ်သော ချစ်သူ ထိပ်ထားသည် ဘေးကင်းလုံခြုံစွာ ရှိမှရှိပါလေစ။ အမျက်ဒေါသတို့၏ လောင်မြိုက်မှုဖြင့် နာဖျားမကျန်း ဖြစ်နေလေရော့သလား။

ပဘာဝတီနှင့် ကင်းသော အလုံးစုံမှန်သမျှသည် အချည်းနှီးပင်။

တစ်ညဉ့်လုံးလုံး ရေးရေးမှ မပျော်နိုင်ဘဲ စက်ရာထက်တွင် လူးလှိမ့်လည်း ရှိခဲ့ရာမှ နံနက်မိုးသောက်လျှင် မိုးသောက်ချင်းပင် ကုသမင်းသည် မယ်တော်ကြီးထံ သွားရောက်လေသည်။

"မယ်မယ်ဘုရား၊ သားတော် သူ့ရှိရာ သာဂလကို သွားမယ်။ သူ့ကို ပြန်လည်ဆောင်ယူမယ်။ သားတော် မရှိခိုက်မှာ ထီးနန်းနဲ့တကွ တိုင်းပြည်အားလုံးကို မယ်မယ်တို့ထံ သား အပ်နှင်းခဲ့ပါတယ်။ သားကတော့ ပဘာ ရှိရာ အရပ်ကို အခုပဲ ထွက်ခွာပါတော့မယ်"

မယ်တော်ကြီးက လေးပင်စွာ ခေါင်းညိတ်သည်။ မိမိအနေဖြင့် သားတော်နှင့် ချွေးမတော်အကြား လိုက်လျောညီထွေဖြစ်အောင် နည်းပရိယာယ်အသွယ်သွယ်တို့ကို မည်မျှပင် အသုံးပြုစေကာမူ တစ်နေ့သော် ဤအခြေသို့ ဆိုက်လာမည်ဖြစ်ကြောင်း မယ်မယ်ကြီး ကြိုတင်တွက်ဆပြီးဖြစ်လေသည်။ လူ့ဘို့၏ သဘောမနော၊ သဘာဝ စရိုက်ကို ကောင်းစွာ ကျေညက်သိရှိထားသည်



www.burmeseclassic.com

www.burmeseclassic.com



အလျောက် ဤအရေးတွင် ပဘာဝတီတွင်လည်း အပြစ်မရှိ။ သားတော်ကိုလည်း အပြစ်မဆိုသာ ပဘာဝတီသို့နှယ် တုလွတ်ကင်းသော အလှဒေဝီအတွက် ချစ်စိတ်ဖြင့် ဆောက်တည်ရာမဲ့ရသော သားတော်၌လည်း အပြစ်မရှိ ကုသကုမာရသို့နှယ် အဆင်းအင်္ဂါဆိုးညံ့လွန်းသော ယောကျ်ားပျိုတစ်ဦးအား ကြောက်ရွံ့နာကြည်းခဲ့သော ဝဘာဝတီ၌လည်း အပြစ်မရှိ။

သို့ဆိုလျှင် သူတို့နှစ်ဦးအား ဆုံစည်းစေသည့် ကံကြမ္မာလား၊ ထိုဆုံစည်းမှုကို ပိုမိုနီးကပ်စေသော ဥပါယ်တံမျဉ်အမျိုးမျိုးဖြင့် ဖန်တီးခဲ့သော မိမိ၏ ဝယောဂစနက်လား။

မယ်တော်ကြီးသည် အဖြေရလဒ်မထွက်သော ပုစ္ဆာကို ထိုမျှသာ ထားလိုက်ပြီးနောက် ကုသမင်း၏ နဖူးဆံစပ်သို့ လက်တင်လျက် ဆိုလေသည်။

"မယ်မယ် မတားပါဘူး။ သားကော် သာဂလပြည်ကို လိုက်သွားပါတော့။ ဒါပေမယ့် မမေ့မပျောက်ရှိပါစေ သားတော်၊ သတိတရား အမြဲလက်ကိုင်ထားပါ။ နောက်တစ်ခု သိထားဖို့က မိန်းမတို့မည်သည်မှာ စင်ကြယ်သော စိတ်နှလုံးရှိဖို့ ခဲယဉ်းလှတယ်ဆိုတဲ့စကားပဲ။ အကြောင်းအမျိုးမျိုးနဲ့ မာန်တက်ပြီး ဖောက်မာမိုက်မှားတတ်ကြတဲ့ မိန်းမများအနက်မှ အဆင်းအင်္ဂါ လှပတင့်တယ်ပြီး အဲဒီ အဆင်းအင်္ဂါနောက်မှာ ကြီးကျယ်တဲ့ မျိုးရိုးဂုဏ်ရှိနေတယ်ဆိုရင် အဲဒီမိန်းမက ပိုပြီး ဆိုးတတ်တယ်။ သားတော် မမေ့မလျော့ရှိပါ"

ကုသမင်းက လက်အုပ်ချီ ရှိခိုးသည်။ မယ်တော်ကြီးက မျက်လွှာချ၍ စိတ်ထဲမှ ရေရွတ်ဆုပေးပြီးနောက် မျက်လွှာဖွင့်ကာ ပြော၏။

"အရသာထူးနဲ့ ပြည့်စုံတဲ့ ဘောဇဉ်ခဲဖွယ်တို့ကို မယ်မယ် ရွှေပခြုပ်နဲ့ ထည့်ပေးလိုက်မယ်။ လမ်းခရီးမှာ အဲဒီဘောဇဉ်ကိုပဲ သားတော်မှီဝဲပါ"

"ကျေးဇူးကြီးလှပါတယ် မယ်မယ်။ သားတော် အခုပဲ ထွက်ခွာပါပြီ"

ကုသလဝတီမှ ထွက်ခွာခဲ့သော ကုသမင်း၌ အဖော်ရဲမက်တစ်စုံတစ်ယောက်မှ မပါချေ။ တစ်ယောက်ထီးတည်းသာလျှင် ဖြစ်၏။ ကုသမင်း မိမိနှင့်အတူ ဆောင်ယူခဲ့သော အရာတို့သည်ပင် အဖော်သဟဲဖြစ်၏။ ထိုအရာသည်ကား မယ်မယ်ကြီး ပေးလိုက်သော ဘောဇဉ် ပခြုပ်၊ မိမိကိုယ်တိုင် ယူဆောင်ခဲ့သော အသပြာတစ်ထောင်၊ လက်နက်ငါးပါး၊ ထို့နောက် ကောကာနဒ အမည်ရှိသော စောင်းတော်တစ်လက်။

ကုသဝတီနှင့် သာဂလနှစ်ပြည်အကြား ခရီးပမာဏမှာ ယူဇနာ တစ်ရာရှိ၏။

ဘုန်းစွမ်းရည် ခွန်အားနှင့် ပြည့်စုံသော ကုသမင်းအဖို့မှာကား ယူဇနာ ငါးဆယ်ကို နေ့တစ်ဝက်ဖြင့် ရောက်ခဲ့၏။ ဘောဇဉ်ကို စားသုံး အနားယူပြီး





နောက် ကျန်ယူဇနာ ငါးဆယ် ကျန်နေ့တစ်ဝက်ဖြင့် အပြီးသတ်စေကာ၊ တစ်နေ့ချင်းဖြင့်လျှင် သာဂလသို့ ရောက်ခဲ့လေသည်။

ဘောဇဉ်ပခြုပ်၊ လက်နက်ငါးပါး၊ အသပြာတစ်ထောင်ထုပ်၊ စောင်းတစ်လက်နှင့်အတူ မျှော်လင့်ယုံကြည်ချက်များဖြင့် ပြည့်လျှံသော နှလုံးသားကို ပွေ့ပိုက်လျက် အကျည်းတန် အရုပ်အဆိုးဆုံး ယောကျ်ားသည် အချောအမော အလှပဆုံး မိန်းမနှင့် တွေ့ဆုံရန် သာဂလမြို့တွင်း ဝင်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

**ဓေတ္တာရှေ့စောင်း**

"ကုသမင်းဆိုတာ ငါပဲ" ဟူသော အသံနှင့်အတူ ကြာပွင့်နောက်မှ ပေါ်လာသည့် 'ဘီလူးမျက်နှာ' နှင့် လူလက်မှ ထွက်ပြေးလွတ်မြောက်ကာ သာဂလနေပြည်တော်သို့ ပြန်ရောက်ခဲ့သည့်တိုင် ပဘာဝတီသည် ဆောက်တည်ရာ မရတတ်သေးချေ။

ဤသို့ အဆင်းအင်္ဂါညှိုးဖျင်းသော ယောကျ်ားတစ်ယောက်ကိုမှ ခင်ပွန်းတော်စပ်ရလေခြင်းဟူသော နာကြည်းစိတ်က အခါမလပ်ဖိစီးနှိပ်စက်နေ၏။ ကုသလဝတီမယ်တော်ကြီး၏ နည်းပရိယာယ် အသွယ်သွယ်တို့ကိုလည်း ယခုမှ ပြန်ပြောင်းတွေးထင်သဘောပေါက်ကာ အရှက်နှင့်ဒေါသတို့ လောင်ကျွမ်းလေသည်။

သို့သော် သူတို့လက်မှ လွတ်ခဲ့ပြီဟူသော အသိဖြင့်၊ လုံခြုံအေးချမ်းမှုကိုကား ရရှိခံစားရပေသည်။ အထိန်းတော်ကြီး နုဇ္ဇာကိုပင် အနီး၌ မထားတော့ဘဲ ပဘာဝတီသည် တစ်ကိုယ်တည်းသာ စက်ရာဆောင်ညောင်းစောင်းထက် လှဲလိုက်သည်။ စိတ်နွမ်းကိုယ်ပန်းခရီးကြောင့် အိပ်စက်အနားယူရန် အချိန်သင့်ပြီ ဖြစ်သည်။

သို့သော် ခုတင်ညောင်းစောင်းအိပ်ရာပြင်၌ တည်ခြင်းငှာ မတတ်နိုင်၊ အဘယ်သို့ ဖြစ်ရလေသနည်း။ နူးညံ့သော စက်ရာထက်၊ ကျောအပြင်အပ်လိုက်တိုင်းမှာပင် တစ်စုံတစ်ခုက အောက်ဘက်မှ တွန်းကန်သကဲ့သို့ ရှိနေ၏။

နှစ်ကြိမ် သုံးကြိမ်မျှ ထိုသို့ဖြစ်ပြီးနောက်တွင် ပဘာဝတီသည် ခုတင်ညောင်စောင်း အိပ်ရာပြင်မှ ဆင်းသက်ကာ အောက်ခြေကြမ်းမြေအပြင်၌ လဲလျောင်းလိုက်သည်။ ထိုအခါမှသာလျှင် အလိုက်သင့်ဖြစ်ကာ အိပ်စက်ပျော်မွေ့သွားလေသည်။





ထိုအချိန်ကား ကုသမင်း သာဂလမြို့သို့ ဝင်သောအချိန်ပင်ဖြစ်၏။ ပဘာဝတီ ထိုသို့ ခုတင်ညောင်စောင်း စက်ရာထက် အိပ်စက်မရခြင်းကား ကုသမင်း၏ ဘုန်းတန်ခိုးကြောင့် ဖြစ်သည်ဟူသော ဆက်စပ်မှုကို ပဘာဝတီ မသိနိုင်ချေ။ ဘုန်းစွမ်းဖြင့် ပြည့်စုံသော ခင်ပွန်းယောကျ်ားက တစ်နေရာရာတွင် ဆင်းရဲပင်ပန်းစွာ အိပ်စက်ရသည်ဆိုလျှင် ဇနီးမယားဖြစ်သူ၌ မြင့်မြတ်သော ခုတင်စက်ရာထက် အိပ်ပျော်နိုင်ဖို့ အခြေမရှိချေ။

ကုသမင်းကား သာဂလမြို့တွင်း ဝင်ခဲ့ပြီး မကြာမီမှာပင် ရိုးသားဖြောင့်မတ်ပုံရသော သူဆင်းရဲမိန်းမကြီးတစ်ယောက်နှင့် တွေ့လေသည်။ မိန်းမကြီးသည် ကုသမင်း၏ အဆင်းအင်္ဂါညံ့ပုံကို ဂရုမထားနိုင်ဘဲ ညစ်နွမ်းပင်ပန်းသော အသွင်အောက်မှ တင့်တယ်သော ဣန္ဒြေကိုသာ သတိထားမိ၏။ ထို့ကြောင့် –

"ငါ့မောင် ရုပ်ဝေးက ခရီးသွားဖြစ်ပုံရတယ်။ အချိန်လည်း လင့်ပြီ။ အမိတို့အိမ်မှာ နားနေအိပ်စက်ပြီးမှ ခရီးဆက်သင့်တယ်" ဟု ဆို၏။ ကုသမင်းသည် မငြင်းဆန်တော့ဘဲ မိန်းမကြီးအိမ်သို့ လိုက်ခဲ့၏။

"ငါ့မောင်၊ ဟောဒါ ခြေဆေးရေ၊ ဟောဒါ အိပ်ရာပဲ။ ဆင်းရဲသားအိုဒီလောက်ပဲ တတ်နိုင်ရဲ့"

"တည်းခိုနားနေခွင့်ရတာကိုပဲ ကျေးဇူးကြီးလှပါပြီ အမိ"

ကုသမင်းသည် ထိုမျှသာ ပြောနိုင်လျက် ပင်ပန်းအားကြီးအားကြောင့် အိပ်ပျော်သွားလေသည်။ မိန်းမကြီးသည် ကုသမင်းကို တစ်ချက်ငုံ့ကြည့်ကာ စိတ်ထဲမှ ရေရွတ်၏။

"အဆင်းအင်္ဂါတော့ အတော် ညံ့ရှာသကိုး။ သို့သော်လည်း သူ စကားပြောလိုက်တဲ့အသံက ယောကျ်ားမြတ်တို့ရဲ့ အသံမျိုး၊ အဆင်းနဲ့ မလိုက် လှပသန့်စွမ်းတဲ့ အသံမျိုး၊ အင်း ... ဘယ်သူမှန်းလည်း မသိ၊ ဘယ်ကမှန်းလည်း မသိ၊ ဒါပေမယ့် အလွန့်အလွန် ထူးခြားတဲ့ လူတစ်ယောက်ဆိုတာ ငါစိတ်ထဲက အလိုလို သိနေတယ်။ အေးလေ ... သူနိုးလာရင်စားဖို့ ငါ ထမင်းချက်တော့မယ်"

အိပ်ရေးဝလင်စွာဖြင့် ကုသမင်းသည် လန်းဆန်းနိုးထလာ၏။

မိန်းမကြီး အသင့်ခူးထားသော ထမင်းလျာကို စားပြီးနောက် –

"အမိ ကျေးဇူးကြီးပါတယ်။ ဟောဒီဘောဇဉ်ပခြုပ်နဲ့ ဟောဒီ အသပြာတစ်ထောင်ကို ပေးပါရစေ လက်ခံပါ"

"ဘောဇဉ်ပခြုပ် အသပြာတစ်ထောင်၊ အလိုလေး ... အမိရဲ့ ထမင်းတစ်နပ်နဲ့စာရင် အဆမတန် များလွန်းလှတယ်။ အမိ ဘာကိုမှ မျှော်လင့်တာလည်း မဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတရားနဲ့ ဂရုဏာမေတ္တာကို တန်ဖိုးဖြတ်လို့ မရပါဘူး။ အမိ လက်ခံပါ။ ပြီးတော့ ဟောဒီ အထုပ်ကိုလည်း အမိထံ အပ်ထားခဲ့ပါရစေ"

လက်နက်ငါးဖါးတို့အား အလုံအခြုံ သိမ်းဆည်းထုပ်ပိုးထားသော အထုပ်တို့ ရှေ့သို့ တွန်းပေးလိုက်သည်။

"အပ်ထားခဲ့ပါရစေဆိုတော့ ငါ့မောင်က ဘယ်များ ခရီးဆက်"

"ကျုပ် ခရီးကလား"

ကုသမင်းပြုံး၏ အကျည်းတန်မျက်နှာပေါ်က ထူထဲထဲ နှုတ်ခမ်းများ၏ အပြုံးသည် ထူးခြားစွာ ကျက်သရေရှိပေသည်ဟု မိန်းမကြီး တွေးမိလေသည်။

"ကျုပ်ခရီးက အင်း ... နီးလည်း နီးတယ်။ ဝေးလည်း ဝေးတယ်။ အချိန်ကာလအားဖြင့် ရှည်လည်း ရှည်တယ်။ တိုလည်း တိုတယ်။ ဒီလောက်ပဲ ပြောပါရစေ အမိ"

ကောကာနဒစောင်းကို ပိုက်လျက်သွားသည့် ကုသမင်း၏ နောက်ကျောကို ကြည့်ရင်း မိန်းမကြီးသည် မင်တက်မိသလို ငေးငိုက်နေသည်။

ကုသမင်းသည် တဲအိမ်တံစက်မြိတ်၌ ရပ်လျက် နောက်သို့ အနည်းငယ် စောင်းငဲ့ကာ ပြောလိုက်လေသည်။

"အခုလောလောဆယ်တော့ ကျုပ် စောင်းတီးရမယ့် အရပ်ကို သွားလိုက်ပါဦးမယ် အမိ"

*

ဆင်တင်းကုပ်၊ ကွပ်ပျစ်ခုံနှင့် စောင်းသမားဟူသည် မည်သို့မျှ အပ်စပ်သည့်အရာ မဟုတ်ချေ။ သို့သော် ဆင်ထိန်းများက ကြည်ဖြူစွာ ခွင့်ပေးကြသည်။

"တစ်နေ့ခင်းစာမျှ ဆင်တင်းကုပ်မှာ နေခွင့်ပြုပါ။ ဒီအတွက် ကျုပ်မှာ သင်တို့ကို ကျေးဇူးတုံ့ဆပ်ဖို့ကတော့ စောင်းတီးပြီးတေးဆိုပြပါမယ်" ဟု ခွင့်ပန်၏။ ဆင်ထိန်းများက "ကျုပ်တို့မှာ တစ်ချိန်လုံးလုံး ဆင်တွေနဲ့ချည်း လုံးပန်းနေရတာကလား။ ဂီတအသံနဲ့တူတာဆိုလို့ ဆင်ခလောက်သံနဲ့ ထူးကြိုးသံကွင်းသံပဲ အနီးစပ်ဆုံးရှိတယ်။ ကိုရင်က ခုလို စောင်းတီးတေးဆိုဖျော်ဖြေမယ်ဆိုရင် အကောင်းဆုံးပ" ဟု ပြောကြ၏။

ကုသမင်းသည် တစ်နေ့ခင်းစာမျှ အိပ်စက်ကာ အနားယူလိုက်သည်။

ထို့နောက် အိပ်ရာမှ နိုးသောအခါ စောင်းကြိုးများကို ညှိလေသည်။

ဆင်တင်းကုပ်သည် မြို့နန်းတော်နှင့် မလှမ်းမကမ်းတွင် တည်ရှိသည်။ မင်းမိဖုရားတို့ နန်းဆောင်ပြာသာဒ်နှင့်ကား အတန်ငယ် ကွာလှမ်းပေသေးသည်။ သို့သော် မူလကနဦးချဉ်းကပ်မှုသည် ဤမျှဖြင့် တန်ပြီဟု ဆုံးဖြတ်လိုက်၏။





ဆင်တင်းကုပ်ကွပ်ပျစ်တွင် တင်ပျဉ်ခွင်ထိုင်လျက် စောင်းကိုပိုက်လိုက်၏။ ကောကာနဒစောင်းတော်သည် မိခင်ရင်ခွင်တွင်းမှ ကလေးငယ်ပမာ အလိုက်သင့်တည်လေသည်။ စောင်းကြိုးများပေါ်သို့ လက်တင်၍ ကုသမင်းသည် မျက်လွှာအစုံကို မှိတ်ခါ စိတ်ညွှတ်အဓိဋ္ဌာန်လိုက်၏။

"ဤကောကာနဒ စောင်းတော်သံသာနှင့် ငါ သီဆိုသော တေးတို့ ဤသာဂလမြို့တော် နေသူတို့အားလုံး ကြားစေကုန်သတည်း"

*

ကုသမင်း၏ တေးသီချင်းနှင့် ကောကာနဒစောင်းသံသည် အရပ်တစ်နေရာတည်းမှာ ပေါ်ထွက်ကာ သာဂလတစ်မြို့လုံးသို့ ကျယ်လောင်စွာ ပြည့်ဟီး ရိုက်ခတ်သည် မဟုတ်ချေ။ မြို့တော်အတွင်း အသီးသီးသော အိမ်များ၏ တံခါး ပြတင်း၊ ပန်းဥယျာဉ်ခြံဝိုင်း စသည့် နေရာများမှ ပေါ်ထွက်လာကာ မိမိတို့ တစ်ဦးချင်း မိသားတစ်စုချင်းအတွက် သီးခြားသီဆိုတီးခတ်လျက် ဖျော်ဖြေနေသည့် အလား နီးကပ်စွာ ပေါ်ထွက်နေခြင်းဖြစ်၏။ သီဆိုသူ၊ စောင်းတီးသူကို မမြင် မတွေ့ရဘဲနှင့် သောတနားဆင်ကြရခြင်း ဖြစ်၏။

ထိုတေးနှင့် စောင်းသံသည် နန်းပြာသာဒ်ဆောင်၏ တစ်ခုသော စက်ရာခန်းအတွင်းဝယ် ခုတင်သျှောင်စောင်းဖြင့် မဟုတ်ဘဲ ကြမ်းပြင်ထက်ဝယ် မှေးလျက် အိပ်စက်စပြုနေသော ပဘာဝတီထံသို့လည်း လွင့်ပျံ့လာလေသည်။

ပဘာဝတီသည် နိုးတစ်ဝက် စက်တစ်လှည့် မှေးမျော်ကာနီးတွင် စက်ရာဆောင်ပြတင်း အပြင်ဝရံတာဆီသို့ တီးခတ်သီဆိုနေသည့်အလား ကြားရလေသည်။

"တို့လွတ်ကင်းစွာ ... ခပ်သိမ်းသော အလှတရား ဝပ်စင်းခသျှောင်းရာ ပြစ်မျိုးမထင် စင်ကြယ်မြင့်မြတ် ... ဂုဏ်ဒြပ်ကြက်သရေ တင့်ရှန်းဝေ ... ဩဘာ ရွှေရုပ်လွှာဆင် သလွန်အလား ... မခြားအတူညီ နတ်ဒေဝီ ဘုရား ရှုံးလောက်ပေတာ ... အို ... ချစ်လှစွာသော ကိုယ့်သက်လျာ" ပဘာဝတီသည် ကြမ်းပြင်မှ လူးလွန့်ထ၍ ပြတင်းသို့ လျှောက်သွားကာ ပြတင်းပေါက်မှ အဝေးသို့ ကြည့်၏။ အဘယ်အရပ်က ထွက်ပေါ်လာသော တေးဆိုသံနှင့် စောင်းသံပေနည်း။

"ချစ်ရသူသက်လျာ ... ချစ်မှချစ်ရေး ... ဘယ်ရွေး ဝဋ်ကြွေးမသိနိုင်ပါ။ ကောင်းကင်ယံ အဇ္ဈာထက်မှာ နေ့အခါလင်း ... သူရိယနေဝန်းပမာ ညဉ့်အခါ ရှန်းမြလစန္ဒာပမာ နေ့နှင့်ည ညနှင့်နေ့ မဆုံနိုင် မကြုံရ ... သူရိယနဲ့ လမှာ နီးလျက်နဲ့ဝေး ... ဆွေးတသသ ဖြေမဆည်ရသည်သာ ..."

ပဘာဝတီ မျက်ခုံးစနစ်ဖက်ကို လုပစွာ မြင့်တက်သွားကြသည်။ စိတ်သ ကြည်မြ၍ ခွန်အားရှိသော ဤသဒ္ဒအသံရှင် "မမြင်ကွယ်ရာ မကြင်နာလို့



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ ... ချစ်သူ မျက်နှာလဝန်း ရွှန်းမြစန္ဒာ ... အဝေးဆီမှသာ ငေးမောကြည့်မြင် ပင့်သက်ဖြာ ... ချစ်စိတ်ရိပ်ရိပ် မြင့်မားခဲ့တာ ... ချစ်ကြည်ကလူကျီစယ်ပြုမိလေတာ ... ချစ်သက်ထိပ်ထား ... မဖုရား ... ခွင့်လွှတ်စေချင်တာ"

ပဘာဝတီ၏ မျက်နှာပြင်တစ်ခုလုံး သွေးရောင်လျှမ်းသွား၏။ အလိုအလျောက် နှုတ်ခမ်းမြွာမှ စကားများ ထွက်ကျသွားသည်။

"သူ ... ဒါဟာ ကုသမင်း"

"မင်္ဂလာရောက်နံသာ ... ကြာမျိုးငါးပါး ကုမုဒြာ ... ပဒုမ္မာရွှေကြာချပ်အသာလျှပ်လို့ ထွက်ပေါ်ခဲ့တာ ... အို ... ချစ်မိသူ ရူပကာ ... ကုသိုလ်ကံနည်းအခဲ့နှင့်ရှားလေရာ ... ခြော် ... ခွင့်လွှတ်ပါတော့ ချစ်သက်လျာ"

"သူ ... လိုက်လာပြီ။ သူ ... သာဂလကို ရောက်နေပြီ"

တေးသံနှင့် စောင်းသံ၏ သာယာချိုမြခြင်းသည် ပဘာဝတီအတွက်တား ခါးသီးသော အဖြစ်သို့ ရောက်ရှိသွားလေပြီ။

"ဤမြေတောတောင် ရေပင်လယ်ကွယ်ကာဆီးစေတော့ ... ချစ်သူပုန်းရှောင် သွေကာ ပြေးစေတော့ ... မိုးအဆုံး မြေအဆုံး လိုက်လို့ ဖွေရှာ ချစ်ရသူနှုတ်မိမယ်ထံပါး ... အရောက်သွားလို့ ကြည့်မြင်မှာ ..."

ယောကျ်ားမြတ်တို့ ချစ်ခြင်းနဲ့ ဘုန်းသမ္ဘာ။

အသနားခံသည်လည်း မဟုတ်၊ ခြိမ်းခြောက်သည်လည်း မဟုတ်၊ နှဲ့ရှောင်းမှုနှင့် သိပ်သည်းမှု နှစ်ထွေရောစပ်နေသော ဤတေးသံနှင့် ဤစောင်းသံဂီတကို သာဂလတစ်မြို့လုံး ကြားကြရသည်မှန်သော်လည်း မည်သူမျှ အနက်အရသာကို နားလည်ကြမည် မဟုတ်ပေ။ ပဘာဝတီတစ်ဦးတည်းသာ နားလည်နိုင်သော တေးနှင့် ဂီတ။

"ခက်တော့တာပဲ၊ ကုသမင်းမှ ကုသမင်း အစစ်၊ ခုဏ္ဍာ ... ခုဏ္ဍာ ... လာပါဦး"

*

ထိုအချိန်တွင် တေးနှင့်စောင်းသံကို နားဆင်ရင်း နစ်မျောနေခဲ့သော မဒ္ဒရာဇ်မင်းကြီးသည်လည်း တေးသံဆုံးသည်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ စိတ်ထဲမှ ရေရွတ်လိုက်လေသည်။

"အခု တေးဆိုသွားတဲ့ စောင်းသမားကို နက်ဖြန်ကျရင် ရှေ့တော်မှောက် အရောက်ခေါ်ရမယ်"

*

အိုးတော်လုပ် အိုးဖုတ်သူ

မိမိ သာဂလသို့ ရောက်ရှိကြောင်း စောင်းတေးသံဖြင့် သို့စေအပ်ပြီးနောက် ပဘာဝတီနှင့် မျက်နှာချင်းဆိုင်ရဖို့အရေးကို ကုသမင်းသည် ဆက်လက်ကြိုးစားလေသည်။ ဆင်တင်းကုပ်မှာ နေခြင်းဖြင့် ပဘာဝတီကိုမြင်ဖို့ အရေးအထမမြောက်နိုင်။ ထို့ကြောင့် ယမန်နေ့က တည်းခိုခဲ့သော အိမ်မှာပင် နံနက်စောစောကာ ကောကာနဒစောင်းတော်ကို ထားခဲ့ပြီး ဆင်တင်းကုပ်မှ ထွက်ခဲ့၏။

ကုသမင်းရှေ့ရှုရာ အရပ်ကား ဘုရင့်အိုးတော်လုပ် အမှုထမ်းအကြီးအမှူး၏ အိမ်၊ အိုးထိမ်းသည်၏ အလုပ်ဌာန ဖြစ်သည်။

"ဒါဟာ ဘုရင့်အိုးတော်လုပ် အကြီးအမှူး ဆရာကြီး အိမ်ပါလား ခင်ဗျာ"

"ဟုတ်ရဲ့ မောင်ရင်က ..."

"ကျွန်တော် ဆရာကြီးထံမှာ တပည့်ခံပါရစေ ခင်ဗျာ"

အိုးတော်လုပ် အကြီးအမှူးသည် အဆင်းအင်္ဂါ ညှံ့လှသူ၏ မျက်နှာကို တစ်ချက်ကြည့်ရင်း အိုးဖုတ်အိုးလုပ်တာဟာ အရုပ်ဆိုးတာနဲ့တော့ မဆိုင်ပေဘူး။ အင်း ... ဒီသူငယ်ဟာ အရုပ်ဆိုးလိုက်တာတော့ လွန်ရော၊ သို့သော် သူ့အသံက ထူးခြားလှတယ်၊ ဘယ်လို ထူးခြားမှန်းတော့ မသိဟု တွေးကာ –

"တပည့်ခံလည်း ခံပေါ့လေ။ စ,စချင်း လုပ်ရမှာကတော့ အလုပ်ရုံထဲကို အိုးဖုတ်ဖို့ ရွှံ့မြေစိုင်ခဲတွေ သွင်းပေးဖို့ပဲ။ အိုး ဘယ်လိုလုပ်ရတယ် ဖုတ်ရတယ်ဆိုတာတော့ နောင်များမှ ဖြည်းဖြည်းသင်တာပေါ့ကွယ်" ဟု အမိန့်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အိုးတော်လုပ် အကြီးအမှူး ဆရာကြီးသည် ထိုသို့ပြောဆိုပြီးနောက် စံအိမ်ဆင်ဝင်မှတစ်ဆင့် အတွင်းသို့ ဝင်သွားသည်။ ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာ ယာ၍ ပါးစောင်အတွင်း မြုံရင်း အလုပ်တဲရုံဘက် ပြန်လာခဲ့သည်။

ပါးစောင်အတွင်းမှ ဝါးလက်စ ကွမ်းများ ထွက်ကျလုမတတ်ဖြစ်ကာ ကွမ်းတံတွေးများ စီးကျသွားသည်အထိ ဆရာကြီးသည် တုန်လှုပ်အံ့သြသွား၏။

"အလိုလေး ... ကွမ်းတစ်ယာညက်မရှိသေးဘူး။ မောင်ရင် ဘယ်နဲ့က ဘယ်လိုလုပ်"

အလုပ်တဲရုံတွင်းဝယ် ရွှံ့မြေစိုင်ခဲများ အပြည့်ရောက်ရှိနေလေပြီ။ ကုသမင်းက အနည်းငယ် ပြုံး၍ –

"ဆရာကြီး ခွင့်ပြုမယ်ဆိုရင် ကျွန်တော် အိုးထိန်းစက်ကိုင်ပါရစေ ခင်ဗျား"

"ဟေ မောင်ရင်က အင်း ... အဲလေ ... ကိုင်ပေါ့"

ဆရာကြီးသည် အံ့သြခြင်းကြီးစွာ မင်တက်မိနေသဖြင့် သူ့ကိုယ်သူ ဝင် မည်သို့ပြောလိုက်မှန်းမသိ။ ခွင့်ပြုစကားပြောမိလျက်သား ဖြစ်သွား၏။

အိုးထိန်းစက်၌ မြေစိုင်ကိုထားကာ စက်ကို လှည့်လိုက်သည်။

ဘုန်းသမ္ဘာ၏ မမြင်အပ်သော အရှိန်အဝါဖြင့် အိုးထိန်းစက်သည် တစ်ချက်လှည့်ရုံဖြင့် မွန်းလွဲတိုင်အောင် အရပ်အနား မရှိ လည်ပတ်လေသည်။ ကုသမင်း၏ လက်တို့သည် ပန်းဝတ်ရည်ကို စုပ်ယူရန် ပန်းပွင့်ဝတ်မှုန်၌ ဝဲပျံသော ပျားပိတုန်း၏ အတောင်ပံများနှယ် အိုးထိန်းစက်ပေါ်မှာ မြေစိုင်ခဲထက်ဝယ် လူး လွန့်စုန်ပျံရိုက်ပုတ်လှည့်ပတ်လေသည်။

အိုးတော်လုပ်ဆရာကြီး ရောက်လာ၏။

"အလိုလေးလေး ... ကြီးကြီးငယ်ငယ် ရှယ်ရှယ်စားစား အိုးတွေပါ လား။ ချောလိုက်တာ၊ လှလိုက်တာ၊ အလိုလေ ... အရစ်၊ အဝန်း၊ အပြောက်၊ အမွမ်း၊ ပန်းကနုတ်တွေကလည်း လှလိုက်တာ၊ ဟော့ ... မောင်ရင်ကလေး ဘယ် လိုများ လုပ်လိုက်သလဲ။ ကျုပ်တစ်သက် ... အဲ ... မဒ္ဒရာဇ်မင်းကြီးထံမှာ ကျုပ် အိုးတော်လုပ် အကြီးအမှူးအဖြစ် အမှုတော် ထမ်းခဲ့တာ အနှစ်နှစ်ဆယ်သုံးဆယ် ရှိပြီ။ မင်းလို အိုးလုပ်သမားမျိုး ကျုပ်တစ်ခါမှ မကြုံဖူးပါလား မောင်ရင်၊ လူယောင် ဖန်ဆင်းလာတဲ့ နတ်သားလား"

ကုသမင်းက မြေစိုင်ရွှံ့နှစ်များ ပေကျံနေသော လက်တို့ဖြင့် မျက်နှာကို ပွတ်သပ်လျက် –

"နတ်သားက လူယောင်ဖန်ဆင်းလာရင် ချောမောခံ့ညားတဲ့ ယောကျ်ားအသွင် ရှိမှာပ ဆရာကြီးရယ်၊ အခုဟာက ကျုပ်ရဲ့ ရုပ်ရည်။ အင်း ရှိပါစေတော့လေ။ ဆရာကြီး ဒီအိုးတွေကို မင်းတရားကြီးထံ ဘယ်တော့ ဆက် သွင်းမှာလဲ"

"ဒီညနေမှာ အိုးအသစ်တွေ ဆက်သွင်းဖို့ ရှိတယ်။ ဒါပေမယ့် အိုးတွေ က မဖုတ်ရသေးဘူးလေ"

"ဆရာကြီး သက်သောင့်သက်သာနေပါ ခင်ဗျာ။ အချိန်မီပြီးစီးပါစေ မယ်"

"မောင်ရင်လေးက ဒီအိုးတွေကို ဘယ်လိုလုပ်ပြီး ဖုတ်မှာတုန်း။ အေး လေ ... ကျုပ် ယုံပါပြီ၊ လုပ်ပါ ဆက်လုပ်ပါ"

ဆရာကြီး ထွက်သွားပြီးနောက် ကုသမင်းသည် အိုးထိန်းစက်ပေါ်မှ နောက်ဆုံးအိုးကို ကြည့်ရင်း စိတ်ထဲမှ ရွတ်ဆိုမိဋ္ဌာန်လိုက်၏။

"ဤမည်သော အိုးများအနက် ဤမည်သော အိုးအချို့တွင် ငါသည် ပဘာဝတီအတွက်သာလျှင် ရည်စူး၍ ရုပ်ပုံများကို ပြုလုပ်ဖော်ပြထား၏။ ထိုရုပ်ပုံ များကို ပဘာဝတီမှအပ အခြားမည်သူမျှ မမြင်နိုင်သည်ဖြစ်စေ၊ ပဘာဝတီ တစ်ဦး တည်းသာလျှင် မြင်စေသတည်း"

တစ်နေ့ခင်း မွန်းတိမ်းမွန်းလွဲကာလအတွင်းမှာပင် ဖုတ်ပြီးသော အိုး များသည် ခြောက်သွေ့ခဲ့ကြသည်။ ထိုခြောက်သွေ့ပြီးအိုးများကိုလည်း မွန်းလွဲ ညနေခင်းမတိုင်မီတွင် ဖုတ်ပြီးဖြစ်စေသည်။ ဆရာကြီး နန်းတော်သို့ သွားရည့် အချိန်တွင် အိုးများအားလုံးသည် ကောက်ရိုးများ ခုခံလျက် ခင်းကျင်းစီမံအပ် သော လှည်းပေါ်သို့ ရောက်နေကြပေပြီ။

*

မဒ္ဒရာဇ်မင်းကြီးသည် အစီအရီ ခင်းကျင်းဖြန့်ကျက်ထားသော အရွယ် အရွယ်အစားစား အိုးကြီးအိုးငယ်များကို စေ့စေ့ကြည့်ရင်း မေးလိုက်၏။

"ဒီအိုးတွေကို ဘယ်သူလုပ်သလဲ မောင်မင်း"

"ဘုန်းတော်ကြောင့် ကျွန်တော်မျိုးကြီး လုပ်ပါတယ် အရှင်"

မင်းကြီးသည် ထိုင်နေရာမှ ဝုန်းခနဲ မတ်တတ်ထရပ်၏။

"မောင်မင်း မှန်ရာကိုတင်၊ မောင်မင်း လုပ်တဲ့ အိုးတွေကို ကျွန်ုပ် သိ တယ်။ ဒါဟာ မောင်မင်း လက်ရာ မဟုတ်ဘူး။ ဒီလောက် ချောပြီး နုညက်လှပ နေတဲ့ အိုးတွေကို ဘယ်သူလုပ်သလဲ"

"ကျွန်တော်မျိုးကြီးရဲ့ တပည့်တစ်ဦးလုပ်တာပါ အရှင်"

"ဘာ တပည့်ဟုတ်လား၊ ဒီလိုအိုးမျိုး လုပ်တတ်သူဟာ မောင်မင်း တပည့် မဖြစ်သင့်ဘူး။ မောင်မင်းဆရာပဲ ဖြစ်သင့်တယ်။ မောင်မင်းသူ့ထံမှာ







www.burmeseclassic.com

www.burmeseclassic.com



ပညာသင်ဦး။ နောက်နေ့ကစပြီး ထိုသူပဲ အိုးလုပ်စေတော့။ အသပြာတစ်ထောင် ချီးမြှင့်လိုက်မယ်။ အိုး လုပ်သူကို ပေးလိုက် ကြားလား"

"ဘုန်းတော်ကြောင့်ပါ အရှင်"

"နေဦး ... ဟောဒီအိုးတွေထဲက အိုးငယ်တွေကို ကျွန်ုပ်ရဲ့ သမီးတော်များထံပို့၊ တွေ့လား မြေနီ မြေနက်၊ မြေဝါ အဆင်းတွေကို အထူးအထူး အထွေထွေ အရောင်အသွေး စပ်ဟပ်ပြီး ရှုချင်စဖွယ် အနွယ်တင့်တယ်အောင် လုပ်ထားတဲ့ အိုးတွေ"

"ဘုန်းတော်ကြောင့်ပါ အရှင်"

ကုသမင်း၏ ဘုန်းသမ္ဘာအာနုဘော်နှင့် အမိဋ္ဌာန်တို့ကို အကြောင်းခံလျက် အထွေထွေ အထူးထူး ရုပ်ပုံအဆင်းရှိသော အိုးငယ်တို့သည် မဒ္ဒရာဇ်မင်းကြီး၏ အခြားသော သမီးတော်များထံ ရောက်ရှိခဲ့ပြီး ပဘာဝတီထံသို့ ရောက်သော အိုးများမှာကား သီးသန့်ရည်ညွှန်းထားသော ရုပ်ပုံပါအိုးများ ဖြစ်လေသည်။

ပဘာဝတီသည် မိမိထံ ရောက်လာသော အိုးများကိုကြည့်ရင်း –

"ခုဇ္ဇာ ... ခုဇ္ဇာ လာစမ်းပါဦး" ဟု ခေါ်လိုက်၏။

"ခေါ်စရာ မလိုပါဘူး ကလေးရယ်။ ခုဇ္ဇာ ဒီနားမှာပါ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ ခုဇ္ဇာ၊ ဟောဒီ အိုးတွေကို ကြည့်စမ်း"

"အိုးတွေ ဘာဖြစ်လို့လဲ၊ လှမှလှ ချောမှ ချော ချစ်စရာလေးတွေ၊ ပန်းကနုတ် အဲ ... ဟောတော် ... အဲဒီအိုးပေါ်မှာ သမီးပဘာရဲ့ ရုပ်ပုံ၊ ဟယ် ... ဟောဒီ ... အိုးပေါ်မှာက ခုဇ္ဇာရဲ့ ရုပ်ပုံ၊ အလိုလေး ဟိုမှာလဲ ပဘာရဲ့ ရုပ်ပုံ၊ ထိုင်လျက်သား၊ ရပ်လျက်သား မျက်နှာပုံတစ်ကိုယ်လုံးပုံ၊ အလိုလေး ... ကယ်တော်မူပါ ... ဒါ ... ဒါဟာ"

"တိတ်စမ်း ... ခုဇ္ဇာ၊ ကယောင်ကတမ်းနဲ့ အကျယ်ကြီး ပြောမနေနဲ့၊ သူများတွေ ကြားသွားမယ်။ သိပြီလား ဘယ်သူ စနက်လဲဆိုတာ"

"အရှင်ကြီး အရှင်ကောင်းများ ကယ်တော်မူပါ။ ကုသမင်း ရောက်နေပြီပေါ့ ဟုတ်လား။ ဒီအိုးတွေ သူလုပ်တာပေါ့။ ဟုတ်လား သမီးလေး။ ခုဇ္ဇာတို့ ဘာလုပ်ကြမလဲ"

"ဘာမှ လုပ်နေစရာ မလိုဘူး။ ဒီအိုးတွေလည်း ကြည့်ချင်ဘူး။ ပေးချင်တဲ့လူ ပေးပစ်လိုက်။ အို ... ပဘာ ဒီမှာကို မနေချင်တော့ဘူး"

*

ထိုအချိန်ဝယ် ကုသမင်းသည် မဒ္ဒရာဇ်မင်းကြီး ချီးမြှင့်လိုက်သော အသပြာတစ်ထောင်ကို အိုးထိန်းသည်ကြီးအား ပြန်ပေးပြီးနောက် အိုးထိန်းသည် အိမ်မှ ထွက်ခွာခဲ့လေသည်။





ကုသမင်းသည် တည်ငြိမ်သော အပြုံးဖြင့် အတွေးထဲမှာပင် ရေရွတ်လိုက်၏။

"အိုးထိန်းသည်ဘဝနဲ့တော့ ပဘာဝတီကို မြင်ဖို့ သူ့နား အရောက် ချဉ်းကပ်ဖို့ မဖြစ်နိုင်ဘူး။ ဒီတော့ ..."

*

မဒ္ဒရာဇ်မင်းကြီး၏ နန်းတော်၌ အသုံးပြုသော မင်းသုံး 'ဖျာ' ကို ရက်လုပ်ဆက်သွင်းရသည့် ကျူထရံသည်ကို သီးသန့်ခန့်အပ်ထား၏။ ထိုသူ ယက်လုပ်သော ဖျာတို့ကိုသာ နန်းတွင်းသို့ သွင်းရသည်။ အခြားဖျာများ သင်ဖြူးဖျာများကို သွင်းခွင့်မပြုချေ။ ကုသမင်းသည် အိုးထိန်းသည် အိုးတော်လုပ်တာဝင်ဖြင့် ပဘာဝတီ အနီးချဉ်းကပ်ရန်၊ ပဘာဝတီကို အနီးကပ် မြင်တွေ့နိုင်ရန် အခွင့်မသာဟု သဘောပေါက်ပြီးလျှင် မင်းသုံးကျူထရံသည်ထံသို့ ချဉ်းကပ်ပြန်လေသည်။

"ဘုရင့်နန်းတော်ကို ဆက်သွင်းရတဲ့ ဖျာနော၊ ဒါဟာ မြို့ဈေးထဲမှာ ရောင်းတမ်းချတဲ့ သာမန်ဖျာ မဟုတ်ဘူး။ နေရာမကျလို့ကတော့ မင်းပြစ်မင်းဒဏ် ခံရမှာ သိရဲ့လား။ မောင်ရင် လုပ်နိုင်ပါ့မလား"

ကျူထရံသည်ဆရာက စပ်တင်းတင်း မေး၏။

ကုသမင်းက ပြုံး၍ ဖြေသည်။

"ကျွန်တော် လုပ်နိုင်ပါလိမ့်မယ်"

"အကျည်းတန်သော မျက်နှာပြင်ထက်မှ ထူးထူးခြားခြား စူးရှတောက်ပနေသည့် မျက်လုံးများကို ကြည့်ရင်း ကျူထရံသည်မှာ အလိုလိုနေရင်း ယုံကြည်စိတ်ချမှုများ ဖြစ်ပေါ်သွား၏။ ထို့အပြင် အရုပ်ဆိုးလှသော အသွင်နှင့် တခြားစီဟု ဆိုရလောက်အောင် ပြည့်ဖြိုးစွာ ရှည်သွယ်နေသည့် လက်ချောင်းများကို ကြည့်ရင်း ထိုလက်များက အစွမ်းများ ပေါ်ထွက်လာလိမ့်မည်ဟုလည်း အထင်ကြီးသွားသည်။

"ဒါဆိုလည်း လုပ်ပေတော့။ ကိုင်း ... ဘယ်က စလုပ်မလဲ"

"ထန်းရွက်စိမ်းတွေက စကိုင်ချင်ပါတယ် ဆရာ"

အလာကြီးပါလားဟု ကျူထရံသည် စိတ်ထဲမှ မှတ်ချက်ချလိုက်၏။ ထန်းရွက်စိမ်းမှ စကိုင်ခြင်းသည် ကျူထရံသမားတို့၏ အရေးအကြီးဆုံး အောက်ခြေ ပထမအဆင့် လုပ်ငန်း ဖြစ်ပေသည်။

ကုသမင်းသည် တဲကုပ်အတွင်းပုံထားသော ထန်းရွက်များအကြား ထိုင်ချလိုက်သည်။ ထို့နောက် ဆိုင်ရာဆိုင်ရာ လက်နက်ကိရိယာများကို အသုံးပြု၍ ထန်းရွက်များကို အကြောထွင်ခြင်း၊ လှီးဖြတ်ခြင်း၊ အရင်းအဖျား ခွဲခြားခြင်း၊ အကောင်းအဆိုး ခွဲခြားခြင်း စသည်ဖြင့် မဆုတ်မဆိုင်း လုပ်ကိုင်လေရာ ကျူထရံ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ ငေးကြည့်ရင်းဖြင့် သိပ်ကို ကျွမ်းကျင်တဲ့ လက်တွေပါလားဟု ဝန်ခံရင်း လှည့်ထွက်သွားလေသည်။

အကောင်းဆုံး လက်ရွေးစင် ထန်းရွက်ချောများကို ရွေးချယ်သုတ်သင်ပြီးနောက် ကုသမင်းသည် ဖျာချောများကို ရက်လုပ်သည်။ ထိုဖျာကွက်များတွင် အရောင်အနုအရင့် ခွဲခြား၍ ထီးဖြူပုံရုပ်၊ အိမ်ဈေးပုံရုပ်နှင့်တကွ၊ ပဝါကို ကိုင်လျက် တင့်တယ်လှပစွာ ရပ်နေသော ပဘာဝတီ၏ ရုပ်ပုံတို့ကို ထည့်သွင်းရက်လုပ်လိုက်၏။ အခြားဖျာများတွင်လည်း တိမ်တောင် တိမ်လိပ်များ၊ ဂဠုန်နဂါးပုံများ၊ ဆင်မြင်းပုံများ၊ ကချေသည်ပုံများကို ရက်ဖောက်စီရင်သည်။ ထို့နောက် ထိုဖျာများကို လိပ်လျက် တစ်စုတစ်ပုံ ဖယ်ထားလိုက်၏။

ကျူထရံသည်သည် အချိန်တန်သောအခါ မိမိရက်ထားသော ဖျာစည်းနှင့် ကုသမင်း၏ ဖျာစည်းတို့ကို သယ်ဆောင်ကာ နန်းတော်သို့ ဝင်လေသည်။

မဒ္ဒရာဇ်မင်းကြီးကလည်း ထုံးစံအတိုင်း ဖျာစည်းများကို ဖြေချစေပြီး စစ်ဆေးကြည့်ရှုရာ ကုသမင်း ရက်သော ဖျာများကိုချည်း သုံးသပ်ကြည့်ရှုပြီးနောက် –

"ဒီဖျာတွေကို ဘယ်သူရက်သလဲ" ဟု မေးသည်။

"ကျွန်တော်မျိုးကြီး ရက်ပါတယ် အရှင်" ဟု ကျူထရံသည်က လျှောက်သည်။

"မောင်မင်း ... မှန်ရာကို တင်၊ ဘယ်သောအခါကမှ မောင်မင်း ဒီလိုဖျာမျိုး မရက်လုပ်မဆက်သွင်းခဲ့ဘူး"

"ကျွန်တော်မျိုးရဲ့ တပည့်တစ်ဦး ရက်ပါတယ် အရှင်" ဟု ကျူထရံသည်က လျှောက်သည်။

"အဲဒါ မောင်မင်းရဲ့ တပည့် မဟုတ်ဘူး ဆရာ။ အဲဒီဖျာတွေအားလုံးကို သမီးတော်ပဘာဝတီထံ ဆက်သွင်းလိုက်၊ ပြီးတော့ တပည့်လို့ ပြောတဲ့ မောင်မင်းရဲ့ဆရာကို အသပြာတစ်ထောင် ပေးလိုက်။ နောက်နောင်ကိုလည်း အဲဒီလူ ရက်လုပ်တဲ့ ဖျာကိုပဲ သမီးတော်ဆီ ဆက်သွင်းရမယ် ကြားလား"

ပဘာဝတီကား မိမိထံ ရောက်လာသော ဖျာများကို ကြည့်၍ ဖျာကွက်ထဲတွင် ရက်ဖောက်ထည့်သွင်းထားသော ရုပ်ပုံများကို မြင်လျှင်မြင်ချင်း ကုသမင်း၏ လက်ရာဟု တပ်အပ်သိကာ လွှင့်ပစ်လိုက်လေသည်။

ထိုအကြောင်းကို ကုသမင်း ပြန်သိရသောအခါ မဒ္ဒရာဇ်မင်းကြီး ဆုလာဘ် သနားလိုက်သော အသပြာတစ်ထောင်ကို ကျူထရံသည်အား ပေးလိုက်၏။ ထို့နောက် ထိုနေ့ညဥ့်မှာပင် ကျူထရံသည် အိမ်မှ ထွက်ခွာလာခဲ့လေသည်။





သာဂလနေပြည်တော်၏ ညဥ့်အမှောင်တွင်းမှ တလက်လက် ဝင်းသနေသော ပိုးစုန်းကြူးငယ်များကို ကြည့်ရင်း ကုသမင်းတစ်ကိုယ်တည်း ရေရွတ်သည်။

"အိုးထိန်းသည်ထံက တစ်ဆင့် အိုးတွေ ဖုတ်တော့လည်း အကြောင်းမထူး။ ကျူထရံသည်ထံတစ်ဆင့် ဖျာတွေ ရက်တော့လည်း အကြောင်းမထူး။ ချစ်သူ အနီးအနားထိ တိုးဝင်ချဉ်းကပ်နိုင်ဖို့အရေး ဘယ်နည်းလမ်းကို ဆက်အသုံးပြုရမလဲ။ အို ... ဟုတ်ပြီ၊ မိန်းမသူများဟာ ပန်းကြိုက်တတ်တာပေါ့။ ဒီတော့ ..."

ဘုရင့်နန်းတော်သို့ ပန်းကုံးများ ပြုလုပ်ဆက်သွင်းရသော ပန်းသည်ထံသို့ ချဉ်းကပ်ခဲ့ပြန်၏။ ရှေးယခင် အတိုင်းပင် ပန်းကုံးများကို အထူးထူးအခြားခြား ဆန်းကြယ်စွာ သီကုံးပြီး တစ်ခုသော ပန်းကုံး၌မူ ပဘာဝတီသာ သိနိုင်သော ရုပ်ပုံသဏ္ဌာန်ပါဝင်အောင် သီကုံးဆက်သွင်းလိုက်၏။ ပဘာဝတီကလည်း အတပ်သိကာ ထိုပန်းကုံးကို တစ်ပွင့်စီ ကြွေဖွာသွားသည်အထိ လွှင့်ပစ်လိုက်ပြန်၏။ မဒ္ဒရာဇ်မင်းကြီး ပေးသနားသော အသပြာတစ်ထောင်သည်လည်း ပန်းသည်ထံသို့ ရောက်သွားကာ ကုသမင်းသည်လည်း "ဒါ ငါ့နေရာ မဟုတ်သေး" ဟု ဆုံးဖြတ်ကာ ဖဲခွာခဲ့ပြန်သည်။

*

အိုးသည်ထံ ခိုလှုံ၍ ဖုတ်ခဲ့သော အိုးတို့သည်လည်း ပဘာဝတီ လက်ချက်ဖြင့် အစိတ်စိတ်ကွဲခဲ့ပြီ။ ကျူထရံသည်ထံ ခိုလှုံ၍ ရက်လုပ်ခဲ့သော ဖျာတို့သည်လည်း ဒေပြေပြေလွှင့်ခဲ့ပြီ။ ပန်းသည်ထံ ခိုလှုံ၍ သီကုံးခဲ့သော ပန်းကုံးတို့သည်လည်း အပိုင်းပိုင်း ကြွေခဲ့ပြီ။ သို့သော် ပဘာဝတီအပေါ် ချစ်မြတ်နိုးဆဲဖြစ်သော ထို့အပြင် သူ့မျက်နှာ ဝင်းပွန်းမြမြအလှကို အနီးကပ် ကြည့်လိုဆဲဖြစ်သော မိမိ၏ နှလုံးအိမ်နှင့် မျှော်လင့်ချက်များကား ကွဲလွင့်ကြွေပြုန်းခြင်း အလျဉ်းမရှိ။ ကုသမင်းသည် မိမိ၏နှလုံးသားကို ထိုသို့ပင် စိတ်ချယုံကြည်စွာဖြင့် အားမာန်တင်းလိုက်၏။

"ကျုပ်ကိုယ်တိုင် နန်းတော်ထဲကို ဝင်နိုင်ဖို့ အခွင့်အရေး နောက်တစ်ခုကို ကျုပ်ကြိုးစားရှာဖွေမယ်။ မင်းအနားကို ကိုယ်တိုင်ရောက်ပြီး မင်းအလှကို နီးနီးကပ်ကပ် မျက်ဝါးထင်ထင် ကြည့်မြင်ပြီး မင်းနဲ့စကားပြောဆိုနိုင်ဖို့ အထိ ကျုပ် ကြိုးစားမယ် ပဘာဝတီ"

ရသတဏှာသည် လူတို့ကို ဖမ်းစားဆွဲဆောင်ရာ၌ အလွန်ထိရောက်ကြောင်း ကုသမင်း သိထားသည်။ ထို့ကြောင့် ဘုရင့်နန်းတော်တွင်းသို့ အဝင်အထွက်ရှိသော အခြားမည်သည့် အမှုထမ်းကိုမျှ မစဉ်းစားတော့ဘဲ ဘုရင့်စား



www.burmeseclassic.com

www.burmeseclassic.com



တော်ချက်ထံသို့သာ ချဉ်းကပ်လိုက်လေသည်။

"ဘုရင်မင်းမြတ်ထံ သောဇဉ် အထူးချက်ပြုတ်စီမံဆက်သွင်းရမယ့် နေ့ကို ကျွန်တော် သိပါရစေ"

ကုသမင်း၏ လုပ်ပုံကိုင်ပုံနှင့် အနွံအတာခံပုံများကို သဘောကျနေသော စားတော်ချက်က ထိုတောင်းဆိုမှုကို လိုက်လျောရန် အသင့်ပင်ဖြစ်၏။ သို့သော် ဘာကြောင့် သောဇဉ်အထူး ချက်ပြုတ်စီမံဆက်သွင်းရမည့်နေ့ကို သိချင်ရသလဲဟု ပြန်မေးသည်။

ကုသမင်းက ပြုံး၍ ပြန်ဖြေလိုက်သည်။

"သောဇဉ်အထူး ချက်ပြုတ်စီမံဆက်သွင်းတဲ့နေ့ကျရင် ထူးခြားတဲ့ဖြစ်ရပ်လည်း ပေါ်ပေါက်ချင် ပေါ်ပေါက်မှာမို့ပါ ဆရာ"

"ဘယ်လို ထူးခြားတဲ့ ဖြစ်ရပ်လဲ။ အသပြာဆုတော်ငွေတွေ ဘာတွေ အထူးတလည်ရဖို့များ ရှိသလား။ အဲဒါမျိုးကို ဆိုလိုတာလားကွယ့်"

"အသပြာဆုငွေ ထူးခြားမှုမျိုးလည်း ရှိနိုင်ပါတယ်။ ဒါ့ထက် ပိုထူးခြားတာမျိုးလည်း ပေါ်ပေါက်နိုင်ကောင်းပါရဲ့"

သောဇဉ် အထူးစီမံ ဆက်သရမည့်နေ့သို့ ရောက်လာခဲ့၏။ စားတော်ချက်က အရိုးအသားစိမ်းများကို ကုသမင်းထံ အပ်၍ –

"ကိုင်း ... တို့များ ဘယ်လို စီမံပေးလဲ"

"ဆရာက စားတော်အုပ်နဲ့ စားတော်ခွက်များကိုပဲ ပြင်ဆင်ထားနှင့်ဝါ။ ကျွန်တော်ပဲ အစအဆုံး တာဝန်ယူချက်ပါမယ်"

ဟင်းအိုးကျက်စပြု၍ ဟင်းနံ့များ ထွက်လာကတည်းက စားတော်ချက်သည် ယနေ့တော့ဖြင့် ထူးခြားပြီဟု မှတ်ချက်ချလိုက်လေသည်။ ထူးထူးကဲကဲ မွှေးကြိုင်သော ဤဟင်းရနံ့မျိုးကို အတွေ့အကြုံ ရင့်ကျက်သော စားတော်ချက်ကြီးပင် ယခင်ဘယ်တုန်းကမှ မရရှိခဲ့ဖူးချေ။

စားတော်ချက်သည် စားတော်အုပ်ကို ရှေ့တော်အရောက် သယ်ဆောင်၍ အုပ်အဖုံးကို ဖွင့်လိုက်သည်နှင့်ပင် မဒ္ဒရာဇ်မင်းကြီး မေးပေတော့သည်။

"ဘယ်တုန်းကမှ မရခဲ့ဖူးတဲ့ ဒီမွှေးကြိုင်လှတဲ့ ရနံ့ကို ကျွန်ုပ်တို့ စောစောကတည်းကပဲ ရရှိခဲ့ကြတယ်။ မောင်မင်း ဘာကြောင့် ယခင့်ယခင်များက အခုလို လက်စွမ်းမပြခဲ့တာလဲ"

စားတော်ချက်သည် အမှန်အတိုင်းဖြေ၏။

"ကျွန်တော်မျိုး ချက်တာ မဟုတ်ပါ အရှင်၊ ကျွန်တော်မျိုးရဲ့ တပည့် တစ်ဦးကပဲ အစ အဆုံး စီမံချက်ပြုတ်ခြင်း ဖြစ်ပါတယ်"

"အဲဒီ ဟင်းလျာကို ကျွန်ုပ် မြည်းစမ်းမယ်"





ရသတဏှာ၏ လှုံ့ဆော်မှုကို တင်းမခံနိုင်သော မင်းကြီးသည် တင်းအနည်းငယ်မျှကိုသာ ခပ်စေ၍ လျှာဖျားသို့ တင်လိုက်၏။

အကြောပေါင်းခုနစ်ထောင်ကို ချောက်ချားစေပါလား ဟူသော အသိတချက်ချင်းဖြစ်ပေါ်လာ၏။ မဒ္ဒရာဇ်မင်းကြီးသည် မဆိုစလောက် ယွင်းသွားသော မင်းတို့ ဣန္ဒြေကို မည်သူမျှ မသိအောင် ထိန်းလိုက်ရလေသည်။

"အကောင်းဆုံး အမြိုက်အရသာကို သုံးဆောင်ရရင် အချစ်မြတ်နိုးဆုံးသူကို သတိရကြတယ်။ ဒီနေ့ကစပြီး မောင်မင်းရဲ့ တပည့်ကိုပဲ ချက်ပြုတ်စီမံနိုင်အောင် ကျွန်ုပ်အတွက် ဟင်းလျာကို မောင်မင်းက ယခင်ကလိုပဲ ဆောင်ယူဆက်သွင်း၊ သမီးတော်အတွက် ဟင်းလျာကို မောင်မင်းတပည့်ကိုယ်တိုင် ဆောင်ယူဆက်သွင်းပေစေ။ ဒီလောက်ထူးကဲတဲ့ ဟင်းလျာ အရသာမျိုးကို ဘယ်လို စီမံတယ်ဆိုတာ သမီးတော်ကိုယ်တိုင် စစ်ဆေးနိုင်ဖို့ အခွင့်အရေးပေးမယ်။ အခု အသပြာတစ်ထောင် ယူသွားပြီး မောင်မင်း တပည့်ကို ဆုလာဘ်ပေးလိုက်၊ မနက်ဖြန်ကစပြီး ကျွန်ုပ် မိန့်မှာတဲ့အတိုင်း လုပ်ပေတော့"

စားတော်ချက်သည် ပြန်ရောက်သောအခါ ကုသမင်းကို ဝမ်းသာအားရဆိုသည်။

"မောင်ရင်ပြောတဲ့အတိုင်း ထူးခြားပြီ။ ဟောဒီမှာ အသပြာတစ်ထောင်၊ ဘုရင်မင်းမြတ်က ဆုချလိုက်တယ်"

"အဲဒီ အသပြာတစ်ထောင်ကို ဆရာယူပါ။ ဆရာ့ကို ကန်တော့ပါတယ်။ နောက်ထပ် ထူးခြားမှုကော မရှိဘူးလား ဆရာ"

"ရှိပါသော်ကော၊ မနက်ဖြန်မှာလည်း ဒီလိုဟင်းလျာ သောဇဉ်ကို အထူးစီမံရမယ်။ ပြီးတော့ မောင်ရင်ကိုယ်တိုင် စားတော်ပွဲ ပြင်ဆင်ပြီး ဘုရင့်သမီးတော်ထံ ဆက်သွင်းရလိမ့်မယ်။ အင်းလေ ... ဘုရင့်ပွဲတော်ဆောင်ကိုတော့ ကျုပ်တို့ အတူသွားကြတာပေါ့။ ကျုပ်က ဘုရင်မင်းမြတ်ဆီ ဝင်ပြီး ဆက်သ၊ မောင်ရင်ကတော့ သမီးတော်ရဲ့ ပွဲတော်ဆောင်ဝင်သွားပြီး ဆက်သ၊ ဟဲ့ ... အလို ... အလို ... မောင်ရင်၊ ကျုပ်ပြောတာ ကြားရဲ့လား။ ဘာဖြစ်သွားတာလဲ။ မတ်တတ်ငုတ်တုတ်များ သတိမေ့သွားသလား။ ဟဲ ... ဟဲ ... သမီးတော်ဆိုရင် အသပြာဆုလာဘ်ငွေ ပိုပြီးရမှာမို့လို့ ကြိုတွေးပြီး ကြိုပြီး ကြည်နူးနေသလား ဟဲ ...ဟဲ"

ကုသမင်းက မှိတ်ထားသော မျက်လွှာအစုံကို မဖွင့်ဘဲ ပြန်ပြောသည်။

"ကျွန်တော် အဲဒီနေ့ကို စောင့်နေတာ ကြာလှပြီ"

စားတော်ချက်မှာ ကုသမင်း၏ စကားကို နားမလည်သော်လည်း အသပြာထုပ်ကို ပိုက်ကာ စားဖို့ဆောင်သို့ ဝင်ရင်း ကောင်းတယ်၊ ကောင်းတာပေါ့ဟု ရေရွတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အချစ်နှင့်သူ၏ စစ်မြေပြင်

နန်းပြာသာဒ်ဆောင်၏ တံခါးကို ဖွင့်သူမှာ အထိန်းတော်ကြီး ခုဇ္ဇာ ဖြစ်၏။ ဤသည်မှာ ပြုမြဲဝတ်ပင်ဖြစ်သည်။ ခုဇ္ဇာသည် တံခါးကျည် မင်းတုပ်ကို ဖြုတ်၊ လက်ယာဘက် တံခါးရွက်ကိုဖွင့်၊ ထို့နောက် လက်ဝဲတံခါးရွက်ကို ဆက်ဖွင့်၊ တံခါးနှစ်ရွက်တို့ နေသားတကျ ပွင့်သွားပြီးလျှင် ပြာသာဒ်ဆောင်ပေါ်မှနေ၍ အောက်လှေကားဆီသို့ ငုံ့ကြည့်။ ထို့နောက် "လေပြည်ထဲမှာ ပန်းနံ့လေးတွေကို သင်းနေတာပဲ။ သမီးပဘာရေ ... လာ ... လာ ... ပန်းလေပြည်လေး တစ်ချက်လောက် အားပါးတရ ရှိုက်လိုက်စမ်းပါ" ဟု ရေရွတ်နေကျ၊ ထိုအခါ ပဘာဝတီကလည်း အတွင်းမှ လျှောက်လာကာ တံခါးတွင် ရပ်ရင်း ခုဇ္ဇာ ပြောသည့် ပန်းလေပြေကို ညင်းညင်းသက်သာ ရှူရှိုက်နေကျ။

ဤသည်မှာ နေ့လယ်ပွဲတော်စာ တည်ကာနီး ပြုနေကျ လုပ်ရှားမှုပင် ဖြစ်သည်။ သို့သော် ယနေ့အဖို့ရာကား ခုဇ္ဇာသည် တံခါးရွက်ကိုဖွင့်ကာ ပြာသာဒ်ဆီတက်သော လှေကားကို ငုံ့ကြည့်ရင်း။ ခါတိုင်းလို မရေရွတ်ဘဲ အသံဆိတ်နေ၏။ တံခါးရွက်ပေါ် တင်ထားသော လက်များကိုလည်း မရုပ်သိမ်းဘဲ တောင့်တောင့်ကြီး ဖြစ်နေ၏။

ခုဇ္ဇာ အသွင်ထူးခြားသဖြင့် ပဘာဝတီသည် နေရာမှ ထလာကာ တံခါးပေါက်တွင် ရပ်ရင်း လှေကားထစ်များဆီသို့ ငုံ့ကြည့်လိုက်သည်။

"အလိုလေး ... သူ ... သူ ..."

"ဟုတ်တယ် ... ပဘာ ... သူ ... မှ ... သူ"





နှစ်ယောက်သား တစ်ပြိုင်တည်း ရေရွတ်မိကြသည်။ ဟင်း —

လှေကားထစ်များအတိုင်း တက်လာသူကား စားတော်အုပ်တစ်ဘက် ထမင်းအုပ် တစ်ဘက် တစ်ဘက်တစ်ချက်စီ ဆိုင်းတွဲထားသည့် ထမ်းပိုးကို ထမ်း၍ သွက်လက်သော ခြေလှမ်းများဖြင့် တစ်ဆင့်ချင်း လှမ်းလာသူ ကုသမင်း။

ပဘာဝတီသည် ချက်ချင်းပင် ပြာသာဒ်တွင်းဘက်သို့ ပြန်လှည့်၏၊ ခုဇ္ဇာကား လှေကားထစ်များဆီ ငုံ့ကြည့်ရင်း တတွတ်တွတ် မြည်နေဆဲ၊

"ဟုတ်ပတော် ... သူမှသူ ဒီလောက် အရုပ်ဆိုး အကျည်းတန်တဲ့ အသွင်မျိုးနှစ်ယောက် အတူ မရှိနိုင်ဘူး။ သူ ကုသမင်း ဘယ့်နှယ်လုပ်ကြဝါ၊ သူ ဒီကို ရောက်လာတော့မယ်။ စားတော်အုပ်ဆိုင်းထမ်းကြီးနဲ့ ဒုက္ခပါပဲ"

"ခုဇ္ဇာ အထဲပြန်ဝင်" ဟု ပဘာဝတီက လှမ်းခေါ်လိုက်၏။

*

ခုဇ္ဇာနန်းတော်တွင်း လှစ်ခနဲ ဝင်သွားပြီးနောက် ပဘာဝတီသည် တံခါးရွက်တွင် ကိုယ်ကို ဖိကပ်၍ မှီရပ်ရင်း တွေး၏။

ကုသဘုရင်ဟာ မင်းစင်စစ် ဖြစ်ပါလျက်နဲ့ မတော်မလျော် ကျွန်အလုပ် လုပ်၊ ကျွန်အမှုပြုတယ်၊ သူပြုတာက အရေးမကြီး သူ့ကို ထွက်မတွေ့ဘဲ၊ စကား မပြောဘဲ၊ နှစ်ရက်သုံးရက် ငါ နေလိုက်မယ်ဆိုရင် ဆိတ်ဆိတ်နေခြင်းဟာ သဘော တူကြည်ဖြူခြင်းပဲလို့ သူ အဓိပ္ပာယ် ကောက်သွားနိုင်တယ်။ တခြားကို ထွက် မသွားဘဲ။ ဒီနေရာကို လာ၊ ဒီမှာပဲ နေရင်းနဲ့ ငါ့ကို မြင်တွေ့ဖို့ သူ ကြိုးစားတော့မှာ မုချ။ ဟုတ်တယ် ... အဲဒီအထိ အဖြစ်မခံနိုင်ဘူး။ အခု ချက်ချင်းပဲ ငါ့အကြောင်း သိစေရမယ်။ ဒင်း မခံနိုင်အောင် ဆိုလွှတ်မယ်။ ဒီနေရာမှာ မနေနိုင် အဆေးပြေး အောင် ငါ လုပ်မယ်။

ပဘာဝတီသည် တံခါးရွက်ထက်ဝက်ကို ဖွင့်လိုက်၏။ လက်တစ်ဘက်ဖြင့် တံခါးရွက်ကို ဆွဲထားရင်း ကျန်တစ်ဘက်ဖြင့် တံခါးကျည်ကို နှိပ်ထားကာ တစ်ဘက်ရှိ ကုသမင်းကြားနိုင်လောက်မည်ထက် ပို၍ ကျယ်သော အသံဖြင့် ရေရွတ်လေသည်။

"ဘုရင်ကုသ မဖြောင့်မမှန် ကွေ့ကောက်ရတဲ့ ရာဂစိတ်နဲ့၊ အင်မတန် ကြီးတဲ့ ထမ်းပိုးကို ထမ်း နေ့နေ့ညဥ့်ညဥ့် ဒုက္ခခံ၊ အဆင်းရဲခံ၊ ကိုယ့်ကိုယ်ကို နှိပ်စက် ညှဥ်းပန်းတဲ့ ကုသမင်း။ တော်ကြီးရဲ့ တိုင်းပြည်ကုသဝတီကိုသာ ပြန်ကြွ ပေရော့။ ကျွန်ုပ်တို့ တိုင်းပြည်မှာ တော်ကြီးရှိနေတာကို ကျုပ်တို့ တဆိတ်ကလေး မှ အလိုမရှိ။ ဘာ့ကြောင့်လဲ သိချင်သေးလား။ ဟင် ... ဒုဗ္ဗဏ္ဏလေး၊ ဒုဗ္ဗဏ္ဏ — အဆင်းမလှ အကျည်းတန်၊ အရုပ်ဆိုး။ တော်ကြီးရဲ့ အသွင်ဆိုးကြောင့် သိပြီ လား"



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လှသော စကားလုံးများနှင့် ခက်ထရော်လေ သံဖြစ်၏။ သို့သော် ထိုစကားလုံးများကို သယ်ဆောင်လာသော ထိုလေသံရှင်ကား မိမိအတိုင်းမသိ ချစ်ခင်စွဲလမ်းရသော ချစ်သူဖြစ်နေချေသည်။ ထို့ကြောင့် ထိုစကားများကို နားကျည်းဖို့ သတိမရနိုင်၊ မနာကျည်းရုံမျှမက ပဘာဝတီထံမှ ပြန်စကားရပြီးကာဟု၍ ကုသမင်း အလွန် ကျေနပ်သွားသည်။ ထိုကျေနပ်မှုကိုလည်း ထုတ်ဖော်ပြောလိုက်လေသည်။

"ရှင်မ ပဘာဝတီ မင်းရဲ့ တုဖက်ကင်းသော လှပတင့်တယ်ခြင်းကား ကြီးစွာသော အင်အားနဲ့ ကျုပ်ကို ညို့ငင်ဆွဲခေါ်ထားတယ်။ ဒါကြောင့် ဟောဒီ သာဂလပြည်ကနေ ကုသဝတီပြည်သို့ ကျုပ်မပြန်ဘူး။ မဒ္ဒရာဇ်မင်းကြီး မွေ့လျော်ရာ ဟောဒီ ရွှေနန်းတော်ကြီးမှာ မင်းကို ကျုပ်မြင်ခွင့် တွေ့ခွင့်ရနေတဲ့အတွက် ကျုပ် မွေ့လျော်တယ်။ သာဂလကို ကျုပ် စွန့်ပစ်မသွားနိုင်ပြီကော ပဘာဝတီ"

"ရှင်မ ပဘာဝတီ။ လှရက်နိုင်လွန်းတဲ့ အဆင်းရူပကာရဲ့ ဖြားယောင်းခြင်းကြောင့် ချစ်ခင်လေးမြတ်တပ်မက်စွန်းငြိခြင်းဆိုတဲ့ ကိလေသာနဲ့ ကျုပ်တွေဝေမိန်းမူးခဲ့ပြီး ဟောဒီ မြေအပြင်မှာ သွားလာလှုပ်ရှားနေတဲ့ ကျုပ်ဟာ ကိုယ့်ကိုယ်ကို ဘယ်အရပ် ဘယ်ဒေသက လာတယ်ဆိုတာ မသိတော့ဘူး။ အရပ်မျက်နှာကို ကျုပ် မမှတ်မိတော့ဘူး။ ကျုပ်ကို အချစ်က လွှဲပြီး ကျွန်ခပ်သိမ်းတို့မှာ အမေ့မေ့ အလျော့လျော့ ဖြစ်အောင် အချစ်ဆိုတဲ့အရာပြုခဲ့ပြီ ပဘာဝတီ"

"ရှင်မ ပဘာဝတီ။ ယနေ့ပင် မွေးစ သမင်မငယ်ရဲ့မျက်လုံးနဲ့တူတဲ့ စိမ်းညိုကြည်လဲ့ မျက်ဝန်းတွေကို ပိုင်ဆိုင်သော ပဘာဝတီ။ ရွှေချည်ဖောက်ရက်ဝတ်စုံနဲ့ တင့်တယ်လှပြီး သေးသွယ်ငယ်လျတဲ့ ခါးလှလှမှာ ရွှေပြားခါးကြိုးစည်းနှောင်ထားတဲ့ ပဘာဝတီ။ မင်းကို ချစ်တဲ့ အချစ်စိတ်ကြောင့် ကျုပ်ဟာ ပြည်ကြီး စည်းစိမ် နန်းစည်းစိမ်ကို အလိုမရှိတော့ သူဖြစ်ခဲ့ပြီ ပဘာဝတီ"

ကုသမင်း၏ နှလုံးသည်းပွတ်မှ ထွက်ကျလာသော စကားတို့သည် ပဘာဝတီအတွက် ညို့မှ ထွက်ပျံသော မြားများနှယ်သာ ဖြစ်သွား၏။ တစ်ဘက်က ချစ်မက်စွဲလမ်းခြင်းသည် အခြားတစ်ဘက်တွင် မုန်းတီးငြင်းပယ်ခြင်း ဖြစ်သွား၏။

ပဘာဝတီသည် တံခါးရွက်အကွယ်မှ နေ၍ စိတ်ထဲမှာ ကြုံးဝါးသည်။ သင်းနှလုံးမသာမယာ ဖြစ်အောင် ငါလုပ်မယ်။ သင်းဟာ တပ်မက်စွဲလမ်းခြင်းရဲ့ အရှိန်ကြောင့် ခုလိုစကားတွေကို ပြောနေခြင်းသာ ဖြစ်တယ်။ တကယ်တမ်း ငါ ကုသမင်းလို့ ကြုံးဝါးပြီး ဟောဒီတံခါးရွက်ကို အတင်းတွန်းဆောင့်ဝင်ကာ ငါ့လက်ကို အတင်းကိုင်ဆွဲမယ်ဆိုရင်လည်း ငါ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး။ သင်းကို ပိတ်ပင်ဟန့်တားမယ့်သူရှိမှာ မဟုတ်ဘူး။ ဒီတော့ ..."





ပဘာဝတီသည် တံခါးရွက်ကို ပြန်ပိတ်ကာ တံခါးကျည်မင်းတုပ်ကို လျှိုလိုက်၏။ ထို့နောက် တိုက်ခန်းတွင်း ပြန်ဝင်ခဲ့လေသည်။

ပြင်းထန်သော တံခါး ပိတ်သံကို ကြားရသောအခါ ကုသမင်းသည် ခေါင်းငယ်မ်း၍ တစ်ချက်ပြုံးလိုက်၏။ ဤမျှဖြင့် အခွင့်မသာပြီဟု နားလည်ရသော်လည်း ပဘာဝတီထံမှ စကားတုံ့ ရခဲ့ခြင်းနှင့် မိမိအနေဖြင့် ပြောလိုသမျှ ပြောလိုက်ရခြင်းအတွက် အတိုင်းအတာတစ်ခုအထိ ကျေနပ်နိုင်ခဲ့ပေပြီဟု အောက်မေ့လေသည်။

သို့ဖြင့် ကုသမင်းသည် ကြီးမားလေးလံသော ထမ်းပိုးနှင့်တကွ ထမင်းအုပ် ဟင်းအုပ်များကို ထမ်းယူကာ နန်းဆောင်မှ နန်းတော်သူများအား ကျွေးမွေးရန် ပြင်ဆင်လေသည်။

ထိုအချိန်၌ နန်းတော်တိုက်ခန်းအတွင်းဘက်တွင် ခုဇ္ဇာသည် ထောင့်တစ်ထောင့်၌ ကွယ်နေရာမှ ပဘာဝတီရှိရာသို့ ချဉ်းကပ်လာ၏။ ပဘာဝတီက တင်းမာဆဲ မျက်နှာထားဖြင့် ခုဇ္ဇာကို လှမ်းပြောသည်။

"ခုဇ္ဇာ ဟို ... ထမင်းပွဲ သွားယူ"

"ဘယ် ထမင်းပွဲပါလိမ့် ပဘာရယ်"

"ဩော် ... ကုသမင်း ယူလာတဲ့ ထမင်းပွဲလား။ ကောင်းပါပြီတော်။ ခုဇ္ဇာ အခုပဲ သွားယူပါ့မယ်"

ချက်ချင်းလိုလိုပင် ခုဇ္ဇာ ပြန်ရောက်လာ၏။ ခုဇ္ဇာသည် ထမင်းအုပ်ခပ်လတ်လတ် တစ်လုံးကို မနိုင်တနိုင် မ,လာရင်း "အမယ်လေး ... အုပ်ဆောင်းမပိတ်ခင်လေး၊ ခဏလေးပဲ ကြည့်လိုက်မိပါ တယ်။ ကောင်းလိုက်တဲ့ ထမင်းမွှေးလိုက်တဲ့ ဟင်း၊ အမယ်တွေကလည်း စုံမှစုံ တစ်ချက်ကလေး အနံ့ရလိုက်တယ်။ မနည်းကြီးကို သွားရည်သိမ်းလိုက်ရတယ်။ ဒါပေမယ့် ဒီထမင်းပွဲတော်အုပ်က အထူးစီရင် ထားတာလေ။ ပဘာဖို့ ပဘာဖို့တဲ့ တခြားသူတွေဖို့ မဟုတ်ဘူးတဲ့။ ခုဇ္ဇာ တို့များအတွက်တော့ ... အင်း သူချက်လာတာ ကောင်းတော့ ကောင်းပါရဲ့။ ပဘာရဲ့ ပွဲတော်စာနဲ့ ယှဉ်လိုက်တော့ ဘာမှ မဟုတ်တော့ဘူး။ ဟုတ်တာပ ... လေ ... အမှန်တော့ ဘုရင်သမီးတော်အတွက်ပဲ ပွဲတော်အုပ်လာပို့တာပဲ။ ခုဇ္ဇာတို့အတွက်က သူ့မို့ တကူးတကန့် ထည့်ချက်ပြီး သယ်လာရှာတာ။ သူ ယူမလာလည်း ဘာမှ မဖြစ်ဘူး။ သူ ယူလာလို့ စားကြရတာ။ ဟိုဟာတွေတော့ အားပါးတရ လွေးနေကြလေရဲ့တော်။ နန်းတွင်းသူတွေဆိုပြီး ... မဆည်နိုင်ကြဘူး။ ဟင်း ... ဟင်း ပွဲတော်စာကလည်း ကောင်းပေ...ကိုး"

ထုံးစံအတိုင်း အထိန်းတော်ကြီး ခုဇ္ဇာ စကားတွေ တ...ဖောင် ပြောနေသည်။ ပဘာဝတီက မျက်မှောက်ကြုတ်၍ ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုဇ္ဇာ ပွဲတော်အုပ် အဲဒီမှာ ချ"

"ချပါပြီတော်"

"အုပ်ဖုံးဖွင့်"

"ဖွင့်ပါပြီတော်။ အား ... မွှေးလိုက်တာနော်"

"အဲဒါ ခုဇ္ဇာ စားလိုက်တော့"

ခုဇ္ဇာ အသံမထွက်နိုင်တော့လောက်အောင် အံ့အားအသင့်ကြီး သင့်ကာ ပဘာဝတီကို မော်ကြည့်နေသည်။ ခုဇ္ဇာကို ပြန်ကြည့်ရင်း ကုသမင်းနှင့် ဝတ်သက်၍ မိမိစိတ် အလိုမကျတိုင်း ခုဇ္ဇာ အပေါ်သာ မောင်းမဲမိနေသည်ကို ပဘာဝတီ သတိရသွားကာ တင်းမာနေသော မျက်နှာထားကို ပြင်၍ပြုံးလိုက်၏။

"ဟိုကုသမင်းက ပဘာအတွက် ချက်လာတဲ့ ထမင်းဟင်းတွေကို ခုဇ္ဇာ စားလိုက်တော့လို့ ပြောတာ"

"ပဘာက ခုဇ္ဇာရဲ့ ရိက္ခာနဲ့ ချက်ထားတဲ့ ထမင်းဟင်းကို စားမယ်"

"ဟင် အဲဒါ ဘာသဘောလဲ"

"ကုသမင်းချက်တဲ့ ထမင်းကို ပဘာ မစားဘူးလေ"

"ခုဇ္ဇာရဲ့ ထမင်းကိုတော့ စားမယ်။ ဒီလိုလား ပဘာ"

"ဟုတ်တယ်လေ"

"ကောင်းပါပြီ၊ ကောင်းပါပြီ။ သမီးသဘောပါ။ တကယ်တော့လည်း ကုသမင်းချက်လာတဲ့ ထမင်းပွဲကို ခုဇ္ဇာလည်း စားချင်နေတာပါ"

"နောက် တစ်ခုရှိသေးတယ် ခုဇ္ဇာ"

"ဘာလဲ ပြော ... ပဘာ"

"ကုသမင်း ဒီလာတဲ့အကြောင်း ဘယ်သူမှ မသိစေနဲ့နော်"

*

ထမင်းပွဲကို ထိုသို့ လဲလှယ်၍ စားခဲ့ကြသည့်အကြောင်း ကုသမင်းလည်း မသိ၊ မည်သူမျှလည်း မသိကြ။ သို့သော် ကုသမင်းအနေဖြင့်ကား မိမိစီမံ ချက်ပြုတ်လာသော ထမင်းပွဲကို ပဘာဝတီစားခြင်း မစားခြင်းသည် အဓိက မဟုတ်ပေ။ ထမင်းအုပ် ဟင်းအုပ်များကို ကြီးမားလေးလံ လှစွာသော ထမ်းပိုးဖြင့် ထမ်းသယ်ကာ ပဘာဝတီ၏ နန်းပြာသာဒ်ဆောင်သို့ အရောက်လာ၍ ပဘာဝတီကို အနီးကပ် မြင်တွေ့ခွင့်ရခြင်းသည် ကုသမင်း၏ ရည်ရွယ်ရင်းဖြစ်၏။

သို့သော် ပထမဆုံးနေ့က တစ်ဝက်မျှ ပွင့်ခဲ့ပြီး အတွင်းမှ မင်းတုပ်ချ ပိတ်လိုက်ပြီးနောက်တွင် ပဘာဝတီ၏ တိုက်ခန်းတံခါးရွက်သည် လုံးဝ ပွင့်မလာတော့ပေ။





ကုသမင်းသည် တိကျပြတ်သားသော အဖြေရလဒ်ကို ရှိအောင် လု... တော့မည်ဟု ဆုံးဖြတ်ကာ စိတ်ထဲမှ ကြုံးဝါးလိုက်၏။

နန်းဆောင် တံခါးရွက်ပွင့်မလား၊ မပွင့်ဘူးလား။ ပြီးတော့ ခင်ဗျ... နှလုံးသားအိမ်ကကော ကျုပ်ရဲ့ မေတ္တာအတွက် ပွင့်မှာလား၊ မပွင့်ဘူးလား အတိ... အကျ သိရရောပေါ့ ပဘာဝတီရယ်။

ထိုနေ့၌ ခါတိုင်းလိုပင် ထမင်းအုပ် ဟင်းအုပ်များကို ထမ်းပိုးဖြင့် ထမ်းယူလာခဲ့သည်။ ထို့နောက် ယခင်နေ့များလိုပင် နန်းတော်နေ ရုံရွှေမင်းသမီးများအား ထမင်းပွဲပြင်ပေးကာ ပဘာဝတီအတွက် ထမင်းအုပ်ကို အသင့်ပြင်ပေး... သည်။ ခုဇ္ဇာကလည်း ခါတိုင်းလိုပင် ထမင်းအုပ်ကို လာယူသွားသည်။ နန်းတော် တိုက်တံခါးကား စေ့စေ့တင်းတင်း ပိတ်ဆဲပိတ်မြဲ။

ကုသမင်းသည် ထမင်းအုပ်၊ ဟင်းအုပ် ထမ်းပိုးကို ထမ်း၍ထွက်လာ... ကာ ပဘာဝတီ၏ နန်းဆောင် တိုက်ခန်းတံခါးအနီး ကွက်လပ်အပြင်သို့ အရောက်တွင် ထမင်းအုပ်၊ ဟင်းအုပ်များကို ခြေဖြင့် ခတ်လိုက်၏။ အုပ်များ အစ်များ၊ အိုးခွက်များ ကစဥ့်ကလျား လွင့်စဥ်ကျသွားကြသည်။ မိမိကိုယ်တိုင်လည်း နာကျင်လှစွာသော အသံကို မြည်ကာ ကိုယ်ကို လှဲချ၍ မှောက်ခုံကျလိုက်သည်။

လေးလံသော ထမ်းပိုးကြီးကို ကိုယ်ပေါ်တွင် ကန့်လန့်ဖြတ် ထဲထားလိုက်ပြီးနောက်၊ မိန်းမောဟန်ဖြင့် ငြိမ်သက်နေလိုက်၏။

လဲပြိုသံ၊ နာကျင်စွာ ညည်းညူသံတို့ကို ကြားလိုက်ရသဖြင့် ပဘာဝတီသည် အထိတ်တလန့် ဖြစ်သွားကာ တံခါးရွက်ကို ဆွဲဖွင့်လိုက်လေသည်။

ထမင်းအုပ်များ၊ ဟင်းအုပ်များ၊ အစ်များ၊ အိုးခွက်များ ဖရိုဖရဲ တစ်စစီပြန့်ကြဲနေကာ ထမင်းစေ့များ၊ ဟင်းဖတ်အကြွင်းအကျန်များလည်း မြင်မကောင်း ရှုမကောင်း ပေကျံနေသည်ကို တွေ့လိုက်ရ၏။ ထိုအရာများအလယ်တွင်ကား မှောက်ခုံလဲကျငြိမ်သက်နေသည့် ကုသမင်းနှင့် သူ့အပေါ်၌ ကန့်လန့်ဖြတ်ကျနေသော ထမ်းပိုး။

မိန်းမသားတို့၏ သဘာဝစိတ်က အလိုအလျောက် ထွက်ပေါ်လာသည်။ ပဘာဝတီ စိတ်ထဲမှ ရေရွတ်လိုက်၏။

အို ... ဒီဘုရင်က ဇမ္ဗူဒိတ်မှာ အထင်ကရ မင်းဖြစ်ပါလျက်နဲ့ ငါ့ကို အကြောင်းပြုပြီး ကြာမြင့်စွာ ဒုက္ခဆင်းရဲ ခံရတယ်။ သူ အခု လဲကျနေတာ ... သလားမသိ၊ ထမ်းပိုးကြီးကလည်း သူ့အပေါ် ကန့်လန့်ဖြတ်လို့၊ မှောက်ခုံလဲကျနေတာ အသက်မှ ရှိသေးရဲ့လား မသိ၊ ဒုက္ခပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆောင်းဆောင်း ရှိနေသော ကုသမင်း၏ ဦးခေါင်းအနီး အနည်းငယ်ချဉ်းကပ်၍ ထွက်သက်ဝင်သက် ရှိပါသလေဟူ၍ ပဘာဝတီ စူးစမ်းလေသည်။

ပဘာဝတီ၏ လှုပ်ရှားမှုအားလုံးကို သိနေသော ကုသမင်းသည် မျက်စိမှိတ်လျက်ပင် ခံတွင်းအပြည့်တံတွေးများကို ထွေးချလိုက်၏။ တံတွေးစက်အချို့က ပဘာဝတီကိုယ်သို့ စင်ကျသွားလေသည်။

"အလိုလေး ... အယုတ်တမာ"

ထိတ်လန့်အံ့သြခြင်းကြောင့် မိမိနှုတ်မှ ထိုမျှသော စကားကြမ်း ထွက်သွားသည်ကိုပင် ပဘာဝတီ သတိမထားလိုက်မိ။ ချောက်ချားစွာ ရေရွတ်ပြီး ရုတ်ခြည်းခွာကာ တိုက်ခန်းအတွင်းဝင်ပြီး တံခါးရွက်တစ်ဘက်ချင်းကို ဆောင့်ပိတ်လိုက်၏။

ထိုအချိန်ဝယ် ကုသမင်းသည် ကိုယ်ပေါ်မှ ထမ်းပိုးကို ဖယ်ရှားကာ လက်တို နောက်ဘက်တွင် ထောက်၍ အကျအန ထိုင်နေလေပြီ။

"အမှတ်မရှိတဲ့ ယောကျ်ား၊ မတန်မရာကို လိုချင်တဲ့ ယောကျ်ား၊ မနှစ်သက်အပ်တာကို နှစ်သက်တဲ့ ယောကျ်ား၊ အဲဒီလို ယောကျ်ားမျိုးရဲ့ အလိုဆန္ဒဆိုတာ ဘယ်တော့မှ ရမယ် မထင်နဲ့။ အကျိုးမဲ့ ... အကျိုးပျက်မယ်သာ မှတ်"

ထိတ်လန့်ခြင်း၊ ရွံရှာကြောက်ခြင်းများဖြင့် ပဘာဝတီသည် အတောမသတ် တရစပ် ရေရွတ်နေတော့သည်။

ကုသမင်းကား ပဘာဝတီ၏ သွေးရောင်ဖြန်းကာ နီမြန်းသွားသော မျက်နှာစွန်တောင်ကုပ်နှယ်၊ ကြုတ်ကြုတ်စေ့စပ်သော မျက်မှောင်ဒေါသနှင့် အရှက်အကြောက်ကြောင့် တောက်ပရွှန်းလဲ့နေသော မျက်လုံးများကို ငေးကြည့်ရင်း အပြင်းအထန် စိတ်ဆိုးအမျက်ထွက်ပြီး စကားကြမ်းတွေကို ဆိုမြည်နေစဉ်မှာတောင်မှ လှပလှနိုင်လွန်းလှပါလား ဟု စိတ်ထဲမှ ပြောနေမိလေသည်။ ထိုအလှတွင် ယစ်မူးသော အချစ်ကြောင့်လည်း ပဘာဝတီအပေါ်၌ နှလုံးမသာယာခြင်း စိုးစဉ်းမျှ ဖြစ်ပေါ်ခြင်းမရှိချေ။

ကုသမင်း၏ ထူထဲသော နှုတ်ခမ်းတို့ လှုပ်ရှားလာ၏။

*

စကားလုံးများ၏ တင်းမာခြင်း အသံ၏ ခက်ထန်ခြင်းများဖြင့် ဖွဲ့စည်းသော ထိုစကားတို့ကို ကုသမင်းတုံ့ပြန်လိုက်သည်ကား –

"ပဘာဝတီ အလိုရှိသည်ဖြစ်စေ၊ အလိုမရှိသည်ဖြစ်စေ၊ ချစ်သူကို ရရှိတဲ့ လူတစ်ယောက်အဖို့ ဒီလို ရရှိခြင်းကိုကပင် ချီးမွမ်းဖွယ် ဖြစ်ပါတယ်။ ချစ်သူကို မရရှိခြင်းသည်သာလျှင် ကဲ့ရဲ့ဖွယ် ဖြစ်ပါတယ်"





မိမိဘက်မှ ဓားများ သန်လျက်များ၊ မြားများကို ပစ်လွှတ်နေသော်လည်း သူ့ဘက်မှမူ ယင်းတို့ကို ပန်းပွင့်များအလား ထင်နေသေးသည်ဟု ပဘာဝတီ ယူဆ၏။ ထို့ကြောင့် မီးတောက်များ၊ ပြာပူများ၊ ချော်ရည်များအဖြစ်ဖြင့် ထပ်မံ ပစ်လွှတ်လေသည်။

"ဒီမှာ ကုသဘုရင်။ တော်ကြီးဟာ အနှစ်ပြည့်တဲ့ ကျောက်ချစ်၊ ကျောက်လွှာ၊ ကျောက်သားကို သစ်သားနဲ့ တူးသလို ဖြစ်နေတယ်ဆိုတာ သိရဲ့လား။ လေကို ကွန်နဲ့ဖွဲ့ထောင်သလို ဖြစ်နေတယ်ဆိုတာ သိရဲ့လား။ အလိုမရှိပါဘူးလို့ ခါးခါးသီးသီး ငြင်းနေတဲ့ သူကိုမှ သင်က အလိုရှိနေတယ်"

"ပဘာဝတီ။ နူးညံ့လှတဲ့ မိန်းမတို့ရဲ့ အသရေလက္ခဏာနဲ့ ပြည့်စုံတဲ့ ပဘာဝတီ ဟုတ်ပါရဲ့ကွယ်။ မင်း နှလုံးအိမ်ထဲမှာ ကျောက်မျက်၊ ကျောက်လွှာ၊ ကျောက်သားကိုများ မြှုပ်နှံထားသလား။ အဝေးကြီးက လာရတဲ့ ကျုပ်အဖို့ မင်းအနားမှာ ချမ်းသာရာ တစ်စက်ကလေးမှ မရ။

"အို ... ပဘာဝတီ။ ဘုရင့်သမီးတော်ဖြစ်တဲ့ မင်းက ကျုပ်ကို မျက်မှောင် ကြုတ်၊ မျက်ထောင့်နီ၊ မျက်စောင်းထိုးပြီး ကြည့်လိုက်တဲ့အခါမှာ ကျုပ်ဟာ ဟောဒီ မဒ္ဒရာဇ်နန်းအတွင်း စားတော်ကဲရဲ့ ကျွန်ဖြစ်ခဲ့ရတယ်။

"အို ... ပဘာဝတီ အကယ်၍များ မင်းက ကျုပ်ကို ရယ်ရယ်ရွှင်ရွှင်နဲ့ တစ်ချက်မျှ ကြည့်တယ်ဆိုပါစို့။ ကျုပ်ဟာ စားတော်ကဲ ကျွန်အဖြစ်ကနေ ကုသမင်းအဖြစ် ပြန်ရောက်ရှိမှာပါ"

ပဘာဝတီ ခေတ္တမျှ တိတ်ဆိတ်သွား၏။ စိတ်ပျက်ခြင်း၊ အမျက်ထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းများ ဝဲကတော့ လှည့်နေသည့် အတွေးခံစားမှုများထဲ၌ အကြံတစ်ခု လက်ခနဲ ပေါ်လာသည်။ သင်း ဒီလောက် တပ်မက်ငြိစွဲလမ်းနေတာ မှသားဥပါယ်သုံးပြီး သင်းကို ဒီတိုင်းပြည် နေပြည်တော်က ထွက်ပြေးစေရမယ် ကုသမင်း။

"ဒီမှာ ကုသမင်း။ နိမိတ်ဖတ်သူတွေရဲ့စကားဟာ မှန်တယ်။ အကြွင်းမဲ့ မှန်တယ် ... သိလား။ ဘယ်လိုနိမိတ်စကားရှိသလဲ။ နားထောင်ကြည့်စမ်းပါ ကုသဘုရင်။ ကျုပ်ရဲ့ ခန္ဓာကိုကို ခုနစ်ပိုင်းဖြစ်အောင် ဖြတ်တောက်ခံရတယ် ထားဦး။ သင်ဟာ ကျုပ်ရဲ့ခင်ပွန်း ဘယ်တော့မှ ဖြစ်မလာနိုင်ဘူးတဲ့ ကြားလား"

"နိမိတ်စကားတဲ့လား ပဘာဝတီ။ ကျုပ်တို့ ကုသဝတီပြည်မှာလည်း နိမိတ်ဖတ်တတ်သူတွေက ပြောပါတယ်။ ခြင်္သေ့မင်း အသံနဲ့ တူတဲ့ အသံရှိသော ကုသမင်းမှတစ်ပါး ပဘာဝတီမှာ ခင်ပွန်းအရှင် မရှိနိုင်ပါပြီတဲ့"

ပဘာဝတီ၏ မျက်နှာသည် အရှက်ဖြင့် ပန်းနုသွေးသမ်းနေခဲ့ရာမှ နှင်းဆီနီအရောင်သို့ ပြောင်းသွားလေသည်။ ဒေါသလှိုင်းတို့ ရိုက်ခတ်သော ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



၌ ပဘာဝတီ အသံမဲ့စကား ဆိုလိုက်၏။ သင်း ရှက်အောင် ငါပြောလို့လည်း သင်း မရှက်၊ အရှက်အကြောက် ကုန်နေတဲ့ ဒီလူကို ငါ ဘယ်လိုလုပ်ရပါ့။ အို ပြောချင်လည်းပြော၊ မပြောချင်လည်းနေ၊ မင်းနဲ့ငါ ဘာကမှ မဆိုင်။

တံခါးရွက်ကို ချိုင်းခနဲ အသံပြင်းပြင်း ထွက်အောင် ဆောင့်ပိတ်လိုက်၏။

ကုသမင်းသည် သစ်သားမျှသာ ဖြစ်သော ထိုတံခါးရွက်တို့ကို သံကျိုးရင်တား၊ သို့နှယ်ထင်မြင်လျက် ခေတ္တမျှ စေ့စေ့ကြည့်ပြီးနောက် ထမ်းပိုးကို ထမ်းကာ ဆင်းသွားရလေသည်။

✸

**ခုတ္တာယ် အကူအညီတောင်းရခြင်း**

ချစ်သူကို မမြင်မတွေ့ရတော့။ မြင်တွေ့နိုင်သော အခွင့်အရေးလည်း မရှိတော့။ ပဘာဝတီသည် အဆောင်နန်းပြာသာဒ် တံခါးမှန်သမျှတို့ကို တင်းတင်းစေ့စေ့ မဖွင့်စတမ်း မဟာစတမ်း ပိတ်လိုက်လေပြီ။

စားဖိုဆောင်တွင် စားပိုသည် အလုပ်များကို တရစပ် မနားမနေ လုပ်ကိုင်ရသည်မှာလည်း ပင်ပန်းဆင်းရဲလှစွာ၏။ နံနက်အစောအစာကို ကမန်းကတန်း စားပြီးနောက် ပထမဆုံး လုပ်ရသော အလုပ်မှာ ထင်းခွဲရခြင်းပင် ဖြစ်သည်။ ထင်းတုံးများကို ထင်းခြမ်းများဖြစ်အောင် ခွဲ၊ ထင်းခြမ်းများကို မီးဆိုက်၍ သင့်ရုံထင်းစိတ်များ ဖြစ်အောင်ခွဲ။

ထင်းကိစ္စပြီးသည်နောက် ရေကိစ္စ။ ထမ်းပိုး တစ်ဘက်တစ်ချက်တွင် ချိတ်ဆွဲသော ရေပုံးများ အပြည့်ရေခပ် ရေငင်၊ ထို့နောက် စားပိုဆောင်အနီးမှ စဉ့်အိုးကြီးများ အပြည့် ရေဖြည့်၊ ရေကိစ္စပြီးသည်နောက်ကား များပြားလှစွာသော အကြီး၊ အလတ်၊ အငယ်အရွယ် အမျိုးမျိုး အိုးများ၊ ခွက်များ၊ လင်ပန်းများ၊ ပန်းကန်များ၊ ဇလုံများ၊ ဇွန်းများ၊ ယောက်ချိုများ၊ ယောက်မများကို ပြောင်မင်အောင် တိုက်ချွတ်ဆေးကြောသန့်စင်။

ထို့နောက် နံနက်အစောစာအဖြစ် ယာဂုကို ကျို၊ ယာဂုအိုးမှတစ်ဆင့်၊ ချိုင့်များထဲသို့ ထည့်၊ ထမ်းပိုးတွင် ချိတ်ဆွဲထမ်းယူပို့ဆောင် ခူးခပ်ကျွေးမွေး၊ ထို့နောက် နေ့လယ်စာအတွက် ခုတ်ထစ်ချက်ပြုတ်ကြော်လှော်၊ အိုးခွက် ပန်းကန်များ ဆေး၊ ညနေစာအတွက် ပြင်ဆင်စီမံ၊ ညနေစောင်းတွင် ထင်းခွဲ ရေခပ်၊ အိုးဆေး၊ ပြီးတော့ စားဖိုဆောင် သန့်ရှင်းရေး။



www.burmeseclassic.com

www.burmeseclassic.com



တစ်စက် တစ်မှေးမှ မနားရသော တစ်နေ့တာ ပြီးဆုံးသည်နှင့် ချုံးချုံးကျ နွမ်းနယ် ကုန်ခမ်းနေသည့် ခန္ဓာကိုယ်အား အိပ်စက် အနားယူစေရမည့် နေရာမှာလည်း ထမင်းအိုးတင်သော အင်းပျဉ်နံ။

အချစ်ကြောင့် ဖြစ်ပေါ်သော ရလဒ်ကား အဘယ်နည်း။

ဆင်းရဲပင်ပန်းခြင်း၊ ဒါပဲဖြစ်၏။

မိန်းမတည်းဟူသော အဆင်းရှင်ကို မှီ၍ ဖြစ်ပေါ်သော ရာဂသည် ဆင်းရဲပင်ပန်းခြင်းကိုသာ မွေးဖွားပေးချေသည်။ သို့သော် ချစ်ခြင်း ညွှန့်ဝယ်ကျွံနစ်သော ကုသမင်းအဖို့ကား ထိုဆင်းရဲခြင်းများကိုပင်လျှင် အချစ်အတွက် ရင်းနှီးရခြင်း၊ ပေးဆပ်ရခြင်းဟု နားလည်နေ၏။

ထိုနယ်သော ဆင်းရဲခြင်းများကို မမှုသော်လည်း ပဘာဝတီကို မြင်တွေ့ခွင့်မရတော့ခြင်း တည်းဟူသော အဖြစ်က ပို၍ ပူလောင်ရသော ဆင်းရဲဖြစ်လေသည်။

တစ်နေ့သောအခါတွင်ကား ပိန်းပိတ်သား မည်းမှောင်နေသော ကောင်းကင်တွင် လျှပ်တစ်ချက် ဝင်းပြက်လိုက်သည့်နယ်။

စားဖိုအိမ်တံခါးဝအနီး ဖြတ်သွားသည့် အထိန်းတော်ကြီး ခုဇ္ဇာကို တွေ့လိုက်ရ၏။ ကုသမင်းသည် ထင်းခွဲနေရာမှ ရုတ်ခြည်း ပြေးထ,ကာ လှမ်းခေါ်လိုက်သည်။

"ခုဇ္ဇာ အထိန်းတော်ကြီး ခုဇ္ဇာ"

ခုဇ္ဇာက တစ်ချက်လှမ်းကြည့်သည်။ သို့သော် ရပ်တန့်ရမည့်အစား ပို၍ သွက်သော ခြေလှမ်းများဖြင့် အသော့နှင်တော့သည်။ ခုဇ္ဇာ ရှောင်ထွက်မရနိုင်၊ ကုသမင်းက မြားတစ်စင်း အရှိန်အဟုန်မျိုးဖြင့် ခုဇ္ဇာ သွားမည့်လမ်းရှေ့မှ ပိတ်ဆို့ရပ်နေပြီးသား ဖြစ်သွား၏။

"ခုဇ္ဇာ ... ဘာကြောင့် ကျုပ်ခေါ်လိုက်မှ အသော့နှင်ရသလဲ"

"ဖယ်ပါ ... ဖယ်ပါ ကုသမင်း၊ ပဘာဝတီ မသိဘဲ ခုဇ္ဇာကြီး ဘာမှ မလုပ်ရဲပါဘူး။ သူ့ကို ကျွန်မ သိပ်ကြောက်ရပါတယ်"

"မဟုတ်ပါဘူး၊ ကျုပ်ပြောတာ တစ်ချက် နားထောင်ကြည့်ပါဦး ခုဇ္ဇာ"

"နားမထောင်ပါရစေနဲ့၊ မကြားဘူးလား ကုသမင်း၊ ခုဇ္ဇာကြီး သွားပါရစေ"

ကုသမင်းသည် ညိုးငယ်စွာဖြင့် နောက်သို့ တစ်လှမ်း နှစ်လှမ်း ဆုတ်လျက် လမ်းဖယ်ပေးလိုက်လေသည်။ ခုဇ္ဇာက ဆက်လျှောက်သွားမည်ပြုစဉ် ကုသမင်းထံမှ မသက်မသာ နာကျင်စွာသော ရေရွတ်သံကို ကြားလိုက်ရ၏။





"သြော် ... ခုဇ္ဇာရေ သူ့သခင်မ ပဘာဝတီပါ။ မာကြောတင်းခြတ်လှချည့်။ မဒ္ဒရာဇ်မြို့တော်မှာ အခုလောက်ကြာကြာ ငါနေပါလျက် ကျွန်းအာဝါ... အနာကင်းပါစေဆိုတဲ့ စကားလေး တစ်ခွန်းတောင်မှ မရ၊ အိမ်ရှင်တို့တာဝန်၊ လက်ဆောင်ပဏ္ဏာလေးပေးဖို့ဆိုတာတော့ ဝေးလာဝေး၊ သြော် ... သူတို့ တင်းမာစိမ်းကားနိုင်ကြဘိခြင်း"

လုံကောက် မြားချွန်စူးဝင်ခံရသော သားကောင်တစ်ကောင်နယ် ခရီးမဆုံ ညည်းတွားမြည်တမ်းသော အသံကြောင့် ခုဇ္ဇာ ခြေလှမ်းများ တုံ့သွားသည်။ ကုသမင်းကို တစ်ချက် လှမ်းကြည့်လိုက်သောအခါမှာလည်း သူ့အသွင်မှာ ထိုထိတွင်း၌ ဒဏ်ရာ ရထားသူ ပမာညှိုးချုံးလျက်။

ခုဇ္ဇာ သနားသွား၏။ ခြေလှမ်းများကို ရုံရပ်လိုက်သည်။

"ခုဇ္ဇာ"

"ပြောပါ ကုသမင်း"

"ပဘာဝတီကို နူးညံ့လာအောင် သင် တတ်နိုင်ကောင်းပါရဲ့"

ခုဇ္ဇာ မည်သို့မျှ ပြန်မပြော။

"တင်းမာခက်ထန်နေတဲ့ နှလုံးသားတစ်ခုကို အနည်းငယ်လောက်မျှ ပြေလျော့အောင် စွမ်းဆောင်နိုင်တဲ့သူ ဒီလောကမှာ မရှိတော့ဘူး ထင်ပါရဲ့"

ခုဇ္ဇာ နားစိုက်ထောင်ရင်း သနားလာ၏။

"ကုသဝတီပြည်ကြီးက ဘုရင်တစ်ပါးဆိုတာကို မေ့ထားစေချင်တယ် ခုဇ္ဇာ၊ အချစ်ကြောင့် ပူလောင်ကြေကွဲနေရသူ တစ်ဦးကို ကယ်တင်ခြင်းလို့သာ သင် သဘောထားစေချင်ပါတယ်"

သခင်မလေး ပဘာဝတီကို ကြောက်ရွံ့သော စိတ်အပေါ်သို့ ကုသမင်းအား သနားမိခြင်းစိတ်က ဖုံးလွှမ်းသွားလေသည်။

"ကုသမင်း ဘာပြောချင်ပါသလဲ"

"သူ့ကို နည်းနည်းလေး ဖြစ်ဖြစ် နူးညံ့ပျော့ပျောင်းလာအောင် သင် မတတ်နိုင်တော့ဘူးလား ခုဇ္ဇာ"

"တတ်နိုင်ကောင်းပါရဲ့"

ခုဇ္ဇာ၏ နှုတ်မှ အလိုအလျောက် ထွက်ကျသွားသည်။

ကုသမင်း၏ ဝေရီမျက်လုံးများ ချက်ချင်းပင် တောက်ပသွားသည် ထင်ရ၏။

"တကယ်လား ခုဇ္ဇာ၊ သင် တကယ်ပဲ တတ်နိုင်တယ်ဆိုရင်ဖြင့် သင့်ရဲ့ အမှုထမ်း ကျွန်ဘဝကနေ လွတ်လွတ်ကျွတ်ကျွတ် တော်လှန်လွတ်မြောက်နိုင်ရေးအတွက် အဖိုးထိုက်လှတဲ့ လည်ရွဲတန်ဆာ ကျုပ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခတ္တိယမျိုးနှင့် မင်းတို့ထံ၌ ကျွန်အစေအပါး အဖြစ် အမှုထမ်းရသည့် သုဒ္ဒကျွန်ဇာတ်မျိုးနွယ်တို့အဖို့ ဤအဖြစ်မှ လွတ်မြောက်ရေးဟူသည်ကား မမျှော်မှန်းဝံ့သော အရာစင်စစ် ဖြစ်လေသည်။ ခုဇ္ဇာသည် အထိန်းတော်ကြီးဟူသော အမည်နာမကို ရစေကာမူ ထိုအမည်နာမသည် တကယ်တော့ ကျွန်မိန်းမတို့၏ အကြီးအမှူးသာ ဖြစ်၏။ ထိုကျွန်အကြီးအမှူးဘဝမှ လွတ်မြောက်ရေးအတွက် ရှေ့နေတ်ရမည့် အဖိုးအခဆိုသည်မှာလည်း တစ်သက်တာ စုဆောင်း၍ပင် မလုံလောက်နိုင်၊ ကုသမင်း ပေးမည်ဆိုသည့် လည်ရွဲတန်ဆာဆိုလျှင်ကား –

"ကုသမင်း ... ပြောစရာရှိတာ ပြောပါ"

*

"နားထောင်စမ်း ခုဇ္ဇာ ပဘာဝတီက ကျွန်ုပ်ကို ကြည့်အောင် သင်ပြုစွမ်းနိုင်မယ်ဆိုရင် နောက်တစ်ဆင့် ကျွန်ုပ်ကို စကားပြောအောင်၊ နောက်တစ်ဆင့် ကျွန်ုပ်ကို ကြည့်စကားပြောပြီး ပြုံးရွှင်အောင် နောက်တစ်ဆင့် ရယ်မောအောင် နောက်တစ်ဆင့် ကျွန်ုပ်ကို သူ့လက်နဲ့ထိကိုင်အောင် သင် ပြုစွမ်းနိုင်မယ်ဆိုရင် သင့်ကို ရွှေစင်အတိပြီးတဲ့ လည်ရွဲတန်ဆာ ဆုချမယ်၊ ဂုဏ်ပြုမယ်၊ ကြားလား"

ခုဇ္ဇာနားထောင်ရင်း တစ်ချက်ပြီးတစ်ချက် ခေါင်းညိတ်၏။ စင်စစ်ရွှေစင်လည်ရွဲတန်ဆာတည်းဟူသော ဆုလာဘ်မတ်လုံးထက် ကုသမင်း၏ အလိုဆန္ဒနှင့် စကားတို့ကို ခုဇ္ဇာ မတွန်းလှန်နိုင်သောကြောင့် ခေါင်းညိတ်ဝန်ခံမိနေခြင်းဖြစ်သည်။ တစ်နည်းဆိုလျှင် ကုသမင်း၏ ဘုန်းအာဏာစက်ကို ခုဇ္ဇာ မပယ်ရှားနိုင်ခြင်းလည်း ဖြစ်လေသည်။

ခုဇ္ဇာ တက်ကြွစွာ ပြန်ပြောသည်။

"စိတ်ချလို့သာနေပါတော့အရှင်၊ နှစ်ရက် သုံးရက် အချိန်ပေးပါ။ အရှင်မင်းမြတ် အလိုတော်အတိုင်း ပြည့်ဝအောင် ကျွန်တော်မျိုးမ စွမ်းဆောင်ပါ့မယ်။ ပဘာအနေနဲ့ အရှင့်အလိုသို့ လိုက်ပါရစေမယ် အရှင်"

လူချင်းခွဲလိုက်ကြ၏။ ခုဇ္ဇာသည် ပဘာဝတီ၏ နန်းဆောင်တိုက်ခန်းသို့ ပြန်လာခဲ့သည်။ ပဘာဝတီကား အခြားသော နန်းဆောင်ခန်းတစ်ခုတွင် ရံရွေတော်များနှင့် အတူနေခိုက် ဖြစ်သည်။

ခုဇ္ဇာက နန်းဆောင်တိုက်ခန်းကို သန့်စင်ရှင်းလင်းလိုက်သည်။ မြူမှုန်ဖုန်မှုန့် တီကျစ်စာမျှ မကျန်ရအောင် သုတ်သင်သန့်ရှင်းသည်။ ထို့နောက် တံခါးခုံကို အခြားပြု၍ အမြင့်တစ်နေရာ အနိမ့်တစ်နေရာ အင်းပျဉ်ခင်းလိုက်သည်။ ထို့နောက်မှ ပဘာဝတီကို ခေါ်သည်။

ခုဇ္ဇာ၏ သေနင်္ဂဗျူဟာ

"သမီးလေး ပဘာ၊ ခုဇ္ဇာကြီး သန်းရှာပေးမယ်"

ခုဇ္ဇာ သန်းရှာသည်ကို ပဘာဝတီ အမြဲတစေလိုလား၏။ မနားတမ်းစကားပြောတတ်သော ခုဇ္ဇာသည် သန်းရှာရင်း၊ သန်းဥဆွဲရင်း၊ သန်းတုပ်ရင်းဖြင့် ဘယ်တော့မှ မရိုးနိုင်သော ပုံဝတ္ထုများကို အမျှင်မပြတ် တရစပ် ပြောတတ်သူ ဖြစ်လေသည်။ ခုဇ္ဇာ သန်းရှာ၍ ဆံပင်ရှင်းလင်းပေးသည်ကို ခံယူရသည်မှာ ညောင်းစိမ်တစ်ခုဟု ပဘာဝတီ မှတ်ယူလေသည်။

"သမီးလေး အဲဒီမှာ ထိုင် ဆံပင်တွေ ဖြန့်ချ"

အင်းပျဉ်ခုံနိမ့်တွင် ပဘာဝတီကို ထိုင်စေကာ ခုဇ္ဇာက အမြင့်ခုံတွင် နေရာယူလိုက်သည်။

"လှလိုက်တဲ့ ဆံပင်တွေ၊ သန့်လိုက်တဲ့ ဆံပင်တွေ၊ ထွေးအိနက်မှောင်နေလိုက်တာကလဲ ဘယ်မိန်းမသားမှာမှ ဒါမျိုးမရှိဘူး။ အင်း ... ဘာအမွှေးဆီမှ မလိမ်းကျံရဘဲ သင်းပျံ့နေတဲ့ ဆံပင်ရဲ့ ပင်ကို ရနံ့ကလဲ ... အား ... မွှေးလိုက်တာ၊ သင်းလိုက်တာ၊ သမီးလေး ပဘာတို့များ ဆံပင်တစ်ချောင်းချင်းကအစ လှရတာပါပေ့နော်"

"ကဲပါ ... ခုဇ္ဇာ၊ အဲဒီဆံပင်ချီးမွမ်းခန်းကိုပဲ ထပ်တလဲလဲ ပြောမနေနဲ့၊ ပုံဝတ္ထုပြောမှာ ပြော"

"အို ... ပြောမှာပေါ့ ပြောမှာပေါ့။ ဒီတစ်ခါတော့ ပုံဝတ္ထုထွင်မကဘူး ကဗျာလင်္ကာလေးနဲ့ တေးချင်းလေးနဲ့ပါ ဆိုညည်းအသုံးတော်ခံလိုက်မှာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ … ဟုတ်ပါပြီ ခုဋ္ဌာရယ်"

"အလိုလေးတော် … ဒါက"

ခုဋ္ဌာက အလန့်တကြား အာမေဋိတ် ပြုလိုက်သည်။

"ဘာဖြစ်လို့လဲ ခုဋ္ဌာ"

"သန်းတွေ … သန်းကြီးမတွေရော၊ သန်းဖျုတွေရော၊ သန်းဥတွေရော၊ ရှုရှုကို ပြေးလို့ ဖွေးဖွေးကိုလှုပ်လို့။ ဒီမိန်းကလေး ညစ်ပတ်လိုက်တာ၊ လူ့သလောက် ညစ်ပတ်တယ်"

"ဟင် … ပဘာ ခေါင်းမှာ သန်းတွေ ဟုတ်လား၊ ဘယ်မှာလဲ ပြ"

ခုဋ္ဌာက သန်းများကို လက်ဝါးပေါ် တင်ပြလိုက်၏။ ပဘာဝတီက ကြည့်ပြီး မသက်မသာ ညည်းညူသည်။

"ဟင် ဟုတ်ပါရဲ့၊ ပဘာ ဒါကြောင့် ခေါင်းယားပါကယ် ဖြစ်နေတာ ကြည့်ပါဦး"

ခုဋ္ဌာ မျက်နှာက မချိုမချဉ် ဖြစ်နေသည်။ ပဘာဝတီက အပိုးမသေသော ထိုမျက်နှာကြီးကို သတိထားလိုက်မိသည်နှင့် –

"ကြည့်စမ်း … ကြည့်စမ်း၊ ခုဋ္ဌာကြီး စိတ်ပုတ်တယ်။ အားကြီးညစ်တယ်၊ သူ့ခေါင်းထဲက သန်းတွေကို ပဘာဆံပင်ထဲ ထည့်ပစ်တာ မဟုတ်လား … သွား။ ပဘာမှာ သန်းမရှိဘူး၊ တော်ကြီးညစ်တာ"

ပဘာဝတီက ခုဋ္ဌာကို ဆွဲလိမ်၊ ထုရိုက်တော့သည်။ ခုဋ္ဌာ တဟားဟား တဟီးဟီး ရယ်လျက် ပဘာဝတီ၏ လက်များကို ရှောင်ရှင်း ယမ်းရင်း ဆုပ်ရင်း နှစ်ယောက်သား လုံးထွေးနေကြသည်။

"အောင်မလေး … ကြောက်လှပါပြီ ကလေးရဲ့။ နောက်ဆို ဒီလို မလုပ်တော့ပါဘူး။ အခုလဲ သန်းလေး ဆယ်ကောင်လောက်ပဲ ထည့်မိတာပါ။ ဟဲ့ … ဟဲ့ … ပဘာ … သမီး၊ ခုဋ္ဌာကြီး ယားပါတယ်၊ အလယ်လယ် ဆွဲဆိတ်တာ နာလိုက်တာ၊ လုပ်ကြပါဦးတော်"

ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ကျီစယ်ကြပြီးနောက်မှ –

"တကယ်ပါ၊ နောက်မလုပ်တော့ပါဘူး၊ ဒီတစ်ခါ ဆံပင်တွေကိုလဲ တကယ် ရှင်းပေးမှာပါ"

"တကယ်နော် … ပုံဝတ္ထုပြောတော့ တေးချင်းလင်္ကာဆိုတော့နော်"

ခုဋ္ဌာက တအင်းအင်း ညည်းကာ တူရိယာ ဂီတသံ တေးသွားသဖွယ် နှုတ်ဖြင့် ရွတ်လိုက်ပြီးမှ အသံနေအသံထားဖြင့် –

"နားဆင်ပါကွယ် ချစ်သမီးလေးရယ်၊ တစ်ခါက တိုင်းပြည်တစ်ပြည်ဝယ် ဘုန်းအာဏာ ကြီးမား ဘုရင်တစ်ပါးရှိပေတယ်။ ထိုဘုရင်မင်းတရား





ခွန်အား လက်ရုံး၊ ဘုန်းစက်ကြီးမားသော်လည်း သနားစဖွယ် အားငယ် ကံအကြောင်းမလှ ကရုဏာ သက်စရာ ဖြစ်ရလေတယ်"

ပဘာဝတီ ငြိမ်၍ နားစိုက်ထောင်နေ၏။

"ရာဇပုတ္တိ အရှင့်သမီးတော်တစ်ပါး သနားမညှာတယ်။ မုန်းတင်းစိတ်ပျိုး၊ မမုန်းငြိုးနဲ့ အမုန်းမိုးရွာသွန်းရက်လေတယ်။ သနားစဖွယ် ပြည့်ရှင်မင်းတစ်ပါး ဘုန်းရှင်ယောကျ်ားကောန်ဖြစ်လျက် စားဖိုဆောင်အတွင်း ဝင်ရှာလေတယ်။ စားဖိုဆောင်အတွင်း ဝင်ရှာလေတယ်၊ စားဖိုသည်အဖြစ်နဲ့ စီမံပြင်ဆင် အလှသခင် မဖုရားအား ပြုစုလုပ်ကျွေး ချစ်ရေးတွေးမျှော်ရရှာလေ၏။ အို … ထိုဘုရင်တစ်ပါး သနားစဖွယ် အမည်နာမ ကုသလို့ ခေါ်ပါတယ်"

"ဘာ"

ပဘာဝတီသည် ခုဋ္ဌာ ရှေ့မှ ရုန်းထွက်လိုက်၏။

"ဒါပုံဝတ္ထုလား၊ ဒါတေးချင်းလား သွားစမ်း။ ဒီအကြောင်းကို မကြားချင်ဘူး၊ တော်ကြီး ပဘာရှေ့က ခုထွက်သွား"

ပဘာဝတီ၏ မျက်နှာပြင်ဝယ် ဒေါသဖြင့် သွေးရောင်လွှမ်းနေ၏၊ မို့မောက်လှုပ်ရှားသော ရင်ထက် အမျက်ဒေါသလှိုင်းသံပိုးတို့ ထကြွလှုပ်ရှားနေသည်။

"ဒီနာမည်ကို ပဘာနားမှာ လေသံတောင် အဝေ့မခံချင်ဘူးဆိုတာ သိရက်နဲ့ တော်ကြီး ပြောဝံ့တယ်လား … ဒီမှာ"

ပဘာဝတီ စကားမဆုံးလိုက်။ ခုဋ္ဌာက ပန်းမှာကိုင်ကာ ပဘာဝတီကို တွန်းလှဲလိုက်သောကြောင့် ဖြစ်၏။ ခုဋ္ဌာ ထိုသို့ လုပ်လိမ့်မည်ဟု မည်သို့မျှ မျှော်လင့်မထားသည့် ပဘာဝတီမှာ အမျက်ဒေါသတို့ ရုတ်ခြည်းပျောက်ကွယ်ကာ အကြီးအကျယ် အံ့အားသင့်သွားသည်။

ခုဋ္ဌာ တမင်ပြုလိုက်ခြင်းပင် ဖြစ်၏။ ပဘာဝတီ၏ စိတ်လှုပ်ရှားမှုကို အရအမိ ယူနိုင်အောင် တစ်နည်းအားဖြင့် ပဘာဝတီ၏ စိတ်အနေ အားလျော့ချည့်နဲ့သွားအောင် ပြုလိုက်ခြင်းပင် ဖြစ်ပေသည်။

ကပိုကရိုပဲကျသွားသော ပဘာဝတီ ရှေ့မှ ဖြတ်လျက် ခုဋ္ဌာသည် တံခါးခုံကို ကျော်နင်းကာ တံခါးလှည့်ကြိုးကို ဆွဲလျက် ရပ်လိုက်သည်။ ထို့နောက် နန်းဆောင်တိုက်ခန်းအပြင် ထွက်လိုက်သည်။ ပဘာဝတီအား ခုဋ္ဌာနောက်သို့ မလိုက်နိုင်သဖြင့် တံခါးအတွင်းဘက်မှာပင် ရပ်လျက် ကျန်ရစ်ခဲ့၏။

ထို့နောက် အံ့ဩခြင်းနှင့်အတူပင် ကတုန်ကယင်း အမျက်ထိုဖြင့် –

"မပြောသင့် မပြောအပ်တဲ့ စကားပြောထွက်ရဲတဲ့ တော်ကြီးရဲ့ လျှာကို ဓားထက်ထက်နဲ့ ဖြတ်ပစ်ရမယ်၊ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကျုပ်ရဲ့ လျှာကို ဖြတ်မယ် ဟုတ်စ၊ အမယ်လေး ကလေးမ။ ဆုံးမခက်တဲ့ အသိခေါက်ခက် အဝင်နက်တဲ့ ကလေးမရဲ့ အဆင်းလှတယ်ဆိုတာ အချင်းနဲ့ မပေါင်းစပ်ရင်း အလာကားပဲ သိရဲ့လား"

"ဘာ ... ဘာပြောတယ်"

ခုဇ္ဇာ လိုချင်သော အနေအထားကို ရပေပြီ။ ပဘာဝတီ၏ စိတ်အနေသည် လှိုင်းထသော ပင်လယ်သမုဒ္ဒရာအပြင်သို့ ရှိချေပြီ။ အေးအေးဆည်ငြိမ်စွာ ပြောဆိုဖျောင်းဖျသိမ်းသွင်းရန် မရနိုင်သော ပဘာဝတီအား ဤနှယ်ပင် လှုပ်လှုပ်ရှားရှား ရှိစေပြီးမှ ခုဇ္ဇာ မရပ်မနား တရစပ် ပြောချလိုက်သည်။

"ပဘာဝတီ ကလေးမ၊ ရှင်မနဲ့ တဖက်ကင်းတဲ့ အဆင်းလှနဲ့၊ ကုသမင်းအပေါ် မမူလေးနဲ့ ကုသမင်းမြတ်ဟာ ကြီးမြတ်သော အာနုဘော်ရှိတဲ့ ယောကျ်ားကောင်းဖြစ်တယ်ဆိုတာကို နှလုံးသွင်းပါ။ ချစ်အပ်သော မြတ်နိုးအပ်သော အားကိုးအပ်သော မင်းယောကျ်ားလို့ နားလည်လိုက်စမ်းပါ"

"ကုသမင်းဟာ များစွာသော ပစ္စည်းဥစ္စာ အနှစ်သာရတို့နဲ့ ပြည့်စုံသူ။

ကုသမင်းဟာ ကြီးမားသော အားခွန်ဗလနဲ့ ပြည့်စုံသူ။

ကုသမင်းဟာ စည်ပင်ပြန့်ပွားသော တိုင်းနိုင်ငံကို ပိုင်ဆိုင်အုပ်စိုးသူ။

ကုသမင်းဟာ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းမှာ မင်းတကာမင်း၊ မင်းထက်မင်း ရာဇာဓိရာဇမင်းဖြစ်သူ။

ကုသမင်းဟာ ခြင်္သေ့မင်းရဲ့ အသံနဲ့တူသော အသံရှိသူ။

ကုသမင်းဟာ ခွန်အားပြည့်သလောက် သာယာသော အသံရှိသူ။

ကုသမင်းဟာ တစ်ခဲနက်သော အသံရှိသူ။

ကုသမင်းဟာ ပီသချိုမြတဲ့ အသံရှိသူ။

ကုသမင်းဟာ မင်းယောကျ်ားတို့ တက်အပ်သော အတတ်ပညာများနဲ့ ပြည့်စုံသူ။

ကုသမင်းဟာ ခတ္တိယမျိုးနွယ်စစ်စစ် ဩက္ကာရာဇ်မင်းမျိုးမှ ဖြစ်သူ။

ကုသမင်းဟာ သိကြားနတ်မင်းမှည့်ခေါ်သော သမန်းမြက်အမည်ရှိသူ။

ဆိုတာတွေကို ရှင်မ ကြပ်ကြပ် နှလုံးသွင်း ချစ်အပ်မြတ်နိုးအပ် အားကိုးအပ်သော မင်းယောကျ်ား ဖြစ်တယ်ဆိုတာ ရှင်မ နားလည်လိုက်ပါ"

ကုသမင်း ကုသမင်းဟူသော စကားလုံးကို အထပ်ထပ် အခါခါ ရေရွတ်ခြင်းဖြင့် ခုဇ္ဇာ၏ စကားတို့သည် ပို၍အင်အားရှိနေကြသည်။ အသံကို မြှင့်၍ ဟစ်ခြင်းဖြစ်သောကြောင့်လည်း နန်းတော်တိုက်ခန်းအတွင်း ခုဇ္ဇာ၏ အသံသည် ပဲ့တင်မြည်ကာ ပဘာဝတီထံသို့ မကြားမလပ် ရိုက်ခတ်သွားလေ၏။





ပဘာဝတီကား အလိုအလျောက်ပင် အင်အားနည်းသူအဖြစ် ရောက်သွား၏။ ဖျော့တော့သောအသွင် ညှိုးနွမ်းသောလေသံဖြင့်သာ "တော်ကြီး သိစေမယ်၊ တော်ကြီး သိစေမယ်" ဟု မပွင့်တပွင့် ရေရွတ်နိုင်သည်။

ခုဇ္ဇာက ဟပ်မံ၍ နှင့်နှင့်နဲနဲ ပြောချလိုက်သည်။

"ရှင်မ သိထားဖို့ သမီးတော် သိထားဖို့က အခု ကုသမင်း ဒီသာဂလပြည် ရောက်နေတယ်ဆိုတာ ခမည်းတော်မင်းတရားကြီး မသိသေးပါဘူး၊ ခုဇ္ဇာကလဲ မင်းတရားရှေ့နားတော်ရောက်အောင် သံတော်ဦး မတင်ပါဘူး။ ဒါပေမယ့် အခုတော့"

ခုဇ္ဇာသည် ပိုမိုလေးနက်စေအံ့သောငှာ ခေတ္တရပ်ပြီးမှ အသံကို တစ်မျိုးပြောင်းလျက် ပြောလိုက်လေသည်။

"ဒါပေမယ့် အခုတော့ ခုဇ္ဇာကြီးဟာ ယနေ့ပဲ မင်းတရားကြီး သိအောင် တင်လျှောက်လိုက်တော့မယ်"

"အို ... ခုဇ္ဇာရယ်၊ အဲဒီလို မလုပ်လိုက်ပါနဲ့၊ ပဘာ တောင်းပန်ပါတယ် ခမည်းတော်ကို မတင်လိုက်ပါနဲ့"

ပဘာဝတီ မမြင်အောင် ခုဇ္ဇာ တစ်ချက်ပြုံးလိုက်ကာ တံခါးခုံမှ ဆင်းလျက် ထွက်လာခဲ့လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

**ခုနစ်ပြည်ထောင် ရာဇဝင်**

ခုနစ်လတိုင်တိုင်ရှိခဲ့လေပြီ။

ကုသဝတီပြည်ကြီးနှင့်တကွသော မင်းစည်းစိမ်ကိုလည်းကောင်း၊ ခမည်းတော် မယ်တော်၊ ညီတော်နှင့် တကွသော တိုင်းသားပြည်သူအပေါင်းတို့ကိုလည်းကောင်း ပစ်ခွာစွန့်ပယ်ထားရစ်ခဲ့ကာ သာဂလပြည်သို့ ရောက်ရှိနေခဲ့သည်မှာ ခုနစ်လ တိုင်ခဲ့ပြီ။

ဤခုနစ်လအတွင်း ဘယ်လိုသော အကျိုးရလဒ်များ ဖြစ်ပေါ်ခဲ့ပါသနည်း။

တုပြိုင်ဖက်ကင်း၊ လှနိုင်လွန်းသူသည် သူ၏ အလှဂုဏ်နှင့် အမျှပင် မောက်မာခဲ့လေသည်။ အသွေးအရောင်၊ ရနံ့တို့ဖြင့် ပြည့်စုံသော ပန်းအလှများသော်မှပင် ပျားပိတုန်းတို့အတွက် ဝတ်ရည်ကို သိုဝှက်ခြင်း မပြုကြ၊ ဆူးခက်တို့ ခြံရံကြသည်ဆိုသော နှင်းဆီပန်းသည်ပင် လေအသင့်၌ ချိုမြသော သင်းရနံ့ကို ဖြန့်ဝေပေးသေးသည်။ အလှဆုံးဖြစ်သော ပဘာဝတီကား အဆိပ်လူးမြားကိုသာ ပစ်လွှတ်နေချေသည်။ သူ့အဆင်း သူ့ရနံ့ကို စိုးစဉ်းမျှ သူမမျှဝေ။

ချစ်သူထံမှ တန်ပြန်ရရှိသော အရာများကား မုန်းတီးမှု၊ ရွံရှာစက်ဆုပ်မှု၊ ကြိမ်းမောင်းရေရွတ်မှု၊ ထို့နောက် သူ့ကိုယ်သူ လုံခြုံစွာ ပုန်းကွယ်ကာ မိမိအား အဝေးအပသို့ လွှင့်နှင်ခြင်း။

လှပသော မျက်ဝန်းအိမ်များဆီမှ ခက်ထန်သော အကြည့်များကို ထုတ်လွှင့်၏။





လှပသော နှုတ်ခမ်းမြွာများဆီမှ ခုဋ္ဌာ ရန့်ရင်းသော အပြောများကို ထုတ်လွှင့်၏။

အလှဂုဏ်ဖြင့် မောက်မာသော နှလုံးသားဆီမှ မုန်းတီးမှုများကိုသာ အလျဉ်မပြတ် ထုတ်လွှင့်၏။ ချစ်သူ၏ အသည်းနှလုံးသည် သံတုံးသံခဲများပင် ဖြစ်နေလေသလား။ ယင်းတို့သည်လည်း သာမန်မျှမဟုတ်၊ မီးပြင်းလောင်စွာ တိုက်အပ်သော ဖိုပေါ်မှ ရဲရဲနီသော အလျှံတညီးညီး တောက်လောင်ပူပြင်းသော သံတုံးသံခဲများပင် ဖြစ်ကြပေလိမ့်မည်။

ချစ်ခြင်းတည်းဟူသော ကိလေသာတို့ အထပ်ထပ် ဖွဲ့နှောင်သည့် မိမိ၏ နှလုံးသားသည်ကော ဒဏ်ရာ အထပ်ထပ် စွဲထင်လေသော နှလုံးသား ဖြစ်ခဲ့လေပြီ။

ခုနစ်လ ... ခုနစ်လ။

အချစ်၏ စေစားမှု ဦးဆောင်မှု၊ ခေါ်ယူမှု၊ သိမ်းထုပ်မှုတို့ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါခဲ့မိခြင်း၏ အကျိုးရလဒ်ကား အဘယ်နည်း။ ဤခုနစ်လအတွင်း၌ ဆင်းရဲဒုက္ခ အပေါင်းတို့သည်သာ ထပ်ခါဆင့်ကဲ ကျရောက်ခဲ့သည်။ မည်သူကမျှ ယုံကြည်နိုင်ဖွယ် မရှိသည့်အဖြစ်သို့ သက်ဆင်းခဲ့ရသည်။ ပြည့်ရှင်မင်း စင်စစ်ဖြစ်ပါလျက် အိုးလုပ်သမား၊ ကျူထရံ ရက်သမား၊ စားဖိုသည်ထမင်းချက်ဘဝများတွင် ဖြတ်သန်းခဲ့ရသည်။ အအိပ်ဆင်းရဲ၊ အနေဆင်းရဲ၊ အစားဆင်းရဲ ထိုထိုသော ကာယိက ဒုက္ခက သရဖူဆောင်းပြန်သည်။

ယခုအခါ ပဘာဝတီကို မြင်လိုလျက်လည်း မြင်ခွင့်မရတော့။ သူ့အသံ ကြားလိုလျက်လည်း ကြားခွင့်မရတော့။ ချစ်သူသည် မုန်းတီးမှုကို ကျော်လွန်ကာ လျစ်လျူရှုခြင်း အဆင့်သို့ပင် ရောက်ရှိသွားခဲ့ပြီ။

အလွန်လျှင် ဒိုင်မာသော၊ ညှဉ်းဆဲသော၊ ရက်စက်သော ဤမိန်းမလှရှိရာ ဤသာဂလပြည်၌ ဆက်လက်နေထိုင်ရန် အကြောင်း မရှိတော့။

ကုသမင်းသည် နာကျင်ခြင်း၊ စိတ်အားလျော့ခြင်း၊ ညှိုးငယ်ဆုတ်ယုတ်ခြင်းများဖြင့် ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ငါ ကုသဝတီကို ပြန်တော့မယ်"

*

ဒေဝါမိပတိ သိကြားမင်း၏ ဒိဗ္ဗသောတ၌ ထင်မြင်လာ၏။

ဤကား ကုသမင်း၏ အကြံအစည် ဆုံးဖြတ်ချက်ပါတကား။

မိမိသည် သူ၏ မယ်တော်ကြီးအား ပုဏ္ဏားအသွင် ဖန်ဆင်းလျက် ဆောင်ယူခဲ့သူဖြစ်၏။ ထို့နောက် နတ်တို့ အတွေ့ဖြင့် မိန်းမောလျက် ဝင်လယ်ကသစ်ပင်ရင်း၌ စံစေခဲ့၏။ ထို့နောက် သီလဝတီ မိဖုရားကြီး သားဆုယူ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ လိုသော ဆုအတိုင်း ပြည့်စေလျက် သမန်းမြက်၊ နတ်ပုဆိုး၊ နတ်စန္ဒကူးနံ့သာ၊ ပင်လယ်ကသစ်ပွင့်၊ ကောကနာဒနတ်စောင်းတို့ကို ပေးအပ်ခဲ့၏။

'ကုသ' ဟူသော အမည်သည်ပင် မိမိနှင်းအပ်ခဲ့သော သမန်းမြက်ကို အစွဲပြုလျက် မှည့်ခေါ်ခဲ့ကြသည်ပင်။ ကုသဟူသော အမည်နာမဖြင့် ဘုန်းကံကြီးသော လူသားတစ်ယောက် ဖြစ်ပေါ်လာဖို့အရေးတွင် ဒေဝါဓိပတိ မိမိသည် လက်မှန်မဆွ မူလကနဦးကတည်းကပင် တာဝန်ယူလျက်ပါဝင်ခဲ့သည်။

ထိုကုသမင်း၏ အရေးအရာအားလုံးသည် မိမိနှင့် ဆက်စပ်နေလေသည်။

ကုသမင်းသည် ယခုအခါ အဘယ်သို့ ရှိချေသနည်း။

နတ်တို့၏ ထက်မြက်ဆန်းကြယ်သော သောတအစွမ်းဖြင့် သိကြားမင်းသည် ကုသမင်း၏ ဆုံးဖြတ်ချက်ကို ကြားသိလိုက်သည်။

အို ... သူ ကုသဝတီပြည်ကို ပြန်တော့မယ်ဆိုပါတကား။

ပဘာဝတီတည်းဟူသော မိန်းမလှကို အစွဲပြု၍ ကုသမင်းသည် စိတ်နှလုံးညှိုးရှုံးကာ၊ လက်လျှော့နောက်ဆုတ်ပြန်လည် ရုပ်သိမ်းဖို့ ကြံစည်ဆုံးဖြတ်ပေပြီ။

သို့နယ် မဖြစ်စကောင်း။

ကုသမင်း၏ ဘုန်းအာနုဘော်တို့ ထင်ရှားထွက်ပေါ်စေရန် အချိန်တန်လေပြီ။

ပဘာဝတီအား ကုသမင်း သိမ်းပိုက်နိုင်စေရမည်။ ထိုသို့ သိမ်းပိုက်ရာမှာလည်း သာမန်မျှသာ မဖြစ်စေသင့်၊ ကုသမင်း၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တို့ကို ဤဇမ္ဗူဒိပ်တွင် အံ့အဲ့သိမ့်သိမ့် ကြားသိမြင်တွေ့ကြစေပြီးမှ မင်းယောကျ်ားကောင်းအဖြစ်၊ ပဘာဝတီကို သိမ်းပိုက်စေရမည်။

အလှဆုံး မိန်းမသူတစ်ယောက်၏ အချစ်နှင့်တကွသော ဘဝအား၊ ဘုန်းအကြီးဆုံးမင်းယောကျ်ားက မည်သို့ ထိုက်တန်စွာ သိမ်းပိုက်ဆောင်ကြဉ်းမည်ဆိုသည်ကို တစ်လောကလုံး သိစေရမည်။

ဤအရာကား မိမိကိုယ်တိုင် စွမ်းဆောင်ရမည့် အရာပင်ဖြစ်သည်ဟု၊ သိကြားမင်း ကြံစည်လိုက်၏။

*

မဒ္ဒရပြည်သည် ကြွယ်ဝချမ်းသာသလို မဒ္ဒရမင်းကလည်း အာဏာစက် ထက်မြက်ကျယ်ပြန့်သူဖြစ်သည်။ မဒ္ဒရမင်းသည် မိမိ၏ ဇစ်အင်အား၊ မိမိ၏ တိုက်ရည်ခိုက်ရည်အတွက် အမြဲဂုဏ်ယူတတ်သူလည်း ဖြစ်သည်။ ထို့ကြောင့်





မိမိ၏ စွမ်းပကားကို ပြသနိုင်မည့် အခွင့်အရေးကိုလည်း အမြဲတမ်း မျှော်ကြည့်နေတတ်သည်။

ထိုမဒ္ဒရမင်းထံသို့ တစ်နေ့သောအခါ တမန်တော်တစ်ဦး ရောက်လာ၏။

"ကျွန်တော်မျိုး သာဂလပြည့်ရှင် ဘုရင် မဒ္ဒရာဇ်မင်းကြီးရဲ့ တမန်တော်ဖြစ်ပါတယ် ဘုရင်မင်းမြတ်"

"မဒ္ဒရာဇ်မင်းကြီးရဲ့ သမီးတော် ပဘာဝတီဟာ ကုသမင်းကို စွန့်ခွာပြီး သာဂလပြည်ကြီးကို ပြန်လည် ရောက်ရှိလာပါတယ် အရှင်။ ထိုသမီးတော်ကို အရှင်မင်းမြတ်ထံ ဆောင်နှင်းအပ်နှံလိုတဲ့အတွက် ပဘာဝတီအား သိမ်းပိုက်ရန် သာဂလပြည်သို့ ကြွရောက်ပါမည့်အကြောင်း ဖိတ်ကြားကမ်းလင့်ဝါကြောင်း တမန်စကား လျှောက်ကြားတင်ဝံ့ပါကြောင်း။"

ပဘာဝတီ ဟူသော အမည်ကို ကြားလိုက်သည်နှင့်ပင် မဒ္ဒရမင်းသည် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ အထောက်တော်များ၊ ကုန်သည်များထံမှ သာဂလဘုရင်၏ သမီးတော်အကြောင်းကို သိထားနှင့်သည်မှာ ကြာခဲ့ပြီ။ ပဘာဝတီ၏ တုဖက်ကင်းသော အလှကိုလည်း သိထားခဲ့ပြီးဖြစ်သည်။ သို့သော် ကုသဝတီပြည်မှ ကုသမင်းနှင့် အကြောင်းဆက်ကြသည်ဟု ကြားရသဖြင့် အမှုမဲ့ ထားရှိခဲ့သည်။

ယခုကား ပဘာဝတီသည် ကုသမင်းကို စွန့်ပစ်ခဲ့ပြီတဲ့။ မဒ္ဒရာဇ်မင်းကြီးသည် သူ့သမီးတော်အား ခုနစ်ပြည်ထောင် မင်းများအနက်မှ မိမိထံသို့သာ ဆောင်နှင်းအပ်နှံလိုကြောင်း ယခုလို တမန်တော်စေခြင်းကား မိမိ၏ ဘုန်းအာဏာကို ခံညားသဖြင့် ရွှေလမ်း ငွေလမ်း ဖောက်ခြင်းပင် ဖြစ်ချေမည်။

မဒ္ဒရမင်းသည် အတိုင်းမသိ ဝမ်းမြောက်သွား၏။ ဘုန်းအာဏာရှင်ထံသို့ သမီးချောရှိသူက ဤသို့ပင် အညွတ်အနူး မဟာမိတ်ပြုရသည်ပင်။ ပဘာဝတီကို သိမ်းပိုက်လက်ခံခြင်းသည်ကား ဇမ္ဗူဒိပ်၏ အလှဆုံးမိန်းမကို ပိုင်ဆိုင်ရခြင်းဖြစ်သလို မဒ္ဒရစက်ဘုန်းအာဏာ၏ အထွတ်အထိပ်ကို ပြရာလည်း ရောက်ပေသည်။

"ကောင်းလှပြီ တမန်တော်။ သင်တို့ မင်းကြီးကို ပြန်လည်ကြားသိဝါစေ"

ပဘာဝတီကို သိမ်းပိုက်ဖို့ ကျွန်ုပ် ရက်များ မကြာမီမှာပဲ၊ သာဂလပြည်ရှိရာ အရောက် ကြွလာတော်မူမည့်အကြောင်း ပြန်ကြားပါ"

"ဘုန်းတော်ကြောင့်ပါ အရှင်မင်းမြတ်"



www.burmeseclassic.com

www.burmeseclassic.com



"တမန်တော် ထွက်ခွာသွားပြီးလျှင် ပြီးချင်းမှာပင် မဒ္ဒရမင်းသည် စစ်အင်အား အစုံအလင် ခင်းကျင်း၍ သာဂလသို့ ကြွချီရန် အစီအမံများ ပြုလုပ်လေတော့သည်။

မဒ္ဒရမင်းသည် မိမိ၏ စစ်အင်အား မိမိ၏ ဘုန်းအာဏာအကြောင်းကို ကောင်းစွာ သိသူ ဖြစ်၏။ ထို့အပြင် ပဘာဝတီ၏ အလှဂုဏ်သတင်းကျော်စောမှုကိုလည်း ကောင်းစွာ သိ၏။

သို့သော် မဒ္ဒရမင်း လုံးဝမ သိနိုင်သော အချက်နှစ်ချက် ရှိ၏။

ယင်းကား –

မဒ္ဒရာဇ်မင်းကြီး၏ တမန်တော်အဖြစ် လာရောက်သွားသူသည် လူစင်စစ် မဟုတ်ဘဲ သိကြားမင်းက လူ့အသွင်ဆောင်ယူထားသူဖြစ်ကြောင်းနှင့် ထိုတမန်တော်သည် မဒ္ဒရမင်းထံ ဝင်ရောက်လျှောက်ကြားသော စကားများအတိုင်း အခြားသော ခြောက်ပြည်ထောင်မင်းတို့ကိုလည်း သွားရောက် လျှောက်ကြားခဲ့သည်ဟူသော အချက်နှစ်ချက်ပင် ဖြစ်လေသည်။

*

ရက်များ မကြာမီမှာပင် သာဂလပြည်နှင့် မနီးမဝေးလွင်ပြင်၌ ပြည်ခုနစ်ပြည်မှ ဘုရင် ခုနစ်ပါး၊ တပ်ကြီး ခုနစ်တပ်တို့ စုံညီစွာ တွေ့ဆုံကြသည်။ ဓဒဟာဘုရင်၊ အဝန္တိဘုရင်၊ ခေမာဘုရင်၊ မဂဓဘုရင်၊ အနုရာဓဘုရင်၊ တိဿဘုရင်နှင့် မဒ္ဒရာဘုရင်၊ ခုနစ်ပြည်ထောင်မင်းတို့ ထူးခြားစွာ ဆုံမိကြသည်။

"သင်တို့ အဘယ်ကြောင့် လာသနည်း" ဟူသော မေးခွန်းကို အချင်းချင်း မေးကြသည်။ တစ်ပါးနှင့်တစ်ပါး လာရောက်ကြခြင်း အကြောင်းကိစ္စကို မသိကြ၊ သို့သော် အပြန်အလှန် ဖြေကြသည့် အဖြေက တစ်မျိုးတည်း။

မဒ္ဒရာဇ်မင်းကြီး၏ ဖိတ်ခေါ်ပန်ကြားချက်အရ ပဘာဝတီကို သိမ်းပိုက်ရန်။

ခုနစ်ပြည်တောင်မင်းတို့၏ ခံစားမှုသည် တစ်ဦးတည်၊ တစ်ပြိုင်တည်း လိုလိုပင် ဖြစ်လေသည်။ အချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်ကာ ပြင်းစွာ အရှက်ရကြသည်။ ထို့နောက် အရှက်မှသည် အမျက်သို့ ကူးပြောင်းသွားကြသည်။ ရာဇမာန်နှင့် ယှဉ်သော ဒေါသ။

"သမီးတစ်ယောက်ကို ပြသပြီး ငါတို့ကို အရှက်ရအောင် ပြုတယ်။ မဒ္ဒရာဇ်မင်းဟာ ရိုင်းစိုင်းပြီး သေးသိမ်တဲ့ အကြံကြံတယ်။

ကျွန်ုပ်တို့ချင်း စစ်ခင်းစစ်မက် စစ်ပန်းကျ အင်အားချည့်နဲ့တော့မှ သင်းက ဧကရာဇ်ဘွဲ့ ခံချင်သလား။ ခုနစ်ပြည်ထောင် စစ်အပေါ်မှာ သင်က အကြံယုတ်နဲ့ အမြတ်ထုတ်ချင်သလား"





အရှက်နှင့် အမျက်တို့တွင် တူညီစွာ ဆုံးစည်းကြပြီဖြစ်သော ခုနစ်ပြည်ထောင်မင်းတို့သည် ဆုံးဖြတ်ချက်တစ်ခုကို မဆိုင်းမတွ တူညီစွာ ချမှတ်လိုက်ကြ၏။

"သာဂလပြည့်ရှင် မဒ္ဒရာဇ်မင်း သိစေရန်မှာ ငါ့အား သင့်သမီးတော် ပဘာဝတီကိုတည်း အပ်မည်လော သို့တည်းမဟုတ် စစ်ကိုတည်း ထိုးမည်လော"

ထိုစစ်ရာဇသံ ခုနစ်စောင်တို့အောက်ဝယ် ခုနစ်ပြည်ထောင်မင်းတို့သည် မိမိတို့၏ တံဆိပ်များကို အသီးသီး ခပ်နှိပ်ကာ မဒ္ဒရာဇ်မင်းထံ ပို့လွှတ်ပြီးနောက် သာဂလမြို့တော်ကို ဝန်းရံ တပ်ဖွဲ့လိုက်ကြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

**မဒ္ဒရာဇ်မင်း၏ ဆုံးဖြတ်ချက်**

စစ်ရာဇသံ ရောက်လာပြီး မဒ္ဒရာဇ်မင်းကြီးသည် ချက်ချင်းပင် စစ်ရေးညီလာခံခေါ်လိုက်၏။ ခုနစ်ပြည်ထောင်မင်းတို့ စစ်အင်အား ကိုယ်စီဖြင့် ဝန်းရံခြင်းခံရသော ဤအခြေအနေမှာ သာဂလပြည်၏ သမိုင်းတွင် တစ်ခါမှ မကြုံဖူးသော အန္တရာယ် ဖြစ်လေသည်။

စစ်ရေးညီလာခံ၌ သတ္တုန္တရကပ်၏ အငွေ့အသက်များ ဖုံးလွှမ်းနေပြီး တက်ရောက်လာသော မှူးမတ်သေနာပတိအားလုံးမှာလည်း စိုးရိမ် ထိတ်လန့်နေကြသည်။ အားလုံးက တစ်သံတည်း ထွက်ဆိုသံတော်ဦး တင်ကြသည့် စကားအချုပ်မှာ –

"ပဘာဝတီကို အကြောင်းပြု၍ ရောက်လာကြသော ခုနစ်ပြည်ထောင်မင်းတို့သည် ပဘာဝတီကို မရပါက မြို့တော်တံတိုင်းကို ဖြိုဖျက်၍ ဝင်လာကြမည် ဖြစ်၍ သာဂလပြည်အလုံး မီးဟုန်းဟုန်းတောက်၍ ပျက်စီးခြင်းတိုင်းလိမ့်မည်။ သာဂလပြည်သူအားလုံးလည်း အသက်ဆုံးကြမည်။ ထို့နောက် ခုနစ်ပြည်ထောင်မင်းတို့သည် တိုင်းပြည်မြို့နန်းကို အစိတ်စိတ် ခွဲ၍ သိမ်းပိုက်ကြလိမ့်မည်။ ဤမြေပေါ်ဝယ်၊ သာဂလဟူသော ဒေသသည် အမည်နှင့်တကွ ပျောက်ကွယ်သွားတော့မည်။ ထို့ကြောင့် သမီးတော် ပဘာဝတီအား ပေးအပ်လိုက်ရုံမှအပ အခြားလုပ်စရာ မရှိပြီ" ဟူ၍ ဖြစ်၏။

မဒ္ဒရာဇ်မင်းကြီးကား ကြောက်ရွံ့ခြင်းနှင့် အမျက်ဒေါသနှစ်မျိုးပေါင်းလျက် ထိုစကားကို ငြင်းပယ်လိုက်သည်။





"ဘယ်လို ပြောလိုက်ကြတာလဲ။ ပဘာဝတီကို ပေးအပ်ဖို့ ဟုတ်လား၊ ခုနစ်ပြည်ထောင်မင်းအနက် ဘယ်မင်းကို ပေးအပ်ရမှာလဲ။ ဝေဒဟာမင်းကို ပေးအပ်လိုက်၍ ကျန်ခြောက်ပြည်ထောင်က စစ်ထိုးမည်။ အဝန္တိမင်းကို ပေးအပ်လိုက်ရင်ကော၊ ခေမာဘုရင်၊ မဂဓဘုရင် မင်းတစ်ပါးပါးကို ပေးအပ်လိုက်ရင်တော့ ကျန်မင်းတွေ စစ်ထိုးကြမှာပဲ ဘယ်မင်းကိုမှ ပေးအပ်ဖို့ အခွင့်မသာဘူး"

ညီလာခံသည် ဆွံ့အသွား၏။ အဖြေမထွက်နိုင်သော ပုစ္ဆာကို ညည်းသို့မျှ မတွက်ချက်နိုင်တော့။

နောက်ဆုံးတွင်ကား မဒ္ဒရာဇ်မင်းကြီး၏ ဝမ်းခေါင်းသံကြီးက ပေါ်ထွက်လာသည်။

"ငါ့သမီးတော် ပဘာဝတီဟာ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ မြတ်သော ကုသမင်းကို စွန့်ပစ်ခဲ့သူဖြစ်တယ်။ တိုင်းပြည်အလုံး ပျက်သုဉ်းအောင် အရေးကို စတင်မီးမွှေးတဲ့ တစ်ဦးတည်းသော တရားခံဖြစ်တယ်၊ ဒါကြောင့် ဒီအရေးကို သူနဲ့ပဲ ရှင်းရမယ်"

အားလုံး တိတ်ဆိတ်စွာ နားစွင့်နေကြ၏။

"တောင်းဆိုသူက ခုနစ်ပြည်ထောင်မင်း၊ အတောင်းဆိုခံရသူက ပဘာဝတီ၊ မင်းတစ်ပါးကို မပေးသာတဲ့အဖြစ်မှာ ပဘာဝတီကို ခုနစ်ပိုင်း ပိုင်းပြီး ခုနစ်ပြည်ထောင်မင်းတွေဆီ ပို့ပေးလိုက်ကြ။ ဒါတစ်ချက်လွှတ် အမိန့်တော်ပဲ"

မဒ္ဒရာဇ်မင်းကြီးက စစ်ရေးညီလာခံ၌ ဤတစ်ချက်လွှတ် အမိန့်တော်ကို ထုတ်လိုက်ပြီဟူသော သတင်းသည် နန်းတော်အတွင်း ချက်ချင်း ပျံ့သွား၏။ အဆောင်တော်များအနက် ဤသတင်းအဦးဆုံး ရောက်သွားသည်ကား ပဘာဝတီ၏ နန်းတော်ပင်ဖြစ်လေသည်။

ပဘာဝတီ၏ မျက်နှာပြင်သည် သွေးဆုတ်ဖြူလျော်သွား၏၊ ထိတ်လန့်ခြင်း၏ အဆုံးစွန်ဝယ် ငိုကြွေးဖို့ သတိမရနိုင်တော့ဘဲ မယ်တော်ကြီးဆီသို့ အပြေးဝင်လေတော့သည်။

တစ်ချက်လွှတ် အမိန့်တော်ကို ကြားသိပြီးဖြစ်သော မယ်တော်ကြီးသည်လည်း ပဘာဝတီအား ကွဲကြေတုန်လှုပ်သော ရင်ဖြင့် ပွေ့ဖက်လိုက်၏၊ မယ်တော်နှင့် သမီးတော်တို့ တင်းကြပ်စွာ ဖက်ရင်း ဆတ်ဆတ်တုန်သော ပခုံးစွန်းများပေါ် ပါးအပ်ကာ သည်းထန်စွာ ငိုကြွေးကြလေသည်။

ပဘာဝတီကား ရှိုက်သံငိုသံဗလုံးဗထွေးဖြင့် ရူးသွပ်သွားသူလား မရပ်မနား မြည်တမ်းလေသည်။

"မယ်မယ် ပြစ်မျိုးမထုင် သန့်စင်စွာလုပတယ်ဆိုတဲ့သမီးရဲ့ ယောဒီမျက်နှာကို ခုနစ်ပြည်ထောင်မင်းတွေက တောတောင်အရပ်မှာ စွန့်ပစ်ကြတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်နူးညံ့လှပါတယ်ဆိုတဲ့ ဟောဒီ ဆံပင်တွေကိုလည်း သုသာန်သချိုင်းမှာ လင်းတငှက်တွေက ခြေနဲ့ကုပ်ဆွဲကြတော့မယ်"

"စန္ဒကူးနံ့သာနှစ် လိမ်းကျံတဲ့ ဟောဒီလက်တွေဟာလည်း ခုနစ်ပြည်ထောင်မင်းများ အပိုင်းပိုင်း ဖြတ်တောက်ပြီး တောအရပ်မှာ ပစ်ကြတဲ့အခါ ကျီးငှက်တွေက ထိုးဆိတ်ကြတော့မယ်။

"ဟောဒီ ကိုယ်လုံး ဟောဒီရင် ဟောဒီခါး၊ အို ... သမီးရဲ့ တစ်ကိုယ်လုံးဟာ အစိတ်စိတ်အမြွာမြွာဖြစ်၊ ခုနစ်ပြည်ထောင်မင်းတွေက စွန့်ပစ်၊ မြေခွေးတွေ၊ စွန်ရဲတွေ၊ သားစားသတ္တဝါတွေရဲ့ ထိုးကိုက်ဖဲ့ချေ စားသောက်တာကို ခံရတော့မယ်"

"မယ်မယ်ရယ်။ အသားအရေ၊ အကြောအမျှင် ကင်းမဲ့သွားပြီဖြစ်တဲ့ သမီး ရဲ့ အရိုးစုတွေကိုသာ လမ်းမမှာ သင်္ဂြိုဟ်လိုက်ကြပါတော့။ အဲဒီ သင်္ဂြိုဟ်ရာအရပ်မှာ ပန်းခင်းလေးတစ်ခင်းသာ စိုက်ပေးကြပါတော့။ အဲဒီပန်းခင်းက မဟာလေကားပွင့်လေးတွေ ပွင့်လာတော့မှသာ သာဂလ ဘုရင့်သမီးတော် ပဘာဝတီဆိုတဲ့ မိန်းမသူ တစ်ယောက်ဟာဖြင့် ဟောဒီလောကမှာ ရှိခဲ့ဖူးလေရဲ့။ သူဟာမဟာ လေကား ပွင့်အဆင်းနဲ့ တူလေရဲ့လို့ အောက်မေ့ရစ်ကြပါတော့ မယ်မယ်"

မယ်မယ်ကြီးကား ဆို့နစ်နေသဖြင့် မည်သို့မျှ စကားမပြောနိုင်တော့။ ထိုသို့ သမီး အမိ နှစ်ယောက်သား ပရိဒေဝ မီးတောက်များ၌ အလောင်ကျွမ်းခံနေရစဉ် မဒ္ဒရာဇ်မင်းကြီးကား သူသတ်ယောက်ျားပါးကွက်သားကို လွှတ်လိုက်ပြီဖြစ်၏။

"သခင်မကြီးဘုရား ထိပ်ထားလေးဘုရား ... သူသတ်ယောက်ျား လာနေပါပြီ။ ပုဆိန်နဲ့ ဓားတို့ကို စွဲပြီး နန်းတော်ဆီ လာနေပါပြီ" ဟူ၍ မောင်းမများက အပြေးအလွှားလာပြောကြသည်။ ထိုအခါမှပင် မယ်တော်ကြီးသည် အသိ သတိနှင့် ကိုယ်ကပ်မိလျက် ပဘာဝတီ၏ လက်ဖျားကို ဖယ်ရှားကာ ရာဇင်္ဂဏ်ကြွေကိုသော်မှ မငဲ့နိုင်တော့တဲ မပြေးရုံတမယ် ခြေလှမ်းများဖြင့် ထထွက်သည်။ မယ်တော်ကြီး သွားရာ အရပ်ကား မဒ္ဒရာဇ်မင်းကြီး ရှိနေရာသို့ ဖြစ်လေသည်။

မင်းကြီး ရှေ့ရောက်သောအခါ မယ်တော်ကြီးသည် ခြေရင်းတွင် ပစ်လှဲ၍ ငိုကြွေးရင်း တတွတ်တွတ် ပြောလေတော့သည်။

"အရှင် သမီးတော်လေးကို ပုဆိန်နဲ့ ခုတ်၊ ဓားနဲ့ဖြတ်ပြီး ခုနစ်ပြည်ထောင်မင်းတို့ကို ပေးတော့မှာပဲလား။ ဒါဟာ ဖခင်တစ်ဦးရဲ့ ဆုံးဖြတ်ချက်တဲ့လား။ ရာဇဝတ်သားကိုသော်မှ မစီရင်ဖူးတဲ့ ဒီအမိန့်တော်ကို သမီးတော်အပေါ်အရှင်ချမှတ်သတဲ့လား"





မဒ္ဒရာဇ်မင်းကြီးကား ခဏချင်းမှာပင် နှစ်ပေါင်းများစွာ အိုမင်းရင့်ရော်သွားသော အသွင်ရှိလေသည်။ သို့သော် ရာဇမင်းတို့၏ အနေကို မနိုင့်တနိုင်ဆောက်တည်လျက် အက်ကွဲသော အသံဖြင့် ဆို၏။

"မိဖုရားရဲ့ သမီးဟာ ဇမ္ဗူဒိပ်အပြင်မှာ မြတ်သော ကုသမင်းကိုအဆင်းမလှဆိုပြီး စွန့်ပစ်ခဲ့တယ်။ သူ စွန့်ပစ်ပြီး ပြန်လာတဲ့ခရီးမှာ မြေရာ မပျောက်စီးခင်မှာပဲ သေမင်းကို နဖူးနဲ့ ဆောင်ယူလာပြန်တယ်။ သူ့အဆင်းကို အမှီပြုပြီးသူ့ဘေးကို သူ ဖော်ထုတ်တာဖြစ်တယ်။ သူ့အလှနပါမှာ သူ့ရဲ့ သေခြင်းကိုတည်ဆောက်တာ ဖြစ်တယ်။ သူ ပြုခဲ့သမျှ အဝဝရဲ့ အကျိုးရလဒ်ကို သူခံစားစေရမယ်။ ကျွန်ုပ်ဟာ သာဂလပြည့်ရှင်မင်းအနေနဲ့ပဲ ဒီအမှုကို စီရင်တယ်။ ဖခမည်းတော် တစ်ယောက်အနေနဲ့ မကြည့်နိုင်ဘူး"

*

မယ်တော် မိဖုရားကြီးသည် မောင်တော် မဒ္ဒရာဇ်မင်းကြီး၏ ပြတ်သားခိုင်မာပြီးသော ဆုံးဖြတ်ချက်၊ အမိန့်နှင့် မြဲမြံသော စကားကို မည်သို့မျှ ရင်ဆိုင်၍ မရနိုင်တော့ကြောင်း သဘောပေါက်သွား၏။ ထိုအခါ မယ်တော်ကြီးအတွက် စကားပြောရမည့်သူမှာ ပဘာဝတီသာ ရှိတော့သည်။ ပဘာဝတီမှာလည်း အဆုံးစွန်သော တုန်လှုပ်ခြင်းဖြင့် ငိုကြွေးရန်ကိုလည်းကောင်း၊ စကားပြောရန်ကိုလည်းကောင်း မေ့လျော့ကာ ရှုံးရှုံးကျုလဲ့နွေလျက် ရှိလေသည်။

မယ်တော်ကြီးသည် ပဘာဝတီကို ပွေ့ဖက်လျက် သူရူးသဖွယ် စိတ်လွှတ် သတိလွှတ် မြည်တမ်းရင်း၊ သည်းနှင့်စွာ ငိုကြွေးလေသည်။

"သမီးလေး အသက်ချမ်းသာရေးအတွက် မယ်မယ် လျှောက်တင်တဲ့စကား၊ အသနားခံတဲ့စကား သူ့နားဝလေသံမှ မဟပ်လေဘူး။ ဒီတော့ မယ်တို့သမီး သွေးအလူးလူးနဲ့ သေမင်းဆီ လိုက်သွားရတော့မယ်။

"အကျိုးစီးပွား ရေရှည်မျှော်လို့ ပြောတဲ့စကားကို မလိုက်နာသူဟာ ပျက်စီးခြင်းအမျိုးမျိုးနဲ့ တွေ့ဆုံပြီး သူယုတ်အဖြစ်ကို ရောက်ကြရသတဲ့။

"သမီးမိုက်ရဲ့ မိုက်လှတဲ့ ပဘာဝတီရဲ့။ စိတ်အလိုမလိုက်ဘဲ ကုသမင်းကိုသာ ညည်းဆောင်ယူခဲ့ရင် အခုလို သေမင်းတိုင်းပြည်လိုက်ရမှာ မဟုတ်ဘူးသိရဲ့လား။ ကုသမင်းဆိုတာ အမျိုးဇာတ်ကလဲ မြင့်မြတ်၊ ဘုန်းအာဏာကလည်းကြီးမား။ သူတို့ ကုသဝတီမှာ စည်ကြီးကို တီးလိုက်ရင်ပဲ ဆင်ပြောင်ကြီးဟာကြိုးကြာသံနဲ့အလားတူသော အသံကို မြည်တတ်သတဲ့။ ဒီလို မြင့်မြတ်ခမ်းနားကြယ်တဲ့ တိုင်းပြည်ကို ညည်းစွန့် ဒီလိုဘုန်းသမ္ဘာရှင်ဘဲ့ရင်ကုသကို ညည်းစွန့်လို့ဒီကိုပြေးလာတယ်။ အခုတော့ ငါ့သမီး ပြေးဝင်ရာဟာ သာဂလပြည် မဟုတ်ဘူးသေမင်းတိုင်းပြည် ... သေမင်းတိုင်းပြည် ...



www.burmeseclassic.com

www.burmeseclassic.com



"အမိုက်မ ပဘာဝတီရဲ့။ စောင်းတော်ရှင် ကုသမင်း၊ ဆင်မြင်းအပေါင်းရဲ့ အရှင်သခင် ကုသမင်း၊ မြတ်ခြင်းတကာတို့ထက် မြတ်သော ကုသမင်းကိုမှ ညည်းစွန့်ပစ်ခဲ့သတဲ့လား။ ဘုန်းသမ္ဘာရှင် ယောကျ်ားကောင်းကို စွန့်ပယ်ပြီး သေမင်းကို ညည်းရွေးသတဲ့လား"

မယ်တော်ကြီးသည် ဗိုကြွေးမြည်တမ်းခြင်းများဖြင့် ဆို့နစ်ကာ မိန့်မောသွား၏။ ပဘာဝတီမှာလည်း မိခင်ကို သတိပြန်လည်လာအောင် ပြုစုဖို့ မေ့လျော့နေကာ ရုတ်တရက် ဆွံ့အသွားသူအလား မလှုပ်မရှား ရှိနေ၏။

မယ်တော်ကြီးသည် သတိလည်တစ်ချက် မလည်တစ်ချက် ရှိရင်းကပင် ဝမ်းခေါင်းသံကြီးဖြင့် ပီပီသသ ရေရွတ်လိုက်၏။

"အခုနေများ ဟောဒီပြည်မှာ ကုသမင်းသာ ရှိနေရင် ခုနစ်ပြည်ထောင်မင်းတွေရဲ့ ဘေးရန်ထဲကနေ ငါ့သမီးတော်ကို ဆွဲထုတ်ကယ်တင်နိုင်မှာမုချ။ ကုသမင်း ... ကုသမင်း ဘယ်ကို ရောက်နေမလဲ ဟင်"

ထိုအခါမှပင် ပဘာဝတီသည်လည်း သတိပြန်ဝင်ပြီး –

"မယ်မယ်ပြောတဲ့ ရန်အပေါင်းကို နှိမ်နင်းနိုင်မယ့် ဘုန်းသမ္ဘာရှင်မင်းမြတ် ကုသလေ။ သူ သာဂလပြည်မှာပဲ ရှိနေတယ်"

"ပဘာဝတီ သမီးလေး အကြောက်လွန်ပြီး ရူးသွပ်သွားပြီလား။ သေဘေးကို ထိတ်လန့်ရင်းနဲ့ သွေးရူးသွေးတန်း ပြောနေမိပြီလား။ ကုသမင်း သူ့ပြည်သူပြန်သွားပြီလေ။ သူ ဒီမှာ မရှိတော့ဘူး"

ပဘာဝတီသည် မယ်တော်ကြီး၏ လက်ကို ဆွဲကိုင်ပွေ့ဘူကာ ခြသေ့ံခံလေသွန်နန်းတံခါးဆီသို့ ခေါ်ယူခဲ့လေသည်။ ထို့နောက် နန်းတံခါးကို ဖွင့်လျက်

"ဟောဟို စားဖိုဆောင်ရှိရာသို့ ကြည့်လိုက်စမ်းပါ မယ်မယ်။ ပုဆိုးခါးတောင်းအောက်ပိုး ကျိုက်ပြီး အိုးခွက်တွေကို ဆေးကြောသန့်စင်နေတာဟာ ကုသမင်းမှ ကုသမင်းအစစ်ပါ"

မယ်တော်ကြီးသည် ကြီးစွာအံ့သြခြင်းဖြင့် ခေတ္တမှ မင်တက်မိနေပြီးမှ ပဘာဝတီအား တစ်သက်လုံးလုံး တစ်ခါမျှ မဆိုဖူးသော စကားလုံးများဖြင့် ပစ်ပေါက်တော့သည်။

"ဟဲ့ အမိုက်မ ပဘာဝတီ၊ ညည်းဟာ ဘုရင်သမီးတော်မှ ဟုတ်လေစ၊ ညည်း ဒွန်းစဏ္ဍားသမီးလား၊ အမျိုးကို ဖျက်ဆီးတတ်သူလားဟင်။ မဒ္ဒရာဇ်မင်းမျိုးနွယ် မင်းသမီးတစ်ပါးက ကိုယ့်လင်သားကို ကျွန်ပြုထားသတဲ့လားဟင်"

သွေးဆုတ်ဖြူလျော်နေသော ပဘာဝတီ၏ မျက်နှာသည် ချက်ချင်းပင် သွေးရောင်များဖြင့် နီမြန်းသွား၏။ ပြင်းထန်သော စကားလုံးများကို ကြား





လိုက်ရသဖြင့် ကြီးစွာ ရှက်ကြောက်သွားသည်၏ အခြားမဲ့၌ ပဘာဝတီသည် လုံးဝ ပြောင်းလဲခြားနားသွားခဲ့လေပြီ။

တုဖက်ကင်းအလှပေါ်မှာ မာန်မျက်နှာဖုံးသည်လည်း ကွာကျသွားလေပြီ။ ကုသမင်း၏ အဆင်းညှိုးမှိုင်းယုတ်နိမ့်ခြင်းတည်းဟူသော အချက်ပေါ်တွင် လွှဲမှားစွာ စိုက်ထူထားခဲ့သော အမုန်းအာဃာတ အရှက်၊ အကြောက်၊ အလိုတံခွန်များလည်း အပိုင်းပိုင်း ကြေသွားကြလေသည်။

ထိုအခိုက်မှာပင် မိမိကိုယ်တိုင် မသိခဲ့သော သဘောထားများသော ပဘာဝတီ၏ ရင်တွင်းမှ တစ်ဆင့် နှုတ်ခံတွင်းဆီသို့ ခုန်တက်ကာ ထွက်လျှံကျလာကြလေသည်။

"မယ်မယ်။ ဩက္ကာကရာဇ်မင်းရဲ့ သားတော် ကုသရာဇာမင်းမြတ်ဟာ သည်မျှသာမကသေးပါဘူး။ နှစ်သောင်းသော ဆင်တို့ကို အခါခပ်သိမ်း ထားစေတယ်။ နှစ်သောင်းသော ရထားတို့ကို အခါခပ်သိမ်း ကစေတယ်။ နှစ်သောင်းသော နို့ညှစ်နွားမများထံမှ အခါခပ်သိမ်း နွားနို့ရစေတယ်။ ဒီလို ကြီးကျယ်တဲ့ အင်အားများနဲ့ ပြည်စုံသောမင်းယောကျ်ားကို ကျွန်လို့ မယ်မယ်က ထင်သလား"

ပုဏ္ဏားတို့အား လှူဒါန်းခြင်း၊ ထို့နောက် ဆင် မြင်း ရထား အင်အားထို့နောက် အရေးပါလှသော နို့စားနွားမများထံမှ နွားနို့၊ မယ်တော်ကြီးသည် ပဘာဝတီ တရစပ်ပြောသွားသော စကားများထဲမှ ကုသမင်း၏ ကြီးကျယ်ခြင်းတို့ လှမ်းတွေ့လိုက်ရ၏။ ကျွန်ဟု ပြောသူမှာ မိမိ မဟုတ်၊ မိမိက ကျွန်ဟု မပြောခဲ့။ သမီးတော်အား "ကိုယ့်လင်သားကိုယ် ကျွန်ပြုထားသတဲ့လား" ဟုသာ ငေါက်ငမ်းခဲ့ခြင်း ဖြစ်သည်။ သို့သော် မိမိကပြောသလား မပြောသလားဆိုသည်ကိုပင် မဝေခွဲနိုင်တော့။ အကြောင်းမှုကား ပဘာဝတီသည် တစ်ချိန်လုံးလုံး ထိတ်လန့်ခြင်း၏ အထွတ်အထိပ်ဖြင့် ဖြူလျော်သွေးဆုတ်ကာ ကျောက်ရုပ်ပမာ အသက်ကင်းမဲ့နေရာမှ ယခုလို တက်ကြွလှိုက်လှဲစွာ စကားပြောလာသည့် အဖြစ်သို့ ရုတ်ချည်းပြောင်းသွားခြင်းကို အံ့သြသွားသောကြောင့် ဖြစ်၏။ ထိုအံ့သြမှု၏နောက်မှ ထက်ကြပ်လိုက်ပါလာသည်ကား ပဘာဝတီ ဤမျှ အခိုင်အမာ ပြောနေပြီဆိုကတည်းက စားဖိုဆောင်ဆီမှာ လှမ်းတွေ့လိုက်ရသူသည် ကုသမင်းစစ်စစ် ဖြစ်မည်ဟု ယုံကြည်လိုက်ခြင်းပင် ဖြစ်လေသည်။

မယ်တော်ကြီးသည်လည်း ချိုးခြောက်လဲကျနေသော ပန်းပင်တစ်ပင် ချက်ချင်း လန်းဆန်းစွင့်မတ်သွားသည့်နှယ် နေရာမှထကာ မဒ္ဒရာဇ်မင်းကြီးထံ ထွက်သွား၏။ ထို့နောက် မင်းကြီးကို ခေါ်ဆောင်လာလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်နွေတို့ သိသိပျက်ယွင်းကြပြီ ဖြစ်၏။

မဒ္ဒရာဇ်မင်းကြီးက စိတ်လှုပ်ရှားစွာ ဆိုသည်။

“ပဘာ ကုသမင်း သာဂလပြည်ကို ရောက်နေတယ်ဆိုတာ မှန်သလား”

“ခမည်းတော်ဘုရား သမီးတော်ရဲ့ စားဖိုသည်အဖြစ် ယခု နေထိုင်ခဲ့တဲ့အထိ တွက်စစ်ရင် ခုနစ်လ ရှိပါပြီ”

ဩဏ္ဍာကရာဇ်မင်းကြီး၏သား စားဖိုဆောင်တွင် စားဖိုသည်အဖြစ် နေထိုင်နေသတဲ့လား။ မဒ္ဒရာဇ်မင်းကြီးသည် သမီးတော်၏ စကားကို မယုံချေ။ ထို့နောက် အနီးမှ ခုဇ္ဇာအား မေးလိုက်၏။

“ခုဇ္ဇာ ... မယ်မင်းက ငါ့သမီးတော်အပါးမှာ တစ်ချိန်လုံး ရှိနေသူ၊ အခု သူ ပြောတဲ့အတိုင်း ဟုတ်သလား မဟုတ်ဘူးလား။ မှန်ရာတင် အလွဲဆိုရင် နေရာမှာပဲ အဆုံးစီရင်မယ်”

ခုဇ္ဇာက မကြောက်မရွံ့ တင်လိုက်သည်။

“ကျွန်တော်မျိုးမ အသက်ခန္ဓာကို ရင်းနှီးပြီး တင်ပါတယ် အရှင်။ ပဘာ ပြောတဲ့အတိုင်း အမှန်ပါ။ စားဖိုဆောင်မှာ ကုသမင်း ရှိနေကြောင်းပါ”

မဒ္ဒရာဇ်မင်းကြီးထံမှ မသက်မသာ ညည်းညူသံကြီးတစ်ခု မသဲမကွဲ ထွက်ပေါ်လာပြီးနောက် ရုတ်ချင်းပင် ပြင်းထန်စွာ ဝေါက်ငမ်းသံပေါ်လာ၏။

“အမိုက်အမဲမ ... ခွန်အားကြီး၊ အမျိုးမြတ်လှတဲ့ ကုသမင်းကို နင် မဖွယ်မရာ ပြုတယ်။ မသင့်မလျော် ဆက်ဆံတယ် မကောင်းတဲ့ ယုတ်ညံ့မှုကို နင် ပြုတယ်”

မဒ္ဒရာဇ်မင်းကြီးသည် အမျက်ဒေါသနှင့်တကွ စိတ်လှုပ်ရှားမှုများကို ထိန်းချုပ်လိုက်ပြီးနောက် –

“အင်း ... ခုချိန်ဟာ ပြစ်တင်ဝေါက်ငင်းစကားဆိုကြရမယ့် အချိန် မဟုတ်ဘူး။ အရေးတော်ကိုသာ ရှင်းလင်းရမယ့်အချိန် မှူးမတ်သေနာပတိများ အားလုံးစု၊ ကုသမင်းရှိနေတဲ့ စားဖိုဆောင်ကို ငါ အခုသွားမယ်”

ဆေးကြောလက်စ အိုးခွက်ပန်းကန်များအကြားတွင် ဖွဲပြာများ ရေစက်ရေစများ အလူးလူး အစိုစိုဖြင့် ရပ်နေသော ကုသမင်းရှေ့တွင် မဒ္ဒရာဇ်မင်းကြီးသည် ရပ်လျက်ပင် လက်အုပ်ချီလိုက်၏။

“မြတ်သော ကုသမင်း၊ ကျွန်ုပ်တို့၏ အပြစ်ကို သည်းခံတော်မူပါမင်းမြတ်။ သာဂလပြည်သို့ မထင်မရှားနဲ့ ရောက်ရှိနေတာကို ကျွန်ုပ်တို့ မသိခဲ့ကြပါ”

မဒ္ဒရာဇ်မင်းကြီး လက်အုပ်ချီ၍ တောင်းပန်စကားဆိုခြင်းသည် အဘယ်မျှသော ကြီးကျယ်သော ကျိုးနွံခြင်းပေနည်း။ ကုသမင်း သိလိုက်၏။





မှူးမတ်သေနာပတိများကား စားဖိုဆောင်ကြမ်းပြင် မြေပြင်တွင် နဖူးတိုက်ရှိခိုးလျက်။

ကုသမင်း ဆင်ခြင်နှလုံးသွင်း၏။ မိမိက ဤအချိန်ဝယ် တင်းမာသော စကားကို ဆိုလိုက်လျှင် မဒ္ဒရာဇ်မင်းကြီးမှာ နှလုံးကြေကွဲကာ ဓား၊ ဝက်သစ်ရွက်ပိုင်းဖြတ်အပ်သော ငှက်ပျောပင်နှယ် တုံးခနဲ လဲကျသွားမည်မှာ မုချ၊ ထို့ကြောင့်

“အရှင်မင်းမြတ် ကျွန်ုပ် စားဖိုသည်ဖြစ်နေရခြင်းဟာ လျှောက်ပတ်ကျောက်ကန်ခြင်း လုံးဝ မရှိဘူးဆိုတာ ကျွန်ုပ်နဲ့တကွ အားလုံးနည်းလည်ကြပါတယ်။ အရှင်မင်းကြီးမှာသာ နှလုံးချမ်းမြေ့ ကြည်လင်ပါစေ အရှင်မင်းကြီးတို့မှာ အပြစ်လုံးဝ မရှိပါဘူး”

မဒ္ဒရာဇ်မင်းကြီးသည် မျက်လွှာအစုံကို ပိတ်လိုက်မိလေသည်။ စောင့်တယ် မဖွယ်ရာသော အရာခပ်သိမ်းတို့ကို မျက်လုံးများသည် ကြည်လင်တောက်ပနေကြသော ကုသမင်း၏ ခွင့်လွှတ်ခြင်းကို ရိုမြင်နိမ့်စွာ သောက်သုံးနေလေသည်။

“မင်းမြတ် ပြာသာဒ်နန်းဘုံဆောင်ထက် တက်စံတော်မူပါ၊ ရှုကြီးများက သမီးတော် ပဘာဝတီကို ကျွန်ုပ် အမိန့်တော်နဲ့ ဆင့်ခေါ်ပြီး ပြာသာဒ်ဘုံဆောင်သို့ အခစားဝင်ဖို့ အမြန်စီစဉ်ကြ”

ကုသမင်းက ထူထဲသော နှုတ်ခမ်းတွဲကြီးများကို ပြန့်ကားသွားစေသည်အထိ ပြုံးလျက် –

“ကျွန်ုပ်အနေနဲ့ ယခုရှိနေတဲ့ စားဖိုသည် အမှုလုပ် အဝတ်အစားများနဲ့ပဲ ပြာသာဒ်ဆောင်ထက် တက်မယ်ဆိုရင် အရှင်မင်းကြီး သဘောတော် မညီစရာ မရှိဘူး ထင်ပါယတ်”

မဒ္ဒရာဇ်မင်းကြီး ခေါင်းညိတ်လေသည်။

အထိန်းတော်ကြီး ခုဇ္ဇာ၏အသံသည် နန်းဆောင်ထဲ၌ စီစီညံနေလေသည်။

“ဟဲ့ ကိုယ်လုပ်တော်တွေ၊ မောင်းမတွေ ညည်းတို့ရဲ့ အကောင်းဆုံး ဝတ်စုံတွေဝတ် အလှဆုံးပြင်ကြစမ်း။ ဟဲ့ ... ဟဲ လက်ဝတ်ရတနာတွေလဲ အပြည့်အစုံ ဆင်ယင်ခဲ့ကြ ကြားလား”

“ပဘာ ... ပဘာ သမီး။ အို ... ဘယ်ဟာမက ဒီဝတ်စုံတွေကို ထုတ်ယူလာရတာလဲ။ အနီ၊ အပြာ၊ အစိမ်း၊ ကြက်သွေး၊ ပန်းနု၊ ခရမ်း သွားစေး၊ အဲဒါတွေ ပြန်ယူသွား။ အဖြူ ... အဖြူရောင်ဟဲ့။ ဘုန်းရှင် သမ္မာရှင် ကုသမင်းရှင်ကြီး ရှေ့မှောက်ဝင်ရမှာ။ ပြီးတော့ ကိုယ်လွန်ခဲ့သမျှ ဆိုးခဲ့သမျှကို ဝန်ချတောင်းပန်ရမယ့် ဥစ္စာကို ဒီအချိန်မှာ အကုန်ဆင်။ ဟဲ့ ... ဟဲ့ ... နေဦး လည်ဆွဲလက်ဝတ်တွေ ညွတ်နေအောင် မဆင်ရဘူး။ ပုလဲပုတီးလေး၊ လည်မှာဆွဲ၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ငါ့သမီးက ရှင်းရှင်းလေးနဲ့ ညှိုးညှိုးငယ်ငယ်လေး လှနေရမှာ။ ဟဲ့ ... လုပ်ကြစမ်းပါဟဲ့ မြန်မြန်"

*

အတင့်အတယ် ဝတ်စားဆင်ယင်လျက် ညီမတော်များ၊ ကိုယ်လုပ်မောင်းမများ ခြံရံကာ စားဖိုဆောင်ဆီ ရောက်ရှိလာသော ပဘာဝတီကို ကုသမင်းသည် မမြင်ယောင်ပြုလိုက်၏။ ပဘာဝတီတို့ စားဖိုဆောင် အဝတွင် ယို့ယို့ရပ်နေကြစဉ် ကုသမင်းသည် ခပ်ထားသော ရေအိုးများကို စောင်းသွန်ချလိုက်လေသည်။ ထို့နောက် ရေအပြည့် ပြန့်သွားသော မြေတလင်းကို ညွှန်ပျောင်းဖြစ်အောင်နင်းနယ်ပစ်လိုက်သည်။ ပဘာဝတီ ရပ်နေသော နေရာနှင့် ကုသမင်းရှိသော နေရာအကြား၌ နွံတလင်းပြင်အတိ ဖြစ်သွားလေသည်။

ပဘာဝတီသည် ထိုနွံတလင်းပြင်ထက်သို့ မြေဝတ်မပါ။ ပလာဟင်းလင်းသော ခြေဖဝါးအစုံတို့ဖြင့် နင်းဖြတ်လျက် ကုသမင်းခြေရင်းအရောက်တွင် တုပ်ဝပ်ရိုကျိုးစွာ ထိုင်ချလိုက်၏။ ထို့နောက် လက်အုပ်ကြာပဒုံကို ရင်အုံရှေ့တွင် မိုးချီစေပြီး ...

"အရှင်မင်းမြတ် အရှင်နဲ့ ကင်းကွာလျက် ကျွန်တော်မ ပဘာဝတီ ဖြတ်သန်းကုန်ဆုံးခဲ့ရတဲ့ ညပေါင်းဟာ ခုနစ်လတိုင် ရှိခဲ့ပါပြီ။ ရထားစီးချင်း၊ မင်းတကာတို့ထက် မြတ်သော အရှင်။ အရှင့်ခြေတော်အစုံတို့ကို ကျွန်တော်မ ပဘာဝတီ ဦးတိုက်ရှိခိုး အပ်ပါပြီ။ အမျက်ထွက်တော် မမူပါနဲ့ အရှင်။ ခွင့်လွှတ်ခြင်းကို ပေးတော်မူပါ"

ဟု နည်းကျစွာ ရှေ့တက်ကာ ရွံ့အလိမ်းလိမ်း ရေအစိုစိုရှိလေသော ကုသမင်း၏ ခြေဖမိုးထက်သို့ နဖူးလက်အုပ်တိုက်ထိ ရှိခိုးလေသည်။ ကုသမင်းကား ခြေကိုလည်း မရုတ်သိမ်း စကားလည်း တုံ့မဆို။

ပဘာဝတီ ပြောပြန်၏။

"အရှင်မင်းမြတ် ကျွန်တော်မ ပဘာဝတီဟာ အရှင်မနှစ်သက်အပ်တဲ့ အရာများစွာ ပြုမိမှားခဲ့ပါတယ်။ အလုံးစုံသော အပြစ်တို့ကို ပဘာဝတီ ဝန်ခံပါတယ်။ နာတော်မူပါ အရှင်မင်းမြတ်။ ကျွန်တော်မ ပဘာဝတီဟာ နောက်နောင်တစ်ဖန် အရှင် မနှစ်သက်အပ်သော အမှုတို့ကို မပြုဝံ့တော့ပါ"

"ဤသို့ ဤရွေ့ ဝန်ခံတောင်းပန်သော စကားတို့ကို အရှင်မင်းမြတ်က လက်ခံ သိမ်းဆည်းခြင်း မရှိဘူးဆိုရင် ကျွန်တော်မ ပဘာဝတီကို သတ်၊ ခုနစ်ပိုင်းပိုင်းပြီး ခုနစ်ပြည်ထောင်မင်းတို့ထံ အပ်နှင်းလိုက်ပါတော့မယ် အရှင်"

မင်းအပြစ် မင်းသိပြီလား ပဘာဝတီ ဟူသော စကားလုံးများက ကုသမင်း၏ နှုတ်ဖျားသို့ တိုးဆောင့်လာကာ လွှင့်ထုတ်ပြောဆိုမိမတတ် ဖြစ်သွား၏။





သို့သော် နာကျည်းမှုကို သတိဖြင့် ဖမ်းယူကာ ချက်ချင်းဆင် ရှုတ်ချလိုက်ပြီး "ငါ အဲဒီလို ပြောလိုက်ရင် ပဘာဝတီဟာ နေရာမှာပဲ နလုံးကွဲ သေသွားနိုင်တယ်။ သူ့ကို ငါချစ်ခဲ့ ချစ်ဆဲပဲ မဟုတ်လား၊ ယောကျ်ားတို့ရဲ့ မာနနဲ့ အဝင်ဝတ်တွေရဲ့ အာဃာတကို ချေဖျောက်ပြီး ချစ်သူတို့ နှလုံးသား ယောကျ်ားကောင်းစိတ်နဲ့ ငါ သူ့ကို သက်သာရာရစေမယ်" ဟု တွေးတော ဆုံးဖြတ်လိုက်လေသည်။

ဤသို့ဖြင့် ကုသမင်းသည် တင့်တယ်စွာသော အသံဝါကြီးဖြင့် တေား ပြန်ဆို၏။

"ကောင်းခြင်းငါးဖြာနဲ့ ပြည့်ဝတဲ့ ပဘာဝတီ။ ဘာကိုမှ ကြောက်ရွံ့နိုး ထိတ်စရာ မလိုပါ။ ကျွန်ုပ် သင့်ကို အမျက်မထွက်ပါဘူး။ ထွက်ခဲ့သည်ဆိုသော် ထိုအမျက်ကို ကျွန်ုပ် သိမ်းဆည်းပပျောက်အောင် ပြုလိုက်ပြီး သင့် တောင်းပန် စကားကို ကျွန်ုပ် လက်ခံပါတယ်"

"ရာဇပုတ္တ သမီးတော် ပဘာဝတီ။ သင့်အပြစ် ဝန်ခံစကားများကို ကျွန်ုပ် နားလည်စွာ ခွင့်လွှတ်လိုက်ပြီး ကျွန်ုပ်ကလည်း သင်မနှစ်သက်အပ်သည် များကို မပြုတော့ပြီ။

"အလှဘုရင်မ ပဘာဝတီ။ များစွာသော မဒ္ဒရာဇ်မင်းအပေါင်းအဖွဲ့ကို သုတ်သင်သတ်ဖြတ်ပြီး သင့်ကို ကျွန်ုပ် ဆောင်ယူနိုင်စွမ်းရှိတယ်။ သို့သော် ချစ်ခင်လိုလားစိတ်နဲ့ များစွာသော ဒုက္ခဆင်းရဲကို ကျွန်ုပ် သည်းခံခဲ့ပါတယ်"

ကုသမင်း၏ ခြေအစုံထက်၌ ငိုက်ကာ အပ်ထားသော ပဘာဝတီ၏ မျက်နှာသည် တဖြည်းဖြည်း မော့၍လာ၏။ ထိုမှ မျက်နှာပြင်မှ မျက်လုံးအိမ်များ တွင် မျက်ရည်များသည် ဝန်းဖွဲ့နေကြသဖြင့် အတောက်ပဆုံးဖြစ်နေတော့သည်။

ကုသမင်းက ပဘာဝတီ၏ ပခုံးနှစ်ဖက်ကို အသာအယာ ဖမ်းဆုပ်၍ ထိုင်ရာမှ ထစေလိုက်သည်။ အကျည်းတန်လှသော မျက်နှာတစ်ခုနှင့် အလှပဆုံး မျက်နှာတစ်ခုတို့သည် ထူးခြားစွာ ပါးချင်းအပ် ပေါင်းဆုံနေကြသည်။

ပဘာဝတီ၏ မျက်ဝန်းအိမ်တွင် ဝန်းဖွဲ့နေကြသော မျက်ရည်များ ပါးပြင်ထက်သို့ လိမ့်ဆင်းလာချိန်မှာပင် ကုသမင်း၏ ဟစ်အော်ကြွေးကြော်သံသည် သာဂလမြို့၏ စားဖိုဆောင်မှနေ၍ မိုးနဘာသို့ ရိုက်ချုန်းတော့မည့်အလား ထွက်ပေါ်လာလေသည်။

"ငါ ကုသမင်း ထင်ရှားရှိလျက် ငါ့မိဖုရား ငါ့ကြင်ယာ ပဘာဝတီကို ဆောင်ယူသွားတဲ့ ဘုရင်ဆိုတာ ရှိနိုင်မှာတဲ့လား။ ခုနစ်ပြည်ထောင်မင်းတို့ကို ငါ အရှင် ဖမ်းမယ်။ ငါ့အတွက် ရထား က ကြ"

ထိုသို့ ဟစ်ကြွေးပြီးမှ ကုသမင်းသည် ပဘာဝတီအား –



www.burmeseclassic.com

www.burmeseclassic.com



"ချစ်နှမပဘာ ... ပြန်သွားပြီး ရေချိုးသန့်စင် ကောင်းစွာ ပြင်ဆင်ပြီး ပြာသာဒ်ထက် တက်နှင့်" ဟု လွှတ်လိုက်၏။

ပဘာဝတီ ထွက်ခွာသွားပြီးနောက် ကုသမင်းသည် စားဖိုဆောင်မှ ထွက်ကာ –

"အချင်းတို့ ရဲမက်တို့ စစ်သူရဲတို့။ အကောင်းဆုံး၊ အရဲဝံ့ဆုံး စစ်မြင်းတွေကို စစ်ရထားမှာက ကြ၊ ကုသရာဇရဲ့ အစွမ်းကို သင်တို့ မကြာခင် မြင်ကြရတော့မယ်" ဟု ဟစ်ကြွေးပြန်သည်။

*

မဒ္ဒရာဇ်မင်းကြီး၏ အမိန့်ဖြင့် စားဖိုအိမ်တံခါးဝမှပင်လျှင် တင်းတိမ်ကာရံလိုက်ကြ၏။ ထို့နောက် ဆေတ္တာသည်များကို လွှတ်ကာ ကုသမင်းအား ဆံမုတ်ဆိတ်များ ရိတ်သိမ်း၊ ဦးခေါင်းထက်မှ ရေတော်စင်များ သွန်းချ ရေချိုးပေးကြသည်။ ထို့နောက် စစ်ပွဲဝင် ချပ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ ကုသမင်းသည် မှူးမတ်ဗိုလ်ပါများ ခြံရံလျက် ပြာသာဒ်ထက်သို့ တက်၏။ ပြာသာဒ်ပေါ်မှနေ၍ အရပ်လေးမျက်နှာသို့ လှည့်ကြည့်ကာ –

"ငါ ကုသမင်း" ဟု ကြွေးကြော်လေသည်။

ထိုအကြည့် ထိုကြွေးကြော်သံမှုဖြင့်ပင် အရပ်လေးမျက်နှာတို့ တုန်လှုပ်သွားကြတော့သည်။ မကြာမီမှာပင် မဒ္ဒရာဇ်မင်းကြီး ပို့လွှတ်လိုက်သော ထီးဖြူနိုက်ဆောင်း၊ ဆင်ဖြူတော် ရောက်ရှိလာပြီး ကုသမင်းသည် ဆင်ဖြူတော်ကျောက်ကုန်းထက် တက်လေသည်။ ဆင်ဖြူတော်ပေါ် ရောက်သည်နှင့် ပဘာဝတီကိုလည်း အခေါ်ခိုင်းလိုက်ကာ မိမိ၏ နောက်တွင် နေရာယူစေသည်။

ထို့နောက် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်၊ စစ်သည်အပေါင်းတို့ကို အခြံအရံ ပြုလျက် ရှေ့နောက် ဝဲယာ လိုက်ပါစေလျက် မြို့၏ အရှေ့တံခါးဝမှ ထွက်လာသည်။

ခုနစ်ပြည်ထောင်မင်းတို့ တပ်ကြီးများ စွဲချရာ စစ်မြေပြင်သို့ ရောက်ခဲ့လေပြီ။ ကုသမင်းသည် ထိုရန်သူတပ်များ အားလုံး၏ ရှေ့တွင် ဆင်တော်ကို တန့်ရပ်စေကာ ဆင်ဦးကင်းထက် တက်၍ ဟစ်ကြွေးလိုက်၏။

"ငါ ကုသမင်း အသက်ကို အလိုရှိသူမှန်ရင် ရင်ဖြင့် ဝပ်ကြ"

ထိုသို့ သုံးကြိမ်တိတိ ကြွေးကြော်လိုက်လျှင်ပင် ...

သီဟနာဒ ခြင်္သေ့မင်း၏ ဟောက်သံကို ကြားသော သားကောင်အပေါင်းတို့သည် ခြေဦးတည့်ရာသို့ ထိတ်လန့်ချောက်ချားစွာ ပြေးလွှားကြသကဲ့သို့ ခုနစ်ပြည်ထောင်တပ်တို့သည် ကုသမင်း၏ အသံမှုကိုပင် ဖိန့်ဖိန့်တုန်





ကြောက်ရွံ့လှသည်ဖြစ်၍ ကစင့်ကလျား ပြေးလွှားကြလေရာ၊ တပ်ကြီးများသည် သူ့အလိုလိုပင် ပျက်စီးသွားလေတော့သည်။

ထိတ်လန့်ချောက်ချားခြင်းဖြင့် သွေးပျက်သွားသော ခုနစ်ပြည်ထောင်တပ်တို့သည် အချင်းချင်း ခုတ်ထစ်တိုက်ခိုက်ကြသဖြင့် ရန်သူအရှင်သခင် တစ်ဆင့်ရန်သူများအဖြစ် အစိပ်စိပ်ကွဲသွားလေသည်။

*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြင်းအရာများကို စောင့်ကြည့်တွေ့မြင်ရသော သိကြားမင်းသည် နှစ်သက်ဝမ်းမြောက်လှသည်ဖြစ်သဖြင့် ကုသမင်း၏ လက်ထဲသို့ ဝေရောစန အမည်ရှိ ပတ္တမြားကို ထည့်အပ်ချီးမြှောက်လေသည်။

ကုသမင်းလည်း သိကြားဆက်သော ပတ္တမြားကို ကိုင်ဆုပ်ကာ မြတ်သော ဆင်တော်၏ ကျောက်ကုန်းထက် စီးနင်းလိုက်ပါလျက် သာဂလမြို့တွင်းသို့ ဝင်ခဲ့လေသည်။ ဆင်တော်၏ နောက်တွင်ကား ခုနစ်ပြည်ထောင်မင်းတို့ကို နှောင်ဖွဲ့ ဖမ်းဆီးလာခဲ့၏။ ထို့နောက် နန်းတော်တွင်း ဝင်ရောက်၍ –

ခမည်းတော်မင်းမြတ်ရဲ့ ရန်သူမင်းခုနစ်ပါးတို့ကို အရှင် ဖမ်းဆီးပြီးသုံ့အဖြစ် အပ်နှံပါတယ် အရှင်" ဟု လျှောက်တင်လိုက်သည်။ ထို့နောက် ဆက်၍ –

"ခမည်းတော် မင်းမြတ်ရဲ့ အလိုတော် ဆန္ဒအတိုင်း သားတော် တာဝန်ကျေပွန်ခဲ့ပါပြီ။ ဟောဒီ ရန်သူများကိုလည်း ကောင်းစွာ ဆုံးမခဲ့ပါပြီ။ ခုနစ်ပြည်ထောင် မင်းသုံ့ပန်းတို့ကို ခမည်းတော် လွှတ်တော်မူလိုရင်လည်း လွှတ်ပါ။ သတ်တော်မူလိုရင်လည်း သတ်ပါ။ နှစ်သက်သလို စီရင်တော်မူပါ အရှင်" ဟု လျှောက်၏။

ထိုအခါ မဒ္ဒရာဇ်မင်းကြီးက ခေါင်းတစ်ချက် နှစ်ချက် ညိတ်ကာ ပြန်ဆို၏။

"သားတော် မဟာရာဇ ကုသမင်း၊ စင်စစ်တော့ ဒီခုနစ်ပြည်ထောင်မင်းများဟာ ခမည်းတော်အတွက် ရန်သူမဟုတ်ပါဘူး။ ပဘာဝတီကို အကြောင်းပြု





လို့ သင့်ရဲ့ ရန်သူတွေသာ ဖြစ်ပေတယ်။ သားတော်သည်သာ အလုံးစုံကို အစိုးရသော မဟာရာဇဖြစ်တယ်။ ဒါကြောင့် သားတော်ထံ ပြန်အပ်နှင်းပါတယ်၊ သားတော် အလိုဆန္ဒအတိုင်းသာ ရှိပါစေ"

ဤသို့ပင် တုံ့ပြန်မည်ဟု ကုသမင်း သိထားပြီးဖြစ်၍၊ ထိုသို့ တုံ့ပြန်လျှင် ဘယ်သို့ပြုရမည်ကိုလည်း စဉ်းစားဆုံးဖြတ်ထားပြီး ဖြစ်လေရာ –

"ခမည်းတော်မင်းမြတ် ခုနစ်ပြည်ထောင်မင်းများဟာ ထီးဆောင်း နန်းစိုက်ဘုရင်များ ဖြစ်ကြပါတယ်။ သူတို့ သာဂလပြည်သို့ ရောက်ရှိလာကြခြင်းအတွက် သူတို့အား အကျိုးမဲ့ မဖြစ်စေသင့်ပါ။ ဒါကြောင့် ပဘာဝတီရဲ့ ညီတော် မင်းသမီး ခုနစ်ပါးတို့နဲ့ ခုနစ်ပြည်ထောင်မင်း တစ်ပါး တစ်ပါးစီ လက်ဆက်ပေးတော်မူပါ။ သူတို့အားလုံး အရှင့်ရဲ့ သားမက်တော်များအဖြစ် လက်ခံသိမ်းသွင်း သိမှတ်တော်မူစေလိုပါတယ် အရှင်"

"သားတော် မဟာရာဇ စင်စစ်အားဖြင့် သားတော်သည်သာလျှင် ကျွန်ုပ်တို့အားလုံးကို အစိုးရသော မင်းစကြာဇ်ဖြစ်နေပါပြီ၊ ဒါကြောင့် သမီးတော် ခုနစ်ပါး အရေးမှာလည်း သားတော် အလိုဆန္ဒအတိုင်းသာ ရှိပါစေ"

ကုသမင်းသည် စစ်သေနာပတိကြီးအဖြစ်မှသည် ပုရောဟိတ်ပုဏ္ဏားကြီးအဖြစ် ရောက်ရှိသွား၏။

"မဒ္ဒရာဇ်မင်းကြီးရဲ့ သမီးတော်ခုနစ်ပါးတို့သည် ခုနစ်ပြည်ထောင်မင်းတို့၏ မိဖုရားများအဖြစ် ရောက်ကြစေကုန်။ တစ်ပါးတစ်ပါးစီသော မင်းတို့အတွက် တစ်ပါးတစ်ပါးစီသော သမီးတော်များကို ကျွန်ုပ် ကုသမင်း အပ်နှင်း လက်ဆက်ပေးလိုက်ပြီ"

ခုနစ်ပြည်ထောင်မင်းတို့နှင့်တကွ သမီးတော်ခုနစ်ပါးတို့သည်လည်း ခြင်္သေ့မင်းနှယ်သော ကုသမင်း၏ ကြေညာသံအတိုင်း ကြည်နူးစွာ နာခံကြလေသည်။

ထို့နောက်ကား …

*

သာဂလပြည်မှ ကုသဝတီပြည်သို့ သွားသော လမ်းခရီးတစ်လျှောက် တင့်တယ်စွာသော ရွှေပိန်းချရထားတစ်စီးသည် ရှေ့နောက်ခြံရံလျက် မြင်းဖြူလေးကောင်တို့၏ ချက်ချမှန်မှန် ဆွဲငင်ရာသို့ ငြိမ်ငြိမ်ညင်ညင် ရွေ့လျားနေ၏။

ရထားယာဉ်ပေါ်တွင်ကား …

ကုသမင်းနှင့် ပဘာဝတီ



www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းနတ်မင်းဆက်သသော ဝေဇာရောစန ပတ္တမြားၜ တန်ခိုးအာနုဘော်အားဖြင့် ကုသမင်းသည်လည်း တုဖက်ကင်းသော အရုပ်ဆိုးအကျည်းတန်အသွင် ကွယ်ပျောက်လျက် တုဖက်ကင်းသော နတ်လုလင်တမျှ ချောမောခံ့ညားသည့် ရုပ်သွင်ပိုင်ရှင် ဖြစ်ခဲ့လေပြီ။

ပဘာဝတီ၏ အလှကျက်သရေသည်လည်း ချစ်ခြင်းမေတ္တာ၏ အာနုဘော်အားဖြင့် ဆတက်ထမ်းပိုး တင့်တယ်ဝင်းပ တုပယှဉ်ဖက်ခဲ့ အလှဒေဝီ ဖြစ်ခဲ့လေပြီ။

မင်း မိဖုရားနှစ်ပါးတို့၏ ရထားနောက် ငွေရောင် ရထားထက်တွင် စီးနင်းလိုက်ပါလာသော ခုဇ္ဇာသည် တတွတ်တွတ် ရေရွတ်လျက် –

"ကြည့်ပါဦးတော် သမီး ပဘာတို့များ သူ့မောင်တော်ကြီးကို ပွေ့ဖက်လို့ ခုဇ္ဇာကို သူမေ့ပြီလေ။ ခုဇ္ဇာရှိမှန်း သူ သတိမရတော့ဘူးလေ။ ဟွန်း … ပြောမပြောချင်ဘူး။ သူတို့ချင်း ဖူးစာဆုံရအောင် သွယ်ပေးတဲ့ ကျေးဇူးရှင်က ကျုပ်ပါတော့။ ဟောဒီက ခုဇ္ဇာကြီးပါ။ အခုတော့ သူ့တို့က ကျုပ်ကို ရှိတယ်တောင် မထင်။ အေလေ … ကျုပ် လုပ်ပေးလို့ သူ့တို့ ဟင်း … ဟင်း … ညားသွားကြတာမို့ ခုဇ္ဇာတို့ ဝမ်းသာပါ့ … ဝမ်းသာပါ့။ ဩော် … သမီးလေး ပဘာ သာဂလဒေဝီလေး … သာဂလဒေဝီလေး"

ပြီးပါပြီ

**ထပ်ဆင့်ဇာတ်သိမ်း**

ကုသဇာတ်ဓမ္မဒေသနာကို ဆောင်တော်မူကာ သစ္စာတို့ကို ပြတော်မူပြီးသည်၏ အဆုံး၌ သာသနာတော်၌ ညည်းငွေ့ဆန့်ကျင် မပျော်ရွှင်ဖြစ်ကာ လူထွက်ချင်နေသော ရဟန်းလည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရားရှင်က ဇာတ်ကို ပေါင်းတော်မူလေသည်။

"ယခုအခါ မြတ်သော သာကီဝင်မင်းမျိုး ဖြစ်ကုန်သော မယ်တော် ခမည်းတော်တို့သည် ထိုအခါ မယ်တော် ခမည်းတော် ဖြစ်မူးကုန်ပြီ။ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားနတ်မင်း ဖြစ်မူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ ညီတော် ဇယမ္ပတိဖြစ်မူးပြီ၊ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ ပဘာဝတီဖြစ်မူးပြီ။ ယခုအခါ ငါဘုရားပရိသတ်သည် ထိုအခါ ပရိသတ်ဖြစ်မူးပြီ ယခုအခါ ငါ ဘုရားသည်လျှင် ထိုအခါ ကုသမင်းဖြစ်မူးပြီ"

ပြီးပါပြီ။

www.burmeseclassic.com